# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**ချမ်းသာခြင်းအကြောင်းတရား**

သီလရှိခြင်းသည် အိုသည့်တိုင်အောင် ချမ်းသာ၏၊ အခိုင်အမြဲတည်သော သဒ္ဓါတရားရှိခြင်းသည် ချမ်းသာ၏၊ အသိဉာဏ်ပညာကို ရခြင်းသည် ချမ်းသာ၏၊ မကောင်းမှုကို မပြုခြင်းသည် ချမ်းသာ၏။

နာဂဝဂ်(ဓမ္မပဒ-၃၃၃)


၁၃၈၅ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၃ ရက်၊ တနင်္ဂနွေနေ့။ Sunday, 28 January 2024 ၁၁၃၅၄


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ (၇၆)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲတွင် တိပိဋကဓရ တိပိဋကကောဝိဒ ဘွဲ့တံဆိပ်တော်မြတ် အလှူခံရရှိတော်မူမည့် ဘဒ္ဒန္တပညာသိရီလင်္ကာရဆရာတော်ထံသို့ ပေးပို့ဆက်ကပ်သည့် ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာ**


စာမျက်နှာ » ၃


# (၂၃) ကြိမ်မြောက် ဝိဇ္ဇာနှင့်သိပ္ပံ သုတေသနညီလာခံ ဆုချီးမြှင့်ပွဲနှင့် ဂုဏ်ပြုညစာစားပွဲ အခမ်းအနား ကျင်းပ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်ချီးမြှင့်

နေပြည်တော် ဇန်နဝါရီ ၂၇

ပညာရေးဝန်ကြီးဌာန (၂၃) ကြိမ်မြောက် ဝိဇ္ဇာနှင့်သိပ္ပံ သုတေသနညီလာခံ ဆုချီးမြှင့်ပွဲနှင့် ဂုဏ်ပြုညစာစားပွဲအခမ်းအနားကို ယနေ့ညပိုင်းတွင် နေပြည်တော်ရှိ Naypyitaw State Academy ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်ချီးမြှင့်သည်။

**တက်ရောက်**

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ဇနီး၊ ကောင်စီအဖွဲ့ဝင်များနှင့်ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ အဆင့်မြင့်တပ်မတော် အရာရှိကြီးများ၊


စာမျက်နှာ ၄ ကော်လံ ၁ သို့ ★




**ရင်းရင်းနှီးနှီးနှုတ်ဆက်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ဝါရင့်ပညာရှင်ကြီးများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။




ကြေးမုံ

# စည်းလုံးညီညွတ်သည့် ပြည်သူ့လုံခြုံရေးစနစ်

မြန်မာနိုင်ငံတွင် ၂၀၂၀ ခုနှစ်၌ ဖြစ်ပေါ်ခဲ့သည့် နိုင်ငံရေးအပြောင်းအလဲများကို အကြောင်းပြု၍ ပဋိပက္ခများဖြစ်ပေါ်လာသည်။ ပဋိပက္ခဖြစ်စဉ်များ၏ အခြေခံမှာ ဆူပူဆန္ဒပြမှုအဆင့်မှ အကြမ်းဖက်မှုဖြစ်စဉ်အထိဖြစ်ပေါ်လာခဲ့သည်။ ထိုမှတစ်ဆင့် ပွဲလန့်တုန်းဖျာခင်းလိုသည့်၊ တိုင်းပြည်တည်ငြိမ်အေးချမ်းမှုကို ပြိုကွဲပျက်စီးစေလိုသည့်၊ နိုင်ငံရေးအမြတ်ထုတ်လိုသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့က ဆူပူအကြမ်းဖက်သည့်လူငယ်များကို အကြမ်းဖက်လမ်းစဉ်ပေါ်သို့ တွန်းပို့ပေးခဲ့သည်။

အလားတူ နိုင်ငံရေးအမြတ်ထုတ်လိုသည့်၊ အာဏာကို ဖြတ်လမ်းနည်းဖြင့် ရယူလိုသည့် အစွန်းရောက်နိုင်ငံရေးသမားများက CRPH/NUG အကြမ်းဖက်အဖွဲ့ကို ဖွဲ့စည်းပြီး PDF အမည်ခံလူငယ်များကို မြှောက်ပင့်ထောက်ပံ့ပေးပြီး အကြမ်းဖက်လမ်းစဉ်ကြီးထွားလာအောင် ပြုလုပ်ပေးခဲ့သည်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့က ဆူပူအကြမ်းဖက်သည့် လူငယ်များအား အကြမ်းဖက်သင်တန်းများ ဖွင့်လှစ်ပေးခြင်း၊ လက်နက်ခဲယမ်းများ ထောက်ပံ့ပေးခြင်းများပြုလုပ်ပြီး ၎င်းတို့နှင့်အတူ လက်နက်ကိုင်သောင်းကျန်းမှုများလုပ်ကိုင်လာသည်။ ၂၀၂၃ ခုနှစ်တွင် နိုင်ငံအတွင်းရှိ အချို့မြို့နယ်များ၌ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များ ပေါ်ပေါက်လာသည်။

အကြမ်းဖက်တိုက်ခိုက်မှုများ ပြုလုပ်လာသောကြောင့် ပဋိပက္ခဖြစ်ပွားသည့်ဒေသများတွင် ပြည်သူများ၏ အခြေခံအဆောက်အအုံများ ပျက်စီးဆုံးရှုံးသည့်အပြင် တိုင်းရင်းသားပြည်သူများပါ ထိခိုက်သေဆုံးမှု၊ စစ်ဘေးရှောင်ဒုက္ခရောက်ရမှုများ ဖြစ်ပေါ်ခဲ့သည်။ တစ်ဖက်တွင် သတင်းတု၊ သတင်းမှားဖြန့်ဝေပြီး ပြည်သူလူထုကြောက်ရွံ့အောင် ဆောင်ရွက်ခြင်းများအပြင် အခြားသောနည်းလမ်းမျိုးစုံတို့ဖြင့် အစိုးရအုပ်ချုပ်ရေးယန္တရားပျက်ယွင်းအောင် လုပ်ဆောင်နေမှုများကို လုံခြုံရေးအရ သတိပြုကြရမည်ဖြစ်သည်။ နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးကိုရှေးရှု၍ ပူးပေါင်းလက်တွဲကာကွယ်ကြရမည်ဖြစ်သည်။

နိုင်ငံတော်နှင့်ပြည်သူများကို ကာကွယ်စောင့်ရှောက်ရန်အတွက် ပြည်သူ့လုံခြုံရေးစနစ်သည် အရေးပါသည့်စနစ်တစ်ခုဖြစ်သည်။ "ပြည်သူ့လုံခြုံရေးစနစ်သည် အရေးကြီးပြီး ပြည်သူလူထု၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် လုံခြုံရေးတာဝန်ရှိသူများအားလုံး ညီညီညွတ်ညွတ်ဖြင့် စည်းလုံးမှုရှိပါက လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းရပ်များသည်လည်း အောင်မြင်နိုင်မည်ဖြစ်ကြောင်း" နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၄) တွင် ပြောကြားခဲ့သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) အခန်း (၁) နိုင်ငံတော်၏အခြေခံမူများ အပိုဒ်(၂၀) (ဃ)တွင် "တပ်မတော်သည် နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတွင် ပြည်သူတစ်ရပ်လုံးပါဝင်ရေးအတွက် စီမံဆောင်ရွက်ခွင့်ရှိသည်။" အပိုဒ်(၂၁) (ဂ) တွင် "ပြည်သူတို့၏ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့သည် နိုင်ငံသားတိုင်း၏တာဝန်ဖြစ်သည်"ဟုပြဋ္ဌာန်းထားသည်။ ထို့အပြင် အခန်း(၈) နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့်တာဝန်များ အပိုဒ်(၃၈၃)တွင် "နိုင်ငံသားတိုင်းသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို စောင့်ထိန်းရန်တာဝန်ရှိသည်။ အပိုဒ်(၃၈၅)တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေးတို့ကို ကာကွယ်စောင့်ရှောက်ရေးသည် နိုင်ငံသားတိုင်း၏ တာဝန်ဖြစ်သည်" ဟုပြဋ္ဌာန်းထားသည်။

သို့ဖြစ်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသည့် ကျန်းမာသန်စွမ်းသောနိုင်ငံသားတိုင်းသည် နိုင်ငံ့အရေးပေါ်ပေါက်လာသည့်အခါတွင် နိုင်ငံတော်ကာကွယ်စောင့်ရှောက်ရေး၊ ပြည်သူများ အသက်အိုးအိမ်စည်းစိမ်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ကြရန် လိုအပ်ပါသည်။ တပ်မတော်သည် ပြည်ပရန်ကိုကာကွယ်ရန် အဓိကတာဝန်ရှိသော်လည်း မြန်မာနိုင်ငံ၏သမိုင်းကြောင်းနောက်ခံအခြေအနေများအရ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့်အတူ ပြည်တွင်းလုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးလုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်နေခြင်းဖြစ်သည်။

ပြည်သူလူထုနှင့်အများဆုံးထိတွေ့ရသည်မှာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များဖြစ်ပြီး ပြည်သူလူထုအကျိုးကို ဆောင်ရွက်နေကြသည့် ဒေသအလိုက်အုပ်ချုပ်ရေးအဖွဲ့များနှင့်အတူပူးပေါင်းလက်တွဲ၍ ပြည်သူလူထု လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို ထိရောက်စွာဆောင်ရွက်ကြရမည်ဖြစ်သည်။ ထို့အပြင် နိုင်ငံတော်အကျိုး၊ ပြည်သူ့အကျိုးကို ကာကွယ်စောင့်ရှောက်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်း ပြည်သူအားလုံးပါဝင်သည့် ပြည်သူ့လုံခြုံရေးစနစ်ကို ဖော်ဆောင်ရန်လိုအပ်သည်။ ပြည်သူ့လုံခြုံရေးစနစ်ကို စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်ပြီး ပြည်သူ့လုံခြုံရေးစနစ်မှတစ်ဆင့် ပြည်သူ့ကာကွယ်ရေးစနစ်သို့ ဖော်ဆောင်၍ တိုင်းပြည်တည်ငြိမ်အေးချမ်းအောင် လက်တွဲဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။




## ၂၀၂၄ ခုနှစ်၊ (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုကြီးထာဝစဉ်တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ကာကွယ်စောင့်ရှောက်ရေး။

(၂) တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့်တရားဥပဒေစိုးမိုးရေးတို့ အပြည့်အဝရရှိစေရန်အတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူအတူတကွ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

(၃) တိုင်းရင်းသားပြည်သူအားလုံး၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများနှင့် MSME အခန်းကဏ္ဍတို့ မြှင့်တင်ဆောင်ရွက်ရေး။

(၄) နိုင်ငံတော်၏အမျိုးသားရေးရည်မှန်းချက်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

(၅) ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်ပေါ်လာရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာရေး တိုင်းရင်းသားအားလုံး ဝိုင်းဝန်းဆောင်ရွက်ရေး။

## ဇလွန်မြို့နယ်၌ နွေစပါးသွင်းအားစုပေးအပ်ပွဲအခမ်းအနား ကျင်းပ

ဇလွန် ဇန်နဝါရီ ၂၇

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်တွင် ၂၀၂၃-၂၀၂၄ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ဧကများအား လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နွေစပါးသွင်းအားစု ယူရီးယား ကွန်ပေါင်းမြေဩဇာနှင့် သဘာဝမြေဩဇာပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက အခြေခံပညာအထက်တန်းကျောင်း(ခွဲ)မဟာသာလေး၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးနှင့် ကြီးကြပ်မှုလုပ်ငန်း အကောင်အထည်ဖော်ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်သန်းဝင်းက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးနှင့် ကြီးကြပ်မှုလုပ်ငန်း အကောင်အထည်ဖော်ရေး ကော်မတီအတွင်းရေးမှူး ဦးသော်ဇင်မောင်က သွင်းအားစုများ စနစ်တကျ အချိန်ကိုက်အချိုးကျ ထည့်သွင်းနိုင်ရေးနှင့် အထွက်နှုန်းတိုးတက်ရေးအတွက် ရှင်းလင်းပြောကြားသည်။

ယင်းနောက် တောင်သူများအား ခရိုင်စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးနှင့် ကြီးကြပ်မှုလုပ်ငန်း အကောင်အထည်ဖော်ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်သန်းဝင်းနှင့် တာဝန်ရှိသူများက နွေစပါး သွင်းအားစုများ ပေးအပ်ပြီး တောင်သူကိုယ်စားလှယ်တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် ခရိုင်စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးနှင့် ကြီးကြပ်မှုလုပ်ငန်း အကောင်အထည်ဖော်ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်သန်းဝင်းနှင့် တာဝန်ရှိသူများသည် မေရီလန်းကျေးရွာနှင့် အစုကြီးကျေးရွာတို့တွင် ၂၀၂၃-၂၀၂၄ ဆောင်းနေကြာ Supersun-41 စုစုပေါင်း စံပြစိုက်ခင်း ၁၀ ဧက အောင်မြင်ဖြစ်ထွန်းနေမှုကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ဇလွန်(ပြန်/ဆက်)**

ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** | - ဦးစိုးစိုးနိုင် | **အကြီးတန်း သတင်းထောက်များ** | - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| **စာတည်းမှူး** | - ဦးဝင်းနိုင် | **အငယ်တန်း သတင်းထောက်များ** | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| **စာတည်းများ** | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | **သုတေသန** | - ဒေါ်ဇင်မာဝင့် |
| **ဘာသာပြန် စာတည်းများ** | - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | **စာပြင်** | - ဒေါ်မြသီတာနှင့်အဖွဲ့ |
| | | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့ |
| | | **အီးမေးလ်နှင့် အွန်လိုင်း** | - ဦးစိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com

www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁

ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂

မန်နေဂျာ - ၀၁-၈၆၁၀၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ (၇၆)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲတွင် တိပိဋကဓရ တိပိဋကကောဝိဒ ဘွဲ့တံဆိပ်တော်မြတ်အလှူခံရရှိတော်မူမည့် ဘဒ္ဒန္တပညာသိရီလင်္ကာရဆရာတော်ထံသို့ ပေးပို့ဆက်ကပ်သည့် ဂုဏ်ယူဝမ်းမြောက်ကြောင်းသဝဏ်လွှာ

၂၀၂၄ ခုနှစ် ဇန်နဝါရီလ ၂၇ ရက်

ဝမ်းမြောက်စွာလျှောက်ထားအပ်ပါသည်ဘုရား -

ယခုနှစ် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကို ယမန်နှစ်ကုန်ပိုင်းနှင့် ယခုနှစ်နှစ်ဦးအစတွင် ရန်ကုန်မြို့၊ ကမ္ဘာအေးကုန်းမြေ၊ ဆဋ္ဌသင်္ဂါယနာ မဟာပါသာဏ လိုဏ်ဂူသိမ်တော်ကြီးတွင် ကျင်းပနေကြောင်း သိရှိရပါသည်ဘုရား။

တပည့်တော်အနေဖြင့် မြန်မာနိုင်ငံတွင်သာမက ကမ္ဘာပေါ်တွင် အဆင့်မြင့်ဆုံး ရက်အရှည်ဆုံးကျင်းပသည့် တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲကြီးတွင် တိပိဋကဓရဘွဲ့တံဆိပ်တော်ရ၊ တိပိဋကကောဝိဒ ဘွဲ့တံဆိပ်တော်ရ ဆရာတော်များ ပေါ်ထွန်းစေချင်သည့် ဆန္ဒရှိပါသည်ဘုရား။

ထို့ကြောင့်ပင် တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးအဖွဲ့ ဆရာတော်ကြီးများ အပြီးသတ်ဆုံးဖြတ်၍ ထုတ်ပြန်လာမည့် အောင်စာရင်းစောင့်မျှော်နေခဲ့ရာ ဆရာတော်သည် ယခုနှစ် (၇၆)ကြိမ်မြောက် ကျင်းပသော စာမေးပွဲကြီးတွင် အဘိဓမ္မာနောက်ပိုင်းဖြစ်သော ယမကနှင့်ပဋ္ဌာနပဟူသော ခက်ခဲနက်နဲလှသော ကျမ်းနှစ်ဆူ၏ ခက်ရာခက်ဆစ်သဘောအဓိပ္ပာယ်များကို အောင်မြင်စွာဖြေဆိုနိုင်ခဲ့သဖြင့် တိပိဋကဓရ တိပိဋကကောဝိဒဘွဲ့တံဆိပ်တော်၊ အောင်လက်မှတ်၊ အရိုးဝါကနက္ကဒဏ်ထီးဖြူတော် (၃)လက် အမှတ်တံဆိပ်ပါ သာသနာ့အောင်လံတော်ကို ခံယူရရှိမည်ဖြစ်သောကြောင့် အတိုင်းမသိ ဂုဏ်ယူဝမ်းမြောက်ကာ ဖရဏာပီတိဂွမ်းဆီထိသကဲ့သို့ ခံစားရပါသည်ဘုရား။

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနရှိ အချက်အလက်များအရ ဆရာတော်သည် စစ်ကိုင်းတိုင်းဒေသကြီး၊ မြင်းမူမြို့နယ်၊ ခွက်ခွင်းစံပြကျေးရွာတွင် ဖွားမြင်တော်မူခဲ့ကြောင်း၊ ၁၃၄၆-ခုနှစ်တွင် မုံရွာမြို့ ပဒ္ဓေါတာရုံကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တနာဂဝံသ(အဂ္ဂမဟာပဏ္ဍိတ)ကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့ကြောင်း၊ ဆရာတော်သည် သာမဏေကျော်၊ သာသနဓဇဓမ္မာစရိယ၊ ဝိနယဓရ၊ ဝိနယကောဝိဒ၊ ဒီဃဘာဏက၊ ဒီဃနိကာယကောဝိဒ စသည့်ဘွဲ့တော်များ အောင်မြင်ရရှိတော်မူပြီး ဆက်လက်၍ အားထုတ်တော်မူရာ ၁၃၇၃-ခုနှစ် ကျင်းပသော (၆၄)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲတွင် သင်ရိုးပိဋကတ်သုံးပုံဟုဆိုအပ်သော ဝိနည်းငါးကျမ်း၊ သုတ်သုံးကျမ်း၊ အဘိဓမ္မာခုနစ်ကျမ်းတို့ကို ခက်ခဲနက်နဲစွာလေ့လာကျက်မှတ်၍ သတ်မှတ်အချိန် သတ်မှတ်ရက်အတွင်း သတ်မှတ်စာမျက်နှာ သတ်မှတ်ကျမ်းစာများကို အာဂုံပြန်ဆိုနိုင်ခဲ့ပြီး အာဘိဓမ္မိက ဘွဲ့တံဆိပ်တော်နှင့် တိပိဋကဓရဘွဲ့တံဆိပ်တော်တို့ကို ရရှိတော်မူခဲ့ကြောင်း သိရှိရပါသည်ဘုရား။

တပည့်တော်များ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရလက်ထက် ယခုနှစ်ကျင်းပသော (၇၆)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲတွင် သင်ရိုးပိဋကတ်တော်များ၏ အဖွင့်ကျမ်းများဖြစ်သော အဋ္ဌကထာ၊ ဋီကာ၊ အနု ဋီကာ၊ ယောဇနာ၊ ဂဏ္ဌိ၊ နိဿယများလာ ခက်ခဲနက်နဲသော သဘောအဓိပ္ပာယ်တို့ကို ဆရာတော်၏ သဒ္ဓါစွမ်းအား၊ သတိစွမ်းအား၊ သမာဓိစွမ်းအား၊ ပညာစွမ်းအားတို့ဖြင့် ဖြေဆိုအောင်မြင်ခဲ့ပြီးဖြစ်၍ နိုင်ငံတော်မှ ဆက်ကပ်သော တိပိဋကဓရ တိပိဋကကောဝိဒ ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူမည်ဖြစ်ရာ ဆရာတော်သည် ပရိယတ္တိ သာသနာအတွက် တပည့်ရဟန်းသံဃာများအား စာပေပို့ချခြင်းစသော သာသနာပြုလုပ်ငန်းများ ကျန်းမာချမ်းသာစွာဖြင့် ဆောင်ရွက်တော်မူနိုင်ပါမည့်အကြောင်း ယခုကဲ့သို့ တိပိဋကဓရ တိပိဋကကောဝိဒ ဘွဲ့တံဆိပ်တော် ဆွတ်ခူးရရှိတော်မူသဖြင့် (၁၆)ပါးမြောက် တိပိဋကဓရ တိပိဋကကောဝိဒ သာသနာ့အာဇာနည်အဖြစ် ပေါ်ထွန်းလာခြင်းကိုလည်း အထူးပင်ဂုဏ်ယူဝမ်းမြောက်ကြောင်း ထပ်လောင်းလျှောက်ထားအပ်ပါသည်ဘုရား။

မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## တိပိဋကဓရ တိပိဋကကောဝိဒ ဘွဲ့တံဆိပ်တော်ရရှိတော်မူသော ဆရာတော်ထံသို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ဆက်ကပ်ပေးပို့သည့် ဂုဏ်ယူဝမ်းမြောက်ကြောင်းသဝဏ်လွှာ ဆက်ကပ်သည့်အခမ်းအနား ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၇

(၇၆)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲတွင် တိပိဋကဓရ တိပိဋကကောဝိဒ (၁၆)ပါးမြောက် ဘွဲ့တံဆိပ်တော်မြတ် ရရှိတော်မူသည့် ဆရာတော်ထံ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ဆက်ကပ်ပေးပို့သည့် ဂုဏ်ယူဝမ်းမြောက်ကြောင်းသဝဏ်လွှာ ဆက်ကပ်သည့် အခမ်းအနားအား ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် မင်းကွန်းတိပိဋကနိကာယကျောင်း၌ ကျင်းပသည်။

ဖတ်ကြားလျှောက်ထား

ဦးစွာ အခမ်းအနားအား ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများက နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်



ဦးစိုးသိန်းက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ဆက်ကပ်ပေးပို့သည့် ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာအား ဖတ်ကြားလျှောက်ထားသည်။

ဆက်ကပ်

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က တိပိဋကဓရ တိပိဋကကောဝိဒ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ဘဒ္ဒန္တပညာသိရီလင်္ကာရအား ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာအား ဆရာတော်ထံ ဆက်ကပ်သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများက ဆရာတော်အားလှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူတော်ငွေများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ဆရာတော်က သမ္ဗုဒ္ဓေ ဝိယောဝိဝဓ္ဓန္နံ အစရှိသော ဂါထာတော်အားရွတ်ဆိုပြီး သဝဏ်လွှာ ဆက်ကပ်သည့် အခမ်းအနားအား ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွက်ဆို ဆုတောင်း၍ အောင်မြင်စွာ ပြီးဆုံးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## လက်ရှိကာလ အပန်းဖြေအနားယူ ခရီးသွားသည့် ပြည်သူများထဲတွင် ကုမ္ပဏီဝန်ထမ်းအများစု ပါဝင်

ရန်ကုန် ဇန်နဝါရီ ၂၇

လက်ရှိကာလ အပန်းဖြေအနားယူ ခရီးသွားသည့် ပြည်သူများထဲတွင် ကုမ္ပဏီဝန်ထမ်းအများစု ပါဝင်နေကြောင်း ဟိုတယ်နှင့် ခရီးသွားလာရေးနယ်ပယ်ရှိ လုပ်ငန်းများထံ ဆက်သွယ်မေးမြန်းထားသည့် အချက်အလက်များအရ သိရသည်။

ယခုနောက်ပိုင်းကာလတွင် ကုမ္ပဏီဝန်ထမ်းများသည် နီးစပ်ရာအစုအဖွဲ့အလိုက် ခရီးသွားဝန်ဆောင်မှုလုပ်ငန်းများနှင့် ချိတ်ဆက်ကာ သွားလာကြခြင်းမျိုး ဖြစ်ကြောင်းလည်း သိရသည်။

“လက်ရှိ ကုမ္ပဏီဝန်ထမ်းတွေ ခရီးသွားကြတာများတယ်။ ပြည်တွင်းရော၊ ပြည်ပရော ခရီးစဉ်တွေ များကြတယ်။ ပြည်တွင်း အသွားများတာကတော့ တောင်ကြီး၊ အင်းလေး၊ ချောင်းသာ၊ ငွေဆောင်၊ ပုဂံ ဒေသတွေကို သွားကြတာများတယ်”ဟု ခရီးသွားလုပ်ငန်းတစ်ခုမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ကိုဗစ်ကာလတွင် ခရီးသွားလုပ်ငန်းများရပ်ဆိုင်းခဲ့ရပြီး ကိုဗစ်လွန်ကာလတွင် နိုင်ငံတော်မှ ခရီးသွားကဏ္ဍကို ပြန်လည်ဖော်ဆောင်ခဲ့ရာ ပြည်တွင်းခရီးသွားလုပ်ငန်းများလည်း ပြန်လည်များပြားလာကြောင်း သိရသည်။

“လက်ရှိမှာ ပြည်တွင်းခရီးသွားတွေက အရင်ထက် ပိုများလာတယ်။ ပြည်ပကလည်း အရင်ထက်တော့ ပိုပြီးလာကြတယ်။ ဒါကြောင့် ခရီးသွားလုပ်ငန်းအတွက် မျှော်လင့်ချက်တွေရှိလာနေပါတယ်”ဟု ခရီးသွားလုပ်ငန်း နယ်ပယ်မှ တာဝန်ရှိသူ တစ်ဦးက ပြောသည်။

သစ်တော်

❖

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

နေပြည်တော် ဇန်နဝါရီ ၂၇

စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် အရှေ့ပိုင်း)၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်သည်။ မိုး/ဇလ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် (၁၇)ကြိမ်မြောက် မြန်မာနိုင်ငံ ဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့ ဆုရရှိသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ဇနီး ဒေါ်ကြူကြူလှ မြန်မာဘာသာရပ်နှင့် အင်္ဂလိပ်ဘာသာရပ်တို့တွင် အကောင်းဆုံးစာတမ်းဆုရရှိသူ တစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။

★ရှေ့ဖုံးမှ

နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ မြန်မာနိုင်ငံဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ စာတမ်းရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ဆုချီးမြှင့်ပွဲအခမ်းအနားကို ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က (၁၇)ကြိမ်မြောက် မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့ ဆုရရှိသူများဖြစ်ကြသည့် ဒေါက်တာထက်ထက်သန်းစိန်၊ ဒေါက်တာဇော်ဇော်သိန်း၊ ဒေါက်တာအိအိဖြိုး၊ ဒေါက်တာဝင့်ဝါဝါထွန်း၊ ဒေါက်တာနန်းယဉ်ယဉ်မိုး၊ ဒေါက်တာချိုမာလွင်၊ ဒေါက်တာခင်မို့မို့နှင့် ဒေါက်တာဟိန်းလတ်တို့ကိုလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီးက မြန်မာဘာသာရပ်နှင့် အင်္ဂလိပ်ဘာသာရပ်တို့တွင် အကောင်းဆုံး စာတမ်းဆုများရရှိကြသည့် ဒေါက်တာမြမြဝင်း၊ ဒေါက်တာအေးစုငြိမ်း၊ ဦးခင်အေးနှင့် ဒေါ်ကေခိုင်ငြိမ်းတို့ကိုလည်းကောင်း ဆုများပေးအပ်ချီးမြှင့်သည်။

**စာတမ်းရှင်များကို ဆုများပေးအပ်ချီးမြှင့်**

ထို့နောက် ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဒုတိယဗိုလ်ချုပ်ကြီးညို့စော၊ ပိုးရယ်အောင်သိန်း၊ မန်းငြိမ်းမောင်၊ ဒေါက်တာမှုထန်၊ ဒေါက်တာဘရွှေနှင့် ဦးရန်ကျော်၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး ဇွဲဝင်းမြင့်၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးကိုကိုလှိုင်၊ ဗိုလ်ချုပ်ကြီး မိုးအောင်နှင့် ဒေါက်တာညွန့်ဖေတို့က ဘာသာရပ်များအလိုက် ပထမ၊ ဒုတိယ၊ တတိယနှင့် ဂုဏ်ပြုဆုရရှိကြသည့် စာတမ်းရှင်များကို ဆုများပေးအပ်ချီးမြှင့်ကြသည်။

စာမျက်နှာ ၅ သို့ ○



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး ဘာသာရပ်အလိုက် ဆုရရှိသည့် စာတမ်းရှင်တစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးမြထွန်းဦး ဘာသာရပ်အလိုက် ဆုရရှိသည့် စာတမ်းရှင်တစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးတင်အောင်စန်း ဘာသာရပ်အလိုက် ဆုရရှိသည့် စာတမ်းရှင်တစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး ညို့စော ဘာသာရပ်အလိုက် ဆုရရှိသည့် စာတမ်းရှင်တစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ပိုးရယ်အောင်သိန်း ဘာသာရပ်အလိုက် ဆုရရှိသည့် စာတမ်းရှင်တစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် မန်းငြိမ်းမောင် ဘာသာရပ်အလိုက် ဆုရရှိသည့် စာတမ်းရှင်တစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။

❍ စာမျက်နှာ ၄ မှ

ယင်းနောက် ဂုဏ်ပြုညစာစားပွဲအခမ်းအနားကို ဆက်လက်ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့သည် ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ ဂုဏ်ပြုညစာကို အတူတကွသုံးဆောင်ကြသည်။

ညစာမသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက တေးသံသာများ၊ အကအလှများဖြင့် သီဆိုတီးမှုတ်ကပြဖျော်ဖြေကြသည်။

ဂုဏ်ပြုညစာစားပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့သည် ဖျော်ဖြေတင်ဆက်ခဲ့ကြသည့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များကို ချီးမြှင့်ငွေများပေးအပ်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် ဝါရင့်ပညာရှင်ကြီးများနှင့် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



(၂၃) ကြိမ်မြောက် ဝိဇ္ဇာနှင့် သိပ္ပံသုတေသနညီလာခံ ဆုချီးမြှင့်ပွဲနှင့် ဂုဏ်ပြုညစာစားပွဲအခမ်းအနား ကျင်းပစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ဝါရင့်ပညာရှင်ကြီးများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဂုဏ်ပြုညစာစားပွဲတွင် ဖျော်ဖြေတင်ဆက်ခဲ့ကြသည့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များကို ချီးမြှင့်ငွေများပေးအပ်စဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒေါက်တာမှုထန် ဘာသာရပ်အလိုက် ဆုရရှိသည့် စာတမ်းရှင်တစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒေါက်တာဘရွှေ ဘာသာရပ်အလိုက် ဆုရရှိသည့် စာတမ်းရှင်တစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဦးရန်ကျော် ဘာသာရပ်အလိုက် ဆုရရှိသည့် စာတမ်းရှင်တစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။

## ပြီးခဲ့သည့်နှစ်အတွင်း မီးနီသုံးကြိမ်အထက်ဖြတ်မောင်းသည့် YBS ယာဉ်မောင်း ၁၀၀ ကျော်ကို အလုပ်ထုတ်ပယ်

ရန်ကုန် ဇန်နဝါရီ ၂၇

၂၀၂၃ ခုနှစ်အတွင်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းမလိုက်နာဘဲ မီးနီ သုံးကြိမ်အထက်ဖြတ်မောင်းသည့် YBS ယာဉ်မောင်း ၁၁၀ ကို ယာဉ်မောင်းမှထုတ်ပယ်လိုက်ကြောင်း ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေးကြီးကြပ်မှုကော်မတီ YRTC မှ တွဲဖက်အတွင်းရေးမှူး ဦးလျှန်ကျင့်မန်က ပြောသည်။

ယာဉ်တိုက်ခိုက်မှုကြောင့် လူသေခြင်းများ၊ မီးနီ သုံးကြိမ် ဖြတ်မောင်းခြင်းများ စသည့် ဖြစ်စဉ်များအတွက် YBS ယာဉ်မောင်းအဖြစ်မှ ထုတ်ပယ်ပြီး အရေးယူခဲ့ခြင်းဖြစ်သည်။

"ယာဉ်တိုက်မှုကြောင့် လူသေတာ၊ မီးနီသုံးကြိမ်ဖြတ်မောင်းတာဆို YBS ယာဉ်မောင်းအဖြစ်က ထုတ်ပယ်ပါတယ်။ စည်းကမ်းမလိုက်နာတဲ့ယာဉ်မောင်းတွေဆိုတာ အဓိကကတော့ယာဉ်တိုက်မှုဖြစ်တယ်၊ လူသေတယ်ဆိုရင် စုံ/ခုံဖွဲ့ပါတယ်။ စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့ပြီးတော့ စစ်ဆေးတွေ့ရှိချက်၊ သဘောထားမှတ်ချက်အပေါ်မှာအရေးယူတာဖြစ်ပါတယ်"ဟု ၎င်းက ပြောသည်။

မီးနီဖြတ်မောင်းခြင်းသည်ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းတွင်ကြီးလေးသည့် အမှုဖြစ်ပြီး မီးနီ သုံးကြိမ်အထက် ဖြတ်မောင်းသူယာဉ်မောင်းများအား YBS ယာဉ်မောင်းခွင့်ပိတ်ပင်ခြင်းကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**MT**

# (၇၆)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲ အောင်စာရင်းထုတ်ပြန်ကြေညာ

**နေပြည်တော် ဇန်နဝါရီ ၂၇**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကျင်းပပြုလုပ်သည့် (၇၆)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲကို ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၂၆ ရက်မှ ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၂၇ ရက်အထိ ကျင်းပခဲ့သည်။

တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲတွင် အဘိဓမ္မကောဝိဒ၊ တိပိဋကဓရ တိပိဋကကောဝိဒ(ပိဋကသုံးပုံရေးဖြေအောင်-၁ ပါး)၊ ဒီဃနိကာယကောဝိဒ(ပိဋကနှစ်ပုံရေးဖြေအောင်-၃ ပါး) ဝိနယကောဝိဒ(ပိဋကတစ်ပုံ ရေးဖြေအောင်-၅ ပါး)၊ ဥဘတောဝိဘင်္ဂကောဝိဒ (ဝိနည်းပထမပိုင်းရေးဖြေအောင်-၇ ပါး)၊ မူလအာဘိဓမ္မိက(အဘိဓမ္မာ ပထမပိုင်းအာဂုံအောင်-၅ ပါး)၊ ဒီဃဘာဏက (ပိဋကနှစ်ပုံ အာဂုံအောင်-၉ ပါး)၊ ဝိနယဓရ(ပိဋက တစ်ပုံအာဂုံအောင်-၃၁ ပါး)၊ ဥဘတောဝိဘင်္ဂဓရ(ဝိနည်းပထမပိုင်းအာဂုံအောင်-၅၁ ပါး) စုစုပေါင်း ၁၁၂ ပါး အောင်မြင်ခဲ့ကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

**သတင်းစဉ်**

## (၇၆)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲ (သဘောရေးဖြေ) စာရင်းသွင်း၊ ဖြေဆို၊ အောင်မြင်၊ ရာခိုင်နှုန်းစာရင်းချုပ်

| စဉ် | ကျမ်းအမည် | စာရင်းသွင်း | ဖြေဆို | အောင်မြင် | ရာခိုင်နှုန်း |
|---|---|---|---|---|---|
| ၁။ | အဘိဓမ္မာ(ဒုတိယပိုင်း) | ၆ | ၅ | ၁ | ၂၀.၀၀% |
| ၂။ | အဘိဓမ္မာ(ပထမပိုင်း) | ၁၃ | ၁၁ | - | - |
| ၃။ | ဒီဃနိကာယ် | ၃၂ | ၃၀ | ၃ | ၁၀.၀၀% |
| ၄။ | ဝိနည်း(ဒုတိယပိုင်း) | ၅၈ | ၅၃ | ၅ | ၉.၄၃% |
| ၅။ | ဝိနည်း(ပထမပိုင်း) | ၁၁၂ | ၁၀၅ | ၇ | ၆.၆၇% |
| | စုစုပေါင်း | ၂၂၁ | ၂၀၄ | ၁၆ | ၇.၈၄% |

## (၇၆)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲ (အာဂုံ) စာရင်းသွင်း၊ ပြန်ဆို၊ အောင်မြင်၊ ရာခိုင်နှုန်းစာရင်းချုပ်

| စဉ် | ကျမ်းအမည် | စာရင်းသွင်း | ပြန်ဆို | အောင်မြင် | ရာခိုင်နှုန်း |
|---|---|---|---|---|---|
| ၁။ | အဘိဓမ္မာ(ဒုတိယပိုင်း) | ၂ | ၁ | - | - |
| ၂။ | အဘိဓမ္မာ(ပထမပိုင်း) | ၇ | ၅ | ၅ | ၁၀၀% |
| ၃။ | ဒီဃနိကာယ် | ၁၈ | ၁၃ | ၉ | ၆၉.၂၃% |
| ၄။ | ဝိနည်း(ဒုတိယပိုင်း) | ၁၂၀ | ၆၀ | ၃၁ | ၅၁.၆၇% |
| ၅။ | ဝိနည်း(ပထမပိုင်း) | ၁၃၆ | ၉၇ | ၅၁ | ၅၂.၅၈% |
| | စုစုပေါင်း | ၂၈၃ | ၁၇၆ | ၉၆ | ၅၄.၅၅% |

# (၇၆)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲ သဘောရေးဖြေနှင့် အာဂုံပြန်အောင်စာရင်း၊ သဘောရေးဖြေအောင်စာရင်း

**အဘိဓမ္မပိဋက၊ အဘိဓမ္မာဒုတိယပိုင်း နှစ်ကျမ်း သဘောရေးဖြေအောင်**
**အဘိဓမ္မကောဝိဒ၊ တိပိဋကဓရ တိပိဋကကောဝိဒ (၁) ပါး**

၁။ ပလ္လင်အမှတ် (၂၈၄) အရှင်ပညာသိရီလင်္ကာရ၊ အသက်(၅၉)နှစ်၊ သိက္ခာ(၃၉)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ ဒဂုံမြို့နယ် ရန်ကုန်တိုင်းဒေသကြီး

**သုတ္တန္တပိဋက၊ ဒီဃနိကာယ် သုံးကျမ်း သဘောရေးဖြေအောင်**
**ဒီဃနိကာယကောဝိဒ (၃) ပါး**

၁။ ပလ္လင်အမှတ် (၃၁၆) အရှင်ဝါယာမိန္ဒာလင်္ကာရ၊ အသက်(၄၀)နှစ်၊ သိက္ခာ(၂၁)ဝါ တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်၊ မရမ်းကုန်းမြို့နယ် ရန်ကုန်တိုင်းဒေသကြီး

၂။ ပလ္လင်အမှတ် (၃၁၈) အရှင်ပညာစာရာလင်္ကာရ၊ အသက်(၄၀)နှစ်၊ သိက္ခာ(၂၀)ဝါ တိပိဋကကမ္ဘောဇကျောင်းတိုက်၊ မော်လမြိုင်မြို့ မွန်ပြည်နယ်

၃။ ပလ္လင်အမှတ် (၃၁၉) အရှင်အစ္ဆရိယ၊ အသက်(၄၀)နှစ်၊ သိက္ခာ(၂၀)ဝါ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

**ဝိနယပိဋက၊ ဝိနည်းဒုတိယပိုင်း သုံးကျမ်း သဘောရေးဖြေအောင်**
**ဝိနယကောဝိဒ (၅) ပါး**

၁။ ပလ္လင်အမှတ် (၃၇၆) အရှင်သီလာနန္ဒာလင်္ကာရ၊ အသက်(၃၅)နှစ်၊ သိက္ခာ(၁၄)ဝါ မဟာဝိသုဒ္ဓါရုံရွှေကျင်တိုက်သစ်၊ ဗဟန်းမြို့နယ် ရန်ကုန်တိုင်းဒေသကြီး

၂။ ပလ္လင်အမှတ် (၃၈၃) အရှင်ဝိမလာလင်္ကာရ၊ အသက်(၃၂)နှစ်၊ သိက္ခာ(၁၂)ဝါ တိပိဋက နိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၃။ ပလ္လင်အမှတ် (၃၈၅) အရှင်ပညာသာမီလင်္ကာရ၊ အသက်(၃၂)နှစ်၊ သိက္ခာ(၁၁)ဝါ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၄။ ပလ္လင်အမှတ် (၃၈၉) အရှင်မဏ္ဍလာလင်္ကာရ၊ အသက်(၃၁)နှစ်၊ သိက္ခာ(၁၁)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၅။ ပလ္လင်အမှတ် (၅၀၃) အရှင်ဝိညာဏဓဇ၊ အသက်(၃၂)နှစ်၊ သိက္ခာ(၁၁)ဝါ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

**ဝိနယပိဋက၊ ဝိနည်းပထမပိုင်း နှစ်ကျမ်း သဘောရေးဖြေအောင်**
**ဥဘတောဝိဘင်္ဂကောဝိဒ (၇) ပါး**

၁။ ပလ္လင်အမှတ် (၄၀၄) အရှင်ကေသဝ၊ အသက်(၃၈)နှစ်၊ သိက္ခာ(၁၈)ဝါ တိပိဋကစုဆန်းလီကျောင်းတိုက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂။ ပလ္လင်အမှတ် (၄၄၉) အရှင်ဉာဏုတ္တရာဘိဝံသ၊ အသက်(၃၄)နှစ်၊ သိက္ခာ(၁၄)ဝါ မဟာဝိသုဒ္ဓါရုံရွှေကျင်တိုက်သစ်၊ ဗဟန်းမြို့နယ် ရန်ကုန်တိုင်းဒေသကြီး

၃။ ပလ္လင်အမှတ် (၄၆၀) အရှင်ထာဝရာလင်္ကာရ၊ အသက်(၃၃)နှစ်၊ သိက္ခာ(၁၂)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ ရွှေညောင်မြို့ ရှမ်းပြည်နယ်တောင်ပိုင်း

၄။ ပလ္လင်အမှတ် (၄၆၄) အရှင်စန္ဒာဝရ၊ အသက်(၃၂)နှစ်၊ သိက္ခာ(၁၂)ဝါ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၅။ ပလ္လင်အမှတ် (၄၆၅) အရှင်ဓမ္မိက၊ အသက်(၃၂)နှစ်၊ သိက္ခာ(၁၂)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၆။ ပလ္လင်အမှတ် (၄၈၅) အရှင်ကုသလ၊ အသက်(၂၈)နှစ်၊ သိက္ခာ(၉)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ ရွှေညောင်မြို့ ရှမ်းပြည်နယ်တောင်ပိုင်း

၇။ ပလ္လင်အမှတ် (၄၉၀) အရှင်သုစိတ္တာလင်္ကာရ၊ အသက်(၂၉)နှစ်၊ သိက္ခာ(၈)ဝါ တိပိဋက မဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

**အာဂုံပြန်အောင်စာရင်း**

**အဘိဓမ္မပိဋက၊ အဘိဓမ္မာပထမပိုင်း ငါးကျမ်းအာဂုံအောင်**
**မူလအာဘိဓမ္မိက(၅)ပါး**

၁။ ပလ္လင်အမှတ် (၃) အရှင်ဇနိန္ဒ၊ အသက်(၄၇)နှစ်၊ သိက္ခာ(၂၇)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၂။ ပလ္လင်အမှတ် (၅) အရှင်ပဏ္ဍဝါလင်္ကာရ၊ အသက်(၃၈)နှစ်၊ သိက္ခာ(၁၈)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၃။ ပလ္လင်အမှတ် (၆) အရှင်အာစာရာလင်္ကာရ၊ အသက်(၄၀)နှစ်၊ သိက္ခာ(၂၀)ဝါ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၄။ ပလ္လင်အမှတ် (၇) အရှင်အာနန္ဒပဏ္ဍိတာလင်္ကာရ၊ အသက်(၃၇)နှစ်၊ သိက္ခာ(၁၈)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၅။ ပလ္လင်အမှတ် (၈) အရှင်သောဘန၊ အသက်(၃၆)နှစ်၊ သိက္ခာ(၁၃)ဝါ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

**သုတ္တန္တပိဋက၊ ဒီဃနိကာယ် သုံးကျမ်းအာဂုံအောင်**
**ဒီဃဘာဏက(၉)ပါး**

၁။ ပလ္လင်အမှတ် (၁၀) အရှင်သီလာနန္ဒ(မိတ္ထီလာ)၊ အသက်(၃၁)နှစ်၊ သိက္ခာ(၁၁)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ ရွှေညောင်မြို့ ရှမ်းပြည်နယ်တောင်ပိုင်း(ဝိသိဋ္ဌ)

၂။ ပလ္လင်အမှတ် (၁၂) အရှင်မင်္ဂလာစာရ၊ အသက်(၄၆)နှစ်၊ သိက္ခာ(၂၅)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၃။ ပလ္လင်အမှတ် (၁၄) အရှင်ဝီရိယာလင်္ကာရ၊ အသက်(၃၄)နှစ်၊ သိက္ခာ(၁၄)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ ပြင်ဦးလွင်မြို့(အနီးစခန်း) မန္တလေးတိုင်းဒေသကြီး

၄။ ပလ္လင်အမှတ် (၁၉) အရှင်ပါမောက္ခ၊ အသက်(၃၈)နှစ်၊ သိက္ခာ(၁၈)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၅။ ပလ္လင်အမှတ် (၂၂) အရှင်ကောသလ္လ၊ အသက်(၃၄)နှစ်၊ သိက္ခာ(၁၃)ဝါ တိပိဋကဓမ္မပါလကျောင်းတိုက်၊ မုံရွာမြို့ စစ်ကိုင်းတိုင်းဒေသကြီး

၆။ ပလ္လင်အမှတ် (၂၃) အရှင်တိက္ခဉာဏာလင်္ကာရ၊ အသက်(၃၂)နှစ်၊ သိက္ခာ(၁၁)ဝါ တိပိဋကဓမ္မပါလကျောင်းတိုက်၊ မုံရွာမြို့ စစ်ကိုင်းတိုင်းဒေသကြီး

၇။ ပလ္လင်အမှတ် (၂၄) အရှင်နန္ဒိမာလင်္ကာရ၊ အသက်(၃၉)နှစ်၊ သိက္ခာ(၁၉)ဝါ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး(ဝိသိဋ္ဌ)

၈။ ပလ္လင်အမှတ် (၂၅) အရှင်ဝိဇ္ဇာနန္ဒာလင်္ကာရ၊ အသက်(၃၈)နှစ်၊ သိက္ခာ(၁၇)ဝါ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၉။ ပလ္လင်အမှတ် (၂၇) အရှင်ပညာသာရာလင်္ကာရ(စက)၊ အသက်(၃၆)နှစ်၊ သိက္ခာ(၁၅)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

စာမျက်နှာ ၇ သို့ ❂

❂ စာမျက်နှာ ၆ မှ

**ဝိနယပိဋက၊ ဝိနည်းဒုတိယပိုင်း သုံးကျမ်းအာဂုံအောင်**
**ဝိနယဓရ(၃၁)ပါး**

၁။ ပလ္လင်အမှတ် (၂၈) အရှင်သောဘနာလင်္ကာရ၊ အသက်(၃၈)နှစ်၊ သိက္ခာ(၁၆)ဝါ တိပိဋက နိကာယကျောင်းတိုက်၊ ပြင်ဦးလွင်(အနီးစခန်း) မန္တလေးတိုင်းဒေသကြီး

၂။ ပလ္လင်အမှတ် (၃၃) အရှင်သိရီဉာဏာလင်္ကာရ၊ အသက်(၃၄)နှစ်၊ သိက္ခာ(၁၂)ဝါ တိပိဋက မဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၃။ ပလ္လင်အမှတ် (၃၄) အရှင်ဝိညာဏဇောတ၊ အသက်(၃၂)နှစ်၊ သိက္ခာ(၁၁)ဝါ တိပိဋက မဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၄။ ပလ္လင်အမှတ် (၃၅) အရှင်တေဇနိယ(ကျောက်တန်း)၊ အသက်(၃၁)နှစ်၊ သိက္ခာ(၁၁)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၅။ ပလ္လင်အမှတ် (၃၆) အရှင်ဥတ္တမာလင်္ကာရ၊ အသက်(၂၈)နှစ်၊ သိက္ခာ(၈)ဝါ ပိဋကသုံးပုံ နိကာယ်စာသင်တိုက်၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၆။ ပလ္လင်အမှတ် (၃၉) အရှင်သုမန၊ အသက်(၃၀)နှစ်၊ သိက္ခာ(၁၀)ဝါ ဓမ္မအလင်္ကာကျောင်းတိုက်၊ လွိုင်ကော်မြို့၊ ကယားပြည်နယ်

၇။ ပလ္လင်အမှတ် (၄၀) အရှင်ယသ၊ အသက်(၃၇)နှစ်၊ သိက္ခာ(၁၇)ဝါ မြတောင်တိုက်၊ ယောကျောင်း မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၈။ ပလ္လင်အမှတ် (၄၂) အရှင်ဥတ္တမသာရ၊ အသက်(၂၈)နှစ်၊ သိက္ခာ(၉)ဝါ တိပိဋကမဟာဂန္ဓဝင် နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၉။ ပလ္လင်အမှတ် (၄၇) အရှင်သောဘိတာလင်္ကာရ(ဝက်လက်)၊ အသက်(၃၂)နှစ်၊ သိက္ခာ(၁၁)ဝါ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၀။ ပလ္လင်အမှတ် (၄၉) အရှင်တိဿာဇည၊ အသက်(၃၀)နှစ်၊ သိက္ခာ(၁၁)ဝါ တိပိဋကမဟာဂန္ဓဝင် နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၁။ ပလ္လင်အမှတ် (၅၁) အရှင်နန္ဒေဘာသ၊ အသက်(၃၃)နှစ်၊ သိက္ခာ(၁၃)ဝါ သာသနာ့လင်းရောင်ကြည်ကျောင်းတိုက်၊ ပဲခူးမြို့၊ ပဲခူးတိုင်းဒေသကြီး

၁၂။ ပလ္လင်အမှတ် (၅၂) အရှင်သုမင်္ဂလ၊ အသက်(၃၀)နှစ်၊ သိက္ခာ(၁၀)ဝါ သီတဂူဓမ္မဝိဟာရစာသင် တိုက်၊ ဘိုကလေးမြို့၊ ဧရာဝတီတိုင်းဒေသကြီး

၁၃။ ပလ္လင်အမှတ် (၅၃) အရှင်ပညာလောကာလင်္ကာရ၊ အသက်(၃၁)နှစ်၊ သိက္ခာ(၁၂)ဝါ တိပိဋက မဟာဂန္ဓာရုံကျောင်းတိုက်၊ ရွှေနံ့သာစံပြကျေးရွာ၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၄။ ပလ္လင်အမှတ် (၅၄) အရှင်ဥတ္တမာနန္ဒာလင်္ကာရ၊ အသက်(၂၉)နှစ်၊ သိက္ခာ(၈)ဝါ ရွာမပရိယတ္တိစာသင်တိုက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၅။ ပလ္လင်အမှတ် (၅၅) အရှင်ကေသဝ၊ အသက်(၃၃)နှစ်၊ သိက္ခာ(၁၃)ဝါ တိပိဋကမဟာဂန္ဓာရုံ ကျောင်းတိုက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၆။ ပလ္လင်အမှတ် (၆၆) အရှင်သူရဓမ္မာလင်္ကာရ၊ အသက်(၃၀)နှစ်၊ သိက္ခာ(၁၀)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ ရွာငံမြို့၊ ရှမ်းပြည်နယ်တောင်ပိုင်း

၁၇။ ပလ္လင်အမှတ် (၇၀) အရှင်ကေသရ(ရမည်းသင်း)၊ အသက်(၃၄)နှစ်၊ သိက္ခာ(၁၄)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၁၈။ ပလ္လင်အမှတ် (၇၁) အရှင်ဉာဏိက၊ အသက်(၃၃)နှစ်၊ သိက္ခာ(၁၄)ဝါ တိပိဋကနိကာယ ကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၁၉။ ပလ္လင်အမှတ် (၇၅) အရှင်စန္ဒေဘာသ(ရွှေဘို)၊ အသက်(၃၀)နှစ်၊ သိက္ခာ(၁၀)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၂၀။ ပလ္လင်အမှတ် (၉၆) အရှင်နန္ဒိယာလင်္ကာရ၊ အသက်(၃၅)နှစ်၊ သိက္ခာ(၁၂)ဝါ တိပိဋကမဟာဂန္ဓဝင် နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး(ဝိသိဋ္ဌ)

၂၁။ ပလ္လင်အမှတ် (၉၈) အရှင်ပညာဝရာလင်္ကာရ၊ အသက်(၃၀)နှစ်၊ သိက္ခာ(၁၀)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ ရွာငံမြို့၊ ရှမ်းပြည်နယ်တောင်ပိုင်း

၂၂။ ပလ္လင်အမှတ် (၁၀၈) အရှင်ကုသလ၊ အသက်(၂၉)နှစ်၊ သိက္ခာ(၆)ဝါ တိပိဋကမဟာ သစ္စာအောင်မြေကျောင်းတိုက်၊ ပုလဲမြို့သစ်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂၃။ ပလ္လင်အမှတ် (၁၁၁) အရှင်သုမန၊ အသက်(၂၉)နှစ်၊ သိက္ခာ(၉)ဝါ တိပိဋကမဟာဂန္ဓာရုံ ကျောင်းတိုက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂၄။ ပလ္လင်အမှတ် (၁၁၂) အရှင်ဝရသာမိ၊ အသက်(၃၄)နှစ်၊ သိက္ခာ(၁၄)ဝါ တိပိဋကစုဆန်းလီ ကျောင်းတိုက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂၅။ ပလ္လင်အမှတ် (၁၁၃) အရှင်သဇ္ဇန၊ အသက်(၃၃)နှစ်၊ သိက္ခာ(၁၂)ဝါ တိပိဋကစုဆန်းလီ ကျောင်းတိုက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂၆။ ပလ္လင်အမှတ် (၁၂၁) အရှင်ပညာသိရီလင်္ကာရ၊ အသက်(၃၀)နှစ်၊ သိက္ခာ(၉)ဝါ တိပိဋကနိကာယ ကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၂၇။ ပလ္လင်အမှတ် (၁၂၃) အရှင်စန္ဒိမာဇောတိ၊ အသက်(၃၈)နှစ်၊ သိက္ခာ(၁၈)ဝါ တိပိဋကနိကာယ ကျောင်းတိုက်၊ ရွာငံမြို့၊ ရှမ်းပြည်နယ်တောင်ပိုင်း

၂၈။ ပလ္လင်အမှတ် (၁၂၅) အရှင်ဉာဏိဿရ၊ အသက်(၃၄)နှစ်၊ သိက္ခာ(၁၄)ဝါ တိပိဋကနိကာယ ကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၂၉။ ပလ္လင်အမှတ် (၁၂၉) အရှင်ဝါသဝ(ဆင်ပေါင်ဝဲ)၊ အသက်(၃၃)နှစ်၊ သိက္ခာ(၁၃)ဝါ တိပိဋက နိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၃၀။ ပလ္လင်အမှတ် (၁၃၁) အရှင်စန္ဒာသိရီ(မကွေး)၊ အသက်(၃၂)နှစ်၊ သိက္ခာ(၁၂)ဝါ တိပိဋကနိကာယ ကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၃၁။ ပလ္လင်အမှတ် (၁၃၄) အရှင်ကေလာသ၊ အသက်(၃၁)နှစ်၊ သိက္ခာ(၁၁)ဝါ တိပိဋကနိကာယ ကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

**ဝိနယပိဋက၊ ဝိနည်းပထမပိုင်း နှစ်ကျမ်းအာဂုံအောင်**
**ဥဘတောဝိဘင်္ဂဓရ(၅၁)ပါး**

၁။ ပလ္လင်အမှတ် (၁၄၉) အရှင်သိက္ခိတ၊ အသက်(၃၅)နှစ်၊ သိက္ခာ(၁၆)ဝါ တိပိဋကမဟာဂန္ဓဝင် နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂။ ပလ္လင်အမှတ် (၁၅၀) အရှင်စာရိန္ဒ၊ အသက်(၃၅)နှစ်၊ သိက္ခာ(၁၅)ဝါ တိပိဋကနိကာယ ကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၃။ ပလ္လင်အမှတ် (၁၅၂) အရှင်စန္ဒသိရီ(မလှိုင်)၊ အသက်(၃၃)နှစ်၊ သိက္ခာ(၁၃)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ ရွာငံမြို့၊ ရှမ်းပြည်နယ်တောင်ပိုင်း

၄။ ပလ္လင်အမှတ် (၁၅၃) အရှင်ပညာဓဇ၊ အသက်(၃၃)နှစ်၊ သိက္ခာ(၁၃)ဝါ တိပိဋကစုဆန်းလီ ကျောင်းတိုက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၅။ ပလ္လင်အမှတ် (၁၅၆) အရှင်ဝိမလ(မိတ္ထီလာ)၊ အသက်(၃၂)နှစ်၊ သိက္ခာ(၁၂)ဝါ တိပိဋကနိကာယ ကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၆။ ပလ္လင်အမှတ် (၁၅၈) အရှင်သီလာနန္ဒာလင်္ကာရ၊ အသက်(၃၂)နှစ်၊ သိက္ခာ(၁၁)ဝါ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**(အထူးအောင်)**

၇။ ပလ္လင်အမှတ် (၁၅၉) အရှင်တေဇ၊ အသက်(၃၂)နှစ်၊ သိက္ခာ(၁၁)ဝါ တိပိဋကနိကာယ ကျောင်းတိုက်၊ ရွာငံမြို့၊ ရှမ်းပြည်နယ်တောင်ပိုင်း

၈။ ပလ္လင်အမှတ် (၁၆၀) အရှင်ပညိန္ဒ(မြို့သစ်)၊ အသက်(၃၃)နှစ်၊ သိက္ခာ(၁၀)ဝါ တိပိဋကနိကာယ ကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၉။ ပလ္လင်အမှတ် (၁၆၁) အရှင်ဣန္ဒကာလင်္ကာရ(ဟိုပုံး)၊ အသက်(၃၀)နှစ်၊ သိက္ခာ(၁၀)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၁၀။ ပလ္လင်အမှတ် (၁၆၃) အရှင်သောပါက၊ အသက်(၂၉)နှစ်၊ သိက္ခာ(၉)ဝါ တိပိဋကမဟာဂန္ဓဝင် နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၁။ ပလ္လင်အမှတ် (၁၆၄) အရှင်သုဇာတ၊ အသက်(၂၉)နှစ်၊ သိက္ခာ(၉)ဝါ တိပိဋကမဟာဂန္ဓဝင် နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၂။ ပလ္လင်အမှတ် (၁၆၅) အရှင်ပညာသာမီလင်္ကာရ၊ အသက်(၂၇)နှစ်၊ သိက္ခာ(၆)ဝါ တိပိဋက မဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၃။ ပလ္လင်အမှတ် (၁၆၆) အရှင်ခန္တီစာရ၊ အသက်(၂၅)နှစ်၊ သိက္ခာ(၅)ဝါ တိပိဋကနိကာယ ကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၁၄။ ပလ္လင်အမှတ် (၁၇၄) အရှင်ကုသလ၊ အသက်(၃၂)နှစ်၊ သိက္ခာ(၁၂)ဝါ အောင်ခဲ့စဉ်ရိပ်သာ ကျောင်းတိုက်၊ ရေဦးမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး

၁၅။ ပလ္လင်အမှတ် (၁၇၆) အရှင်ဇောတိပါလ၊ အသက်(၂၉)နှစ်၊ သိက္ခာ(၁၀)ဝါ တိပိဋကမဟာဂန္ဓဝင် နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၆။ ပလ္လင်အမှတ် (၁၇၈) အရှင်အာလောက၊ အသက်(၃၂)နှစ်၊ သိက္ခာ(၁၁)ဝါ အလယ်တိုက်ကျောင်း၊ မြတောင်တိုက် မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၁၇။ ပလ္လင်အမှတ် (၁၇၉) အရှင်နန္ဒိယာလင်္ကာရ၊ အသက်(၃၄)နှစ်၊ သိက္ခာ(၁၀)ဝါ မုံတောဘုရား ငါးဆူကျောင်းတိုက်၊ မိုးကုတ်မြို့၊ မန္တလေးတိုင်းဒေသကြီး

၁၈။ ပလ္လင်အမှတ် (၁၈၂) အရှင်ဉာဏောဘာသာလင်္ကာရ၊ အသက်(၂၉)နှစ်၊ သိက္ခာ(၇)ဝါ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၉။ ပလ္လင်အမှတ် (၁၈၆) အရှင်ဣန္ဒေဘာသ၊ အသက်(၃၂)နှစ်၊ သိက္ခာ(၁၁)ဝါ တိပိဋကနိကာယ ကျောင်းတိုက်၊ ရွာငံမြို့၊ ရှမ်းပြည်နယ်တောင်ပိုင်း

၂၀။ ပလ္လင်အမှတ် (၁၈၇) အရှင်ဇောတိပါလ၊ အသက်(၃၅)နှစ်၊ သိက္ခာ(၁၅)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ ရွာငံမြို့၊ ရှမ်းပြည်နယ်တောင်ပိုင်း

၂၁။ ပလ္လင်အမှတ် (၁၉၇) အရှင်သိရိန္ဒ(ရေဦး)၊ အသက်(၃၀)နှစ်၊ သိက္ခာ(၁၀)ဝါ တိပိဋကနိကာယ ကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၂၂။ ပလ္လင်အမှတ် (၂၀၁) အရှင်ကဝိနန္ဒ၊ အသက်(၂၈)နှစ်၊ သိက္ခာ(၈)ဝါ တိပိဋကနိကာယ ကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

စာမျက်နှာ ၈ သို့ ❂

# တိပိဋကဓရ တိပိဋကကောဝိဒ သာသနဒ္ဓဇနည်ဆရာတော်(၁)ပါး ပေါ်ထွန်းတော်မူခြင်း

(၇၆)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေး စာမေးပွဲကြီးကို (၂၆-၁၂-၂၀၂၃) ရက်နေ့မှ (၂၇-၁-၂၀၂၄) ရက်နေ့အထိ (၃၃) ရက်တိုင်တိုင် အောင်မြင်စွာ ကျင်းပဆောင်ရွက် ပြီးစီးခဲ့ပြီးဖြစ်ပါသည်။

(၇၆)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေး စာမေးပွဲကြီးတွင် အရှင်ပညာ သိရီလင်္ကာရ၊ သက်တော် ၅၉ နှစ်၊ သိက္ခာတော် ၃၉ ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးမှ တိပိဋကဓရ တိပိဋကကောဝိဒ (၁၆) ပါးမြောက် သာသနဒ္ဓဇနည်ဆရာတော်အဖြစ် ပေါ်ထွန်းတော်မူခဲ့ပါသည်။

**တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးကို ၁၃၁၀ ပြည့်နှစ်(၁၉၄၈ ခုနှစ်)တွင် စတင်ကျင်းပခဲ့ရာ ယခုအချိန်ထိ (၇၆)ကြိမ်မြောက် ကျင်းပခဲ့ပြီးဖြစ်ပါသည်။ ပထမအကြိမ်မှ (၇၅) ကြိမ်အထိ တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော်(၁၅)ပါး ပေါ်ထွန်းခဲ့ပြီးဖြစ်ပါသည်။ (၇၂)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲတွင် (၁၅)ပါးမြောက် တိပိဋကဓရ တိပိဋကကောဝိဒဆရာတော် ပေါ်ထွန်းခဲ့ပြီးနောက် (၄)နှစ်အကြာ ယခုနှစ် ၁၃၈၅ ခုနှစ် (၂၀၂၄)ခုနှစ် (၇၆)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲတွင် (၁၆)ပါးမြောက်အဖြစ် တိပိဋကဓရ တိပိဋကကောဝိဒဆရာတော်(၁)ပါး ထပ်မံပေါ်ထွန်းလာခဲ့ခြင်းဖြစ်ပါသည်။**

တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးတွင် ဝိနယပိဋက ဝိနည်းပထမပိုင်း နှစ်ကျမ်း၊ ဝိနယပိဋကဝိနည်း ဒုတိယပိုင်းသုံးကျမ်း၊ သုတ္တန္တပိဋက ဒီဃနိကာယ်သုံးကျမ်း၊ အဘိဓမ္မ ပိဋက အဘိဓမ္မာပထမပိုင်း ငါးကျမ်းနှင့် အဘိဓမ္မပိဋကအဘိဓမ္မာဒုတိယပိုင်း နှစ်ကျမ်းတို့ကို **"တိပိဋက ဓရ"** ဘွဲ့အတွက် အာဂုံပြန်ဆိုရပြီး **"တိပိဋက ကောဝိဒ"** ဘွဲ့အတွက် သဘောရေးဖြေစာမေးပွဲ ဖြေဆိုရကြောင်း သိရသည်။

**သတင်းစဉ်**


# တိပိဋကဓရ တိပိဋကကောဝိဒဘွဲ့တံဆိပ်တော်ရ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်၊ အမှတ်(၁၂) စကားဝါလမ်း တိပိဋကနိကာယကျောင်းတိုက်မှ အရှင်ပညာသိရီလင်္ကာရ၏ ထေရုပ္ပတ္တိအကျဉ်း

**ဖွားမြင်တော်မူခြင်း**

အရှင်ပညာသိရီလင်္ကာရသည် စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ် ခွက်ခွင်းစံပြကျေးရွာ၊ ခမည်းတော် ဦးအောင်ငြိမ်း၊ မယ်တော်ဒေါ်မြသောင်းတို့မှ ၁၃၂၇ ခုနှစ် ကဆုန်လပြည့်ကျော်(၅)ရက် ကြာသပတေးနေ့တွင် ဖွားမြင်သော သားရတနာဖြစ်ပါသည်။

**ရှင်ရဟန်းပြုတော်မူခြင်း**

၁၃၄၆ ခုနှစ် နတ်တော်လပြည့်နေ့တွင် မုံရွာမြို့၊ ပဋ္ဌာနတာရုံကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တနာဂဝံသ (အဂ္ဂမဟာပဏ္ဍိတ) ကို ဥပဇ္ဈာယ်ပြုလျက် မန္တလေးမြို့ ကြည်တင်ဆေးလိပ်ခုံပိုင်ရှင် ဦးလှမြင့်+ဒေါ်လှလှ မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။



**စာပေပရိယတ္တိ သင်ကြားဆည်းပူးခြင်း**

စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ် ခွက်ခွင်းစံပြကျေးရွာ အောင်မြင်ဘုမ္မိကျောင်းတိုက်ဆရာတော်ဘဒ္ဒန္တပဝရ၊ မုံရွာမြို့ ပဋ္ဌာနတာရုံကျောင်းတိုက် ဆရာတော်နှင့် စာချဘုန်းကြီးများ၊ ဆားလင်းကြီးမြို့နယ်၊ ဝါးတန်းကျေးရွာ၊ သဒ္ဓမ္မဇောတိကျောင်း ဆရာတော် ဘဒ္ဒန္တဉာဏိသရ၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ မန္တလေးမြို့တို့ရှိ ပဋ္ဌာနတာရုံ ကျောင်းတိုက်ဆရာတော်များ၊ မင်းကွန်း တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘုရားကြီး ဘဒ္ဒန္တဝိစိတ္တသာရာ ဘိဝံသ၊ ဗန်းမော်ဆရာတော် ဒေါက်တာဘဒ္ဒန္တ ကုမာရာဘိဝံသ (ဝဋ္ဋံသကာသိရောမဏိ)၊ မင်းကွန်းတောင်ရိုး၊ မိုးမိတ်ကုန်းမြေ တိပိဋက နိကာယကျောင်းတိုက်၏ မဟာနာယက တိပိဋကဓရ ဆရာတော်များထံ၌ ပရိယတ္တိစာပေများ သင်ကြားဆည်းပူးခဲ့ပါသည်။

**အောင်မြင်ခဲ့သောစာမေးပွဲများ**

အစိုးရပထမငယ်၊ ပထမလတ်၊ ပထမကြီးတန်း၊ သာသနဓဇ ဓမ္မာစရိယ(၁၃၄၅)ခုနှစ် ပရိယတ္တိသာသနဟိတ သာမဏေကျော်၊ ဝိနယဓရ(၁၃၅၂)ခုနှစ်၊ ဝိနယကောဝိဒ (၁၃၅၆)ခုနှစ်၊ ဝိနယဝိဒူ၊ ဒီဃဘာဏက(၁၃၅၈) ခုနှစ်၊ ဒီဃနိကာယကောဝိဒ(၁၃၅၉)ခုနှစ်၊ မူလအာဘိ ဓမ္မိက၊ မူလအဘိဓမ္မကောဝိဒ (၁၃၆၈)ခုနှစ်၊ (နိကာယုဋ္ဌောတက၊ ဝိနယဓရ၊ ဒီဃဘာဏက၊ နိကာယဝုဍ္ဍိ သမိတိဝိနယဓရ) တိပိဋကဓရ (၁၃၇၃)ခုနှစ်တို့ ဖြစ်ကြပါသည်။

**ဘွဲ့တံဆိပ်တော် အလှူခံရရှိတော်မူခြင်း**

အရှင်ပညာသိရီလင်္ကာရသည် ၁၃၈၅ ခုနှစ်၊ (၇၆)ကြိမ်မြောက်၊ တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲတွင် အဘိဓမ္မာနောက်ပိုင်းနှစ်ကျမ်းကို သဘောရေးဖြေ အောင်မြင်တော်မူသောကြောင့် တိပိဋကဓရ တိပိဋကကောဝိဒ ဘွဲ့တံဆိပ်တော်၊ ၎င်းအောင်လက်မှတ်တော်နှင့် အရိုးဝါ ကနက္ကဒဏ်ထီးဖြူတော် သုံးလက်တံဆိပ်ပါရှိသော သာသနဒ္ဓအောင်လံတော်တို့ကို ခံယူရရှိတော်မူမည်ဖြစ်ပါသည်။

**သတင်းစဉ်**

❂ စာမျက်နှာ ၇ မှ

| | | |
|---|---|---|
| ၂၃။ | ပလ္လင်အမှတ် (၂၀၂) | ရှင်သောဘနာလင်္ကာရ၊ အသက်(၁၉)နှစ် ချမ်းမြေ့ဇေယျာသာမဏေကျော်စာသင်တိုက် ပဲခူးမြို့၊ ပဲခူးတိုင်းဒေသကြီး |
| ၂၄။ | ပလ္လင်အမှတ် (၂၀၆) | အရှင်ဝိနယာလင်္ကာရ၊ အသက်(၂၅)နှစ်၊ သိက္ခာ(၅)ဝါ တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်၊ ရွှေနံ့သာစံပြကျေးရွာ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၂၅။ | ပလ္လင်အမှတ် (၂၀၈) | အရှင်အာလောက၊ အသက်(၂၇)နှစ်၊ သိက္ခာ(၆)ဝါ ဥယျာဉ်ပရိယတ္တိကျောင်းတိုက်၊ ပုသိမ်ကြီးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၂၆။ | ပလ္လင်အမှတ် (၂၁၂) | အရှင်ဝိသာရဒါလင်္ကာရ၊ အသက်(၂၇)နှစ်၊ သိက္ခာ(၆)ဝါ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၂၇။ | ပလ္လင်အမှတ် (၂၁၅) | အရှင်ဉာဏိက၊ အသက်(၃၃)နှစ်၊ သိက္ခာ(၁၁)ဝါ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၂၈။ | ပလ္လင်အမှတ် (၂၂၀) | အရှင်သီလာစာရ၊ အသက်(၂၇)နှစ်၊ သိက္ခာ(၈)ဝါ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၂၉။ | ပလ္လင်အမှတ် (၂၂၁) | အရှင်ဝိဇာတာလင်္ကာရ၊ အသက်(၂၈)နှစ်၊ သိက္ခာ(၈)ဝါ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**(အထူးအောင်)** |
| ၃၀။ | ပလ္လင်အမှတ် (၂၂၅) | အရှင်ဝိနယ၊ အသက်(၃၅)နှစ်၊ သိက္ခာ(၁၅)ဝါ တိပိဋကဓမ္မပါလကျောင်းတိုက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး |
| ၃၁။ | ပလ္လင်အမှတ် (၂၂၉) | အရှင်ဇဝန၊ အသက်(၃၂)နှစ်၊ သိက္ခာ(၁၂)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး |
| ၃၂။ | ပလ္လင်အမှတ် (၂၃၁) | အရှင်နန္ဒဝံသ(တန့်ဆည်)၊ အသက်(၃၃)နှစ်၊ သိက္ခာ(၁၂)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ ရွှာင်မြို့၊ ရှမ်းပြည်နယ်တောင်ပိုင်း |
| ၃၃။ | ပလ္လင်အမှတ် (၂၃၄) | အရှင်ဝိဋ္ဌောဒယာလင်္ကာရ၊ အသက်(၃၃)နှစ်၊ သိက္ခာ(၁၃)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ ရွှာင်မြို့ ရှမ်းပြည်နယ်တောင်ပိုင်း |
| ၃၄။ | ပလ္လင်အမှတ် (၂၄၁) | အရှင်သုန္ဒရာလင်္ကာရ၊ အသက်(၃၀)နှစ်၊ သိက္ခာ(၉)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး |
| ၃၅။ | ပလ္လင်အမှတ် (၂၄၇) | အရှင်နန္ဒကသာရ၊ အသက်(၃၆)နှစ်၊ သိက္ခာ(၁၄)ဝါ တိပိဋကစုဆန်းလီကျောင်းတိုက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၃၆။ | ပလ္လင်အမှတ် (၂၄၈) | အရှင်ဉာဏမဥ္ဇူ၊ အသက်(၂၄)နှစ်၊ သိက္ခာ(၄)ဝါ တိပိဋကစုဆန်းလီကျောင်းတိုက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၃၇။ | ပလ္လင်အမှတ် (၂၄၉) | အရှင်ဣန္ဒက၊ အသက်(၂၉)နှစ်၊ သိက္ခာ(၉)ဝါ၊ တိပိဋကစုဆန်းလီကျောင်းတိုက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၃၈။ | ပလ္လင်အမှတ် (၂၅၁) | အရှင်စန္ဒဇောတျာလင်္ကာရ၊ အသက်(၂၉)နှစ်၊ သိက္ခာ(၇)ဝါ တိပိဋကစိန်ရွှေဖူးကျောင်းတိုက် မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၃၉။ | ပလ္လင်အမှတ် (၂၅၂) | အရှင်ကုမာရာလင်္ကာရ၊ အသက်(၂၄)နှစ်၊ သိက္ခာ(၄)ဝါ မြစကြာစာသင်တိုက် စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး **(အထူးအောင်)** |
| ၄၀။ | ပလ္လင်အမှတ် (၂၅၃) | အရှင်သီဟဉာဏ(မအူပင်)၊ အသက်(၃၀)နှစ်၊ သိက္ခာ(၁၁)ဝါ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၄၁။ | ပလ္လင်အမှတ် (၂၅၇) | အရှင်ဇောတိသာရ၊ အသက်(၂၉)နှစ်၊ သိက္ခာ(၁၀)ဝါ မဟာသီဝံသာမဏေကျော်စာသင်တိုက် ပုသိမ်မြို့၊ ဧရာဝတီတိုင်းဒေသကြီး |
| ၄၂။ | ပလ္လင်အမှတ် (၂၅၉) | အရှင်ဝိဇယ၊ အသက်(၃၁)နှစ်၊ သိက္ခာ(၁၂)ဝါ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၄၃။ | ပလ္လင်အမှတ် (၂၆၁) | အရှင်စန္ဒိမာ၊ အသက်(၂၆)နှစ်၊ သိက္ခာ(၆)ဝါ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၄၄။ | ပလ္လင်အမှတ် (၂၆၂) | အရှင်အာဒိစ္စ၊ အသက်(၂၈)နှစ်၊ သိက္ခာ(၉)ဝါ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၄၅။ | ပလ္လင်အမှတ် (၂၆၃) | အရှင်စန္ဒာဝရာလင်္ကာရ၊ အသက်(၃၀)နှစ်၊ သိက္ခာ(၇)ဝါ၊ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၄၆။ | ပလ္လင်အမှတ် (၂၆၄) | အရှင်ပညာဇောတ၊ အသက်(၃၀)နှစ်၊ သိက္ခာ(၁၀)ဝါ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၄၇။ | ပလ္လင်အမှတ် (၂၆၅) | အရှင်စန္ဒာသိရီ၊ အသက်(၂၈)နှစ်၊ သိက္ခာ(၈)ဝါ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**(အထူးအောင်)** |
| ၄၈။ | ပလ္လင်အမှတ် (၂၆၈) | အရှင်ဇနကာလင်္ကာရ၊ အသက်(၃၄)နှစ်၊ သိက္ခာ(၁၃)ဝါ တိပိဋကဓမ္မပါလကျောင်းတိုက် မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး |
| ၄၉။ | ပလ္လင်အမှတ် (၂၆၉) | အရှင်ကုဏ္ဍလ၊ အသက်(၃၃)နှစ်၊ သိက္ခာ(၁၂)ဝါ တိပိဋကဓမ္မပါလကျောင်းတိုက် မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး**(အထူးအောင်)** |
| ၅၀။ | ပလ္လင်အမှတ် (၂၇၀) | အရှင်ခေမိန္ဒာလင်္ကာရ၊ အသက်(၂၉)နှစ်၊ သိက္ခာ(၉)ဝါ တိပိဋကဓမ္မပါလကျောင်းတိုက် မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး**(အထူးအောင်)** |
| ၅၁။ | ပလ္လင်အမှတ် (၂၇၉) | အရှင်ကာရုည၊ အသက်(၂၉)နှစ်၊ သိက္ခာ(၉)ဝါ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ခွန်စံလွင် စံဖူးကျေးရွာမီးဘေးသင့်ပြည်သူများအား ထောက်ပံ့ငွေများပေးအပ်

နေပြည်တော် ဇန်နဝါရီ ၂၇

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ခွန်စံလွင်သည် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေး၊ ပြည်နယ်ဝန်ကြီးများ၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဥက္ကဋ္ဌ၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲ ၁ နာရီက ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ် စံဖူးဘုန်းတော်ကြီးကျောင်းသို့ သွားရောက်၍ ဆရာတော် ဦးဣန္ဒကကို ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ စံဖူးကျေးရွာမှ မီးဘေးသင့်ပြည်သူများသို့ထောက်ပံ့ငွေပေးအပ်ပွဲ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ခွန်စံလွင်က စံဖူးကျေးရွာရှိ မီးဘေးသင့်ပြည်သူများကို အားပေးစကားပြောကြားပြီး စံဖူးကျေးရွာမှ မီးဘေးသင့်ပြည်သူများအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ထောက်ပံ့ငွေကျပ် သိန်း ၁၀၀၀ ကို ပေးအပ်ရာ စံဖူးကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကျေးရွာတာဝန်ခံတို့က လက်ခံရယူကြသည်။

ယင်းနောက် ရှမ်းပြည်နယ်အစိုးရအဖွဲ့က ထောက်ပံ့သည့် ငွေကျပ်သိန်း ၃၀၀ ကို ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ဇော်အေး၊ ပြည်နယ်ဝန်ကြီးများက ပေးအပ်ရာ စံဖူးကျေးရွာ ကိုယ်စားလှယ်နှစ်ဦးက လက်ခံရယူသည်။

ထို့နောက်နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ခွန်စံလွင်၊ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် စံဖူးကျေးရွာမှ မီးဘေးသင့်ပြည်သူများ၏ နေအိမ်များ ပြန်လည်တည်ဆောက်နေမှုကို လှည့်လည်ကြည့်ရှုကြကြောင်း သိရသည်။

သတင်းစဉ်



# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ် ၂၀၂၃-၂၀၂၄ ဘွဲ့ကြို ကျောင်းသား ကျောင်းသူများ၏ မောင်မယ်သစ်လွင်ကြိုဆိုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားတက်ရောက်

နေပြည်တော် ဇန်နဝါရီ ၂၇

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ဘွဲ့ကြိုကျောင်းသား ကျောင်းသူများ၏ မောင်မယ်သစ်လွင်ကြိုဆိုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယမန်နေ့ ညနေပိုင်းက နေပြည်တော် ရေဆင်းရှိသစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ် ရန်အောင်မြင်အမျိုးသားဆောင်၌ ကျင်းပရာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ပါမောက္ခချုပ်နှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။






ဦးစွာ ပြည်ထောင်စုဝန်ကြီးက သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနရှိ တာဝန်ရှိသူများ၊ တက္ကသိုလ်ရှိ ဆရာ ဆရာမများ၊ မောင်မယ်သစ်လွင်နှင့် ယခင်က ရောက်ရှိနေသည့် ကျောင်းသား ကျောင်းသူများအားလုံး အပြန်အလှန် ရင်းနှီးကျွမ်းဝင်စေရန်နှင့် နွေးထွေးစွာ ကြိုဆိုသည့်အနေဖြင့် ယခုအခမ်းအနားကို ကျင်းပပေးခြင်းဖြစ်ပါကြောင်း၊ သစ်တောသစ်ပင်များသည် လူသားနှင့် သက်ရှိများ အားလုံးအတွက် အမျိုးမျိုးသော ဝန်ဆောင်မှုများ ထောက်ပံ့ပေးလျက်ရှိပြီး နောင်အနာဂတ် မျိုးဆက်များအတွက်ပါ လက်ဆင့်ကမ်းအမွေပေးနိုင်ရေးအတွက် ထိန်းသိမ်းကာကွယ်ကြရမည် ဖြစ်ကြောင်း၊ သစ်တောများ ထိန်းသိမ်းကာကွယ်ရန်အတွက် သစ်တောပညာရှင်များ မွေးထုတ်ပေးနိုင်ရန် ရည်ရွယ်၍ တက္ကသိုလ်အဆင့် သစ်တောပညာ သင်ကြားမှုကို ၁၉၂၃ ခုနှစ်တွင် စတင်ခဲ့ရာ ၂၀၂၃ ခုနှစ်တွင် နှစ် ၁၀၀ ပြည့်ပြီဖြစ်ကြောင်း၊ ၂၀၂၂-၂၀၂၃ ပညာသင်နှစ်အထိ အရည်အချင်းပြည့်မီသော သစ်တောသိပ္ပံဘွဲ့ရ ၃၀၅၂ ဦး မွေးထုတ်ပေးနိုင်ခဲ့ပြီး ပြည်တွင်း ပြည်ပ တက္ကသိုလ်များတွင် ဆက်လက်လေ့လာ သင်ယူ၍ မဟာဘွဲ့နှင့် ပါရဂူဘွဲ့ရရှိခဲ့သူများစွာရှိကြောင်း၊ မောင်တို့မယ်တို့အနေဖြင့်လည်း မိမိတို့၏ ရည်မှန်းချက်ပန်းတိုင်သို့ အောင်မြင်စွာရောက်ရှိအောင် ရိုးသားကြိုးစားပြီး စိတ်ဓာတ်ကောင်းစွာဖြင့် ထူးချွန်ထက်မြက်သူများဖြစ်အောင် ဆရာ ဆရာမများ၏ ဆုံးမစကားကို နာယူ၍ ကြိုးစားအားထုတ်စေလိုကြောင်း မှာကြားသည်။

ဆက်လက်၍ ထူးချွန်ကျောင်းသား ကျောင်းသူများကို ဆုများ ပေးအပ်ချီးမြှင့်ရာ ပြည်ထောင်စုဝန်ကြီးက ပထမနှစ်သင်တန်းသို့ ပထမအမှတ်အများဆုံးဖြင့် ဝင်ခွင့်ရရှိသူနှင့် အတန်းအလိုက် ပထမဆုရရှိသူများကို လည်းကောင်း၊ ဒုတိယဝန်ကြီးနှင့် အမြဲတမ်း အတွင်းဝန်တို့က ပထမနှစ်သင်တန်းသို့ ဒုတိယနှင့် တတိယ အမှတ်အများဆုံးဖြင့် ဝင်ခွင့်ရရှိသည့် ကျောင်းသား ကျောင်းသူများနှင့် အတန်းအလိုက် ဒုတိယဆု၊ တတိယဆုရရှိသူများကို လည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်ပြီး မောင်မယ်သစ်လွင် ကျောင်းသား ကျောင်းသူများကိုယ်စား ပထမနှစ် ကျောင်းသားတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် ကျောင်းသား ကျောင်းသူများက အဆို၊ အက၊ တေးသရုပ်ဖော်များဖြင့် ဖျော်ဖြေပြီး ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ညစာအတူတကွ သုံးဆောင်ကြသည်။ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာ တက္ကသိုလ်တွင် ပထမနှစ်မှ ပဉ္စမနှစ်အထိ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၃၃၈ ဦး တက်ရောက် ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# ဂျပန်ကွန်တိန်နာကျစက်ဘီးများကို အသုံးပြုသူများလာပြီး ရောင်းအားတက်နေ

ရန်ကုန် ဇန်နဝါရီ ၂၇

ဂျပန်ကွန်တိန်နာကျ စက်ဘီးများကို အသုံးပြုသူများလာပြီး ဈေးကွက်အတွင်း ရောင်းအားတက်နေကြောင်း ဂျပန်ကွန်တိန်နာကျ စက်ဘီးရောင်းဝယ်ရေးအသိုင်းအဝိုင်းမှ သိရသည်။

"ကျွန်တော်တို့ ကတော့ လက်ကားပေးတာပါ။ ဂျပန်ကွန်တိန်နာက လာတာဆိုတော့ အဟောင်းဈေးတန်းပါပဲ။ စက်ဘီးအရောင်းအဝယ်ပိုင်း ဝယ်လိုအားပိုင်းကတော့ ရက် ၂၀ နောက်ပိုင်းဆိုရင် နည်းနည်းလေးအေးပေမယ့် လကုန်ပြီးရင်တော့ ပုံမှန်ပြန်တက်လာတယ်။ ရောင်းလိုအားပိုင်းမှာတော့ လမ်းစရိတ် ကုန်ကျစရိတ်တွေရှိတော့ ဈေးတက်တာတော့ရှိတယ်။ စက်ဘီးကို သုံးလာတဲ့သူတော်တော်များတယ်။ တချို့နေရာတွေမှာ ဆိုင်ကယ်မစီးရတော့ အရင်ကထက် စက်ဘီးကို ပိုသုံးလာကြတယ်။ ရောင်းလိုအား ဝယ်လိုအားက ဘယ်လိုလဲဆိုတော့ ရောင်းတဲ့သူတွေက ပေါလာတယ်။ ဝယ်သူတွေများလာတယ်။ ဝယ်ပြီးပြန်ရောင်းတဲ့သူတွေလည်းများလာတယ်"ဟု ဂျပန် ကွန်တိန်နာကျစက်ဘီးများ လက်ကား ဖြန့်လျက်ရှိသော သက်ပိုင်စက်ဘီး ရောင်းဝယ်ရေးမှ တာဝန်ရှိသူက ပြောသည်။

အဆိုပါ ဂျပန်ကွန်တိန်နာကျ စက်ဘီးဈေးကွက်တွင် အဟောင်းဈေးနှင့် အသစ်ဈေးဟူ၍ နှစ်မျိုးရှိပြီး အဟောင်းဈေးတွင် အမျိုးအစားအလိုက် အနိမ့်ဆုံး ကျပ်တစ်သိန်းမှစတင်ကာ အမြင့်ဆုံး ကျပ်သိန်း ၂၀ ထိရှိကြောင်း၊ ဂျပန်စက်ဘီးအသစ် ဈေးကွက်တွင်လည်း အမျိုးအစားအလိုက် အနိမ့်ဆုံး ငါးသိန်းမှ စတင်ကာ အမြင့်ဆုံး သိန်းရာဂဏန်းအထိ ပေါက်ဈေးရှိ ပစ္စည်းများလည်းရှိကြောင်း သိရသည်။

**သစ်တော်**

**☆ အက်ဖ်အေဖလားမှ**

ဇန်နဝါရီ ၂၆ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ အခြားသော အက်ဖ်အေဖလား စတုတ္ထအဆင့် ပွဲစဉ်တွေမှာတော့ ဘရစ္စတိုးစီးတီးအသင်းနဲ့ နော့တင်ဟမ်ဖောရက်စ်အသင်းတို့ပွဲစဉ်မှာ ဂိုးမရှိသရေ၊ ချယ်လ်ဆီးအသင်းနဲ့ အက်စ်တွန်ဗီလာအသင်းတို့ပွဲစဉ်မှာ ဂိုးမရှိသရေ၊ ရှက်ဖီးလ်ဝက်နက်စ်ဒေးအသင်းနဲ့ ကိုဗင်ထရီစီးတီးအသင်းတို့ပွဲစဉ်မှာ တစ်ဂိုးစီသရေ စသဖြင့် ရလဒ်အသီးသီး ထွက်ပေါ်ထားတာ ဖြစ်ပါတယ်။

**ငွေကြယ်**

# ကမာရွတ်မြို့နယ်၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး လိုက်လံစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၂၇

ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ်တွင် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် အမှတ်(၁၀)ရပ်ကွက် သံလွင်လမ်း (၉၉)ကုန်းရှိ အိမ်ခြေအဆောက်အအုံ အလုံး ၉၀ အား မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်တပ်ဖွဲ့ဝင်များက ယနေ့နံနက်ပိုင်းတွင် လိုက်လံစစ်ဆေးဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များက မြို့နယ်အတွင်း မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် မီးလောင်မှု၊ မီးလန့်မှုများမဖြစ်ပေါ်စေရန် မီးဘေးသတိရှိရေး မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ဘက်ပေါင်းစုံမှ ဆောင်ရွက်လျက်ရှိရာ မြို့နေပြည်သူများအနေဖြင့် မီးသုံးစွဲရာတွင် စနစ်တကျအသုံးပြုရန်နှင့် မီးဘေးလုံခြုံရေး ရေပုံးနှင့် မီးချိတ် မီးကပ်၊ မီးသတ်ဆေးဘူးများထားရှိရန် လှည့်လည်အသိပေးစစ်ဆေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ သဘောထားထုတ်ပြန်ချက်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ**
**သဘောထားထုတ်ပြန်ချက်**
**၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်**

၁။ ၂၁-၁-၂၀၂၄ ရက်တွင် ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ဟိုပုံးမြို့နယ်၊ စံဖူးကျေးရွာ၌ ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ်(PNLO) ယူနီဖောင်းဝတ်ဆင်သူများ သယ်ဆောင်လာသည့် တရားမဝင်လက်နက်၊ ခဲယမ်းများ သိမ်းဆည်းရမိသည့်ဖြစ်စဉ်နှင့်စပ်လျဉ်း၍ PNLO အနေဖြင့် လက်နက်ခဲယမ်းများ သယ်ဆောင်ခြင်းသည် NCA ပါ သဘောတူညီချက်များနှင့် ဆန့်ကျင်ပြီး ဒေသတည်ငြိမ်အေးချမ်းရေးကို ထိခိုက်စေသဖြင့် NCA ပါ သဘောတူညီချက်များအား အလေးထားလိုက်နာဆောင်ရွက်ရန်နှင့် အလားတူဖြစ်စဉ်မျိုး ထပ်မံမဖြစ်ပွားစေရေး လက်အောက်ခံအဖွဲ့ဝင်များ၏ လုပ်ဆောင်ချက်များအား အထူးအလေးထားစစ်ဆေးကြပ်မတ်ထိန်းသိမ်းပါရန် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီက ၂၃-၁-၂၀၂၄ ရက်တွင် PNLO အဖွဲ့ထံ ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးကိုရှေးရှုလျက် သတိပေးအကြောင်းကြားခဲ့ပြီးဖြစ်ပါသည်။

၂။ ယခုအခါ PNLO အဖွဲ့သည် လူမှုကွန်ရက်မီဒီယာများ၌ ၂၆-၁-၂၀၂၄ ရက်စွဲဖြင့် ကြေညာချက်ထုတ်ပြန်ခဲ့ရာ လက်နက်ကိုင်ပဋိပက္ခကို နိုင်ငံရေးနည်းလမ်းဖြင့် ငြိမ်းချမ်းစွာညှိနှိုင်းဖြေရှင်းခြင်းဟူသော NCA ၏အခြေခံမူကို မျက်ကွယ်ပြု၍ ပဋိပက္ခကို ဦးတည်သည့် သဘောထားရပ်တည်ချက်များ၊ အစိုးရဆန့်ကျင်လှုပ်ရှားမှုများကို အားပေးထောက်ခံသည့် ရေးသားဖော်ပြချက်များ ထုတ်ပြန်ထားကြောင်း စိစစ်တွေ့ရှိရပါသည်။

၃။ PNLO အဖွဲ့အနေဖြင့် ပြည်သူလူထုအကျိုးကို လက်တွေ့ကျကျ မြော်တွေးသုံးသပ်ပြီး နိုင်ငံရေး လိုလားချက်များကို တွေ့ဆုံဆွေးနွေးညှိနှိုင်းအဖြေရှာခြင်းဖြင့် NCA ကို အခြေခံသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ၊ ငြိမ်းချမ်းရေးအထောက်အကူပြု ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား နိုင်ငံတော်အစိုးရနှင့်အတူ ဆက်လက်လက်တွဲဖော်ဆောင်ပါရန် ငြိမ်းချမ်းရေးရည်သန်စိတ်ဖြင့် အလေးအနက်ထား တိုက်တွန်းပါသည်။

၄။ နိုင်ငံတော်အစိုးရသည် တွေ့ဆုံဆွေးနွေးခြင်းနည်းလမ်းဖြင့် အဖြေရှာရန် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအားလုံးကို ဖိတ်ခေါ်၍ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့(၁၀)ဖွဲ့နှင့် ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးခဲ့ပြီး ကောင်းမွန်သောရလဒ်များနှင့် ငြိမ်းချမ်းရေးနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ ဘုံသဘောတူညီချက်များ ရရှိခဲ့သည့်အပြင် ယခုအချိန်ထိ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအားလုံးနှင့် တွေ့ဆုံဆွေးနွေးရန် လမ်းဖွင့်ထားဆဲဖြစ်ပါသည်။

၅။ ထိပ်တိုက်ရင်ဆိုင်သည့်နည်းလမ်းကို ရှောင်ဖယ်၍ မိမိတို့၏ သဘောထားဆန္ဒ၊ လိုလားချက်များကို ငြိမ်းချမ်းရေးစားပွဲဝိုင်း၌ တွေ့ဆုံဆွေးနွေးညှိနှိုင်းခြင်းသည်သာလျှင် လမ်းကြောင်းမှန်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

**အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှု**
**ညှိနှိုင်းရေးကော်မတီ**





## (၂၃) ကြိမ်မြောက် ဝိဇ္ဇာနှင့်သိပ္ပံသုတေသနညီလာခံ တတိယနေ့ သုတေသနစာတမ်းဖတ်ပွဲများ ဆက်လက်ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂၇**

ပညာရေးဝန်ကြီးဌာန (၂၃)ကြိမ်မြောက် ဝိဇ္ဇာနှင့် သိပ္ပံသုတေသနညီလာခံကို ပညာရေးဝန်ကြီးဌာနက အမျိုးသားအဆင့်အဖြစ် Naypyitaw State Academy တွင် ဇန်နဝါရီ ၂၅ ရက်မှ ၂၇ ရက်အထိ ကျင်းပလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် သက်ဆိုင်ရာဘာသာရပ်အလိုက် သတ်မှတ်ထားသည့်အခန်းများ၌ သုတေသနစာတမ်းရှင်များက ဝိဇ္ဇာနှင့် သိပ္ပံ သုတေသနစာတမ်းများကို ဖတ်ကြားကြပြီး တက္ကသိုလ်အသီးသီးက သုတေသနပိုစတာများနှင့် ပြကွက်များကို ခင်းကျင်းပြသလျက်ရှိသည်။

**ကြည့်ရှုအားပေး**

အဆိုပါ သုတေသနစာတမ်းဖတ်ကြားနေမှုများကို ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် ဒေါက်တာမိုးဇော်ထွန်း၊ ပညာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာစိုးဝင်း၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဒုတိယ ပါမောက္ခချုပ်များနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကြသည်။

**ဖတ်ကြားဆွေးနွေး**

ယနေ့ကျင်းပလျက်ရှိသည့် ဝိဇ္ဇာနှင့်သိပ္ပံ သုတေသနညီလာခံတွင် ပညာရေးဝန်ကြီးဌာနရှိ ဝိဇ္ဇာသိပ္ပံတက္ကသိုလ်များနှင့် အခြားဝန်ကြီးဌာနခြောက်ခုမှ ပညာရေးဝန်ကြီးဌာနတွင် ပါရဂူကျမ်းလာရောက်ပြုစုနေသူ သုတေသီများက ယနေ့နံနက်ပိုင်းတွင် အင်္ဂလိပ်စာ သုတေသနစာတမ်း ခုနစ်စောင်၊ ဘာသာစကားသုတေသနစာတမ်း တစ်စောင်၊ ဓာတုဗေဒ သုတေသနစာတမ်း ငါးစောင်၊ ရူပဗေဒသုတေသနစာတမ်း ငါးစောင်၊ သင်္ချာသုတေသနစာတမ်းလေးစောင်၊ ကွန်ပျူတာသိပ္ပံသုတေသနစာတမ်း သုံးစောင်၊ အဏ္ဏဝါသိပ္ပံသုတေသနစာတမ်း သုံးစောင်၊ သဘာဝပတ်ဝန်းကျင်သုတေသနစာတမ်း သုံးစောင်၊ ရှေးဟောင်းသုတေသနစာတမ်း လေးစောင်၊ မနုဿဗေဒသုတေသနစာတမ်း သုံးစောင်၊ နိုင်ငံတကာသုတေသနစာတမ်း ငါးစောင်၊ အရှေ့တိုင်းသုတေသနစာတမ်း သုံးစောင်၊ ကုန်ထုတ်ဓာတုသုတေသနစာတမ်း လေးစောင်၊ ခရီးသွားသုတေသနစာတမ်း သုံးစောင်၊ စာကြည့်သုတသုတေသနစာတမ်း နှစ်စောင်၊ သမိုင်းသုတေသနစာတမ်း ခုနစ်စောင်တို့ကို စာတမ်းရှင်များက ဖတ်ကြားခဲ့ကြပြီး ယနေ့တွင် ဝိဇ္ဇာနှင့်သိပ္ပံ သုတေသနစာတမ်း စုစုပေါင်း ၆၁ စောင် ဖတ်ကြားဆွေးနွေးကြရာ မြန်မာနိုင်ငံဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ စာတမ်းရှင်များ၊ ပါမောက္ခများ၊ ဆရာဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

## လိပ်ပြာမျိုးစိတ်အဖြစ် မှတ်တမ်းတင် သဘောထားမှတ်ချက်ပြုထားသည့် လိပ်ပြာပုံ တံဆိပ်ခေါင်းသစ်တစ်မျိုး ရောင်းချပေးသွားမည်

**နေပြည်တော် ဇန်နဝါရီ ၂၇**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့စာတိုက်လုပ်ငန်းမှ **သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက မြန်မာနိုင်ငံ၌ တွေ့ရှိရသော လိပ်ပြာမျိုးစိတ်အဖြစ် မှတ်တမ်းတင်သဘောထားမှတ်ချက်ပြုထားသည့် “Golden Birdwing”** လိပ်ပြာပုံ (၂၀၀ ကျပ်တန်) စာပို့ တံဆိပ်ခေါင်းသစ်တစ်မျိုးအား **၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်၊ မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ် ပြာသိုလပြည့်ကျော် ၇ ရက် (ကြာသပတေးနေ့) နံနက် ၉ နာရီခွဲမှ**စတင်၍ နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီး၊ မန္တလေးစာတိုက်ကြီးတို့နှင့် တိုင်းဒေသကြီး/ ပြည်နယ်များရှိ စာတိုက်ကြီးများတွင် တစ်ပြိုင်တည်း ရောင်းချပေးသွားမည် ဖြစ်ပါသည်။

အထူးအစီအစဉ်တစ်ရပ်အနေဖြင့် နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့် မန္တလေးစာတိုက်ကြီးတို့တွင် **ဖေဖော်ဝါရီ ၁ ရက်**၌ ဝယ်ယူသော စာပို့တံဆိပ်ခေါင်းများပေါ်တွင် နေ့စွဲအမှတ်အသားတံဆိပ် ရိုက်နှိပ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




## Builder Mall Living Style Expo 2024 ခေါင်းစဉ်ဖြင့် ဆောက်လုပ်ရေးဆိုင်ရာပြပွဲ ကျင်းပ



**ရန်ကုန် ဇန်နဝါရီ ၂၇**

Builder Mall Living Style Expo 2024 ခေါင်းစဉ်ဖြင့် ဆောက်လုပ်ရေးဆိုင်ရာပြပွဲကို ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်း အင်းယားလိတ်ဟိုတယ်ဝင်းအတွင်းရှိ Yangon Convention Center ၌ ကျင်းပသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ဦးစွာ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး Mr. Vinay Kumar၊ မြန်မာနိုင်ငံဆိုင်ရာ နီပေါသံအမတ်ကြီး Mr. Hairsh-chandra Ghimire နှင့် Builder Mall Buying Made Easy မှ MD ဦးတေဇာဟိန်းနှင့် တာဝန်ရှိသူများက အဖွင့်အမှာစကားများ ပြောကြားခဲ့သည်။ ထို့နောက် တက်ရောက်လာသည့် သံအမတ်ကြီးများနှင့် တာဝန်ရှိသူများက ဆီမီးများ ထွန်းညှိပြီး ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ကြသည်။

ယင်းနောက် သံအမတ်ကြီးများနှင့် တာဝန်ရှိသူများက ပြသထားသည့် ဆောက်လုပ်ရေးဆိုင်ရာပြခန်းများအား လိုက်လံ ကြည့်ရှုခဲ့ကြသည်။

ပြပွဲတွင် ဆောက်လုပ်ရေးသုံးပစ္စည်းများ၊ သံနှင့်သံမဏိပစ္စည်း အရောင်းပြခန်းများ၊ အိမ်ရာအဆောက်အအုံများ၊ လျှပ်စစ်ပစ္စည်းများ၊ ပရိဘောဂပစ္စည်းများ၊ လုံခြုံရေး စနစ်ပစ္စည်းများ၊ ဆိုလာပစ္စည်းများ၊ မီးစက်ပစ္စည်းများနှင့် စက်မှုထုတ်ကုန်ပစ္စည်းများပါဝင်သည့် ပြခန်းပေါင်း ၂၀၀ ကျော် ပြသထားပြီး ပြပွဲကို ဇန်နဝါရီ ၂၇ ရက်မှ ၂၈ ရက်အထိ နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအထိ ပြသရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်မြင့်(ပြန်/ဆက်)**

# ပဋိပက္ခနှင့် ဖွံ့ဖြိုးရေး ဆက်စပ်မှုမှသည် ထာဝရငြိမ်းချမ်းရေးဆီ ....

မိုးမြင့်

**နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုသည် စီးပွားရေးတောင့်တင်းခိုင်မာခြင်းနှင့် ဆက်စပ်ပါသည်။ တစ်ဖန် ဖွံ့ဖြိုးမှုနှင့် ငြိမ်းချမ်းမှုသည်လည်း ဆက်စပ်မှုရှိနေပြန်သည့်အတွက် ငြိမ်းချမ်းမှုမရှိသည့်အခါ နိုင်ငံ့စီးပွားရေးအခြေခံအဆောက်အအုံများတည်ဆောက်ရာတွင် အခက်အခဲများရှိရပြန်သည်။**

> **နေရာမှန်လျှင် လူမှန်များ ရောက်လာမည်သာဖြစ်သည်။ အချိန်တိုင်းတွင် ပုံမှန်လုပ်ကိုင်စားသောက်ရန် လုံခြုံမှုရှိလာခြင်းက ထွက်ပြေးတိမ်းရှောင်နေရသူများအတွက် အင်အားတစ်ခုဖြစ်လာမည်၊ လက်နက်ကိုင်ထားသူ လက်နက်စွန့်ချင်စိတ်များပေါ်လာမည်။ ငြိမ်းချမ်းခြင်းက အေးမြမှုကိုပေးစွမ်းကြောင်း သက်သေသည် တိုက်ပွဲမရှိငြိမ်းချမ်းသောဒေသမှ ငြိမ်းချမ်းရေးအသီးအပွင့်ခံစားရသူများထံမှသာ ထွက်ပေါ်လာနိုင်ပါသည်။ ဤသို့ဖြင့် ကနဦးရပ်ရွာဖွံ့ဖြိုးမှုမှသည် မြို့နယ်အဆင့်ဖွံ့ဖြိုးမှု ထိုမှတစ်ဆင့် ခရိုင်ဒေသအလိုက်၊ ပြည်နယ်အဆင့် ဖွံ့ဖြိုးမှုအထိ တစ်ဆင့်ချင်းတိုးတက်လာမည်**

ရေရှည်ပဋိပက္ခများနှင့် နပန်းလုံးနေရသည့်နိုင်ငံများတွင် ပို၍သိသာသည်။ ထိုနိုင်ငံများတွင် အလုံးစုံငြိမ်းချမ်းရေးဟူသည် အိပ်မက်မျှသာဖြစ်နေသည့်အခါ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးကို တစ်ပြိုင်တည်း အကောင်အထည်ဖော်နိုင်မည့် မော်ဒယ်မျိုးရှိရမည်ဖြစ်သည်။ တွေ့ဆုံညှိနှိုင်းမှု ရသလောက်လုပ်ပြီး အပစ်အခတ်ရပ်စဲမှု ဖြစ်နိုင်သမျှဖြစ်အောင် လုပ်သော်လည်း တစ်ခါတစ်ရံ ဉာဏ်ပညာမဲ့၊ အတ္တဦးစားပေး၊ လက်နက်အားကိုး၊ တိုက်ပွဲဖော်ဆောင်သူများကြောင့် ငြိမ်းချမ်းရေးကို စစ်ပွဲများဖြင့် ရယူလိုက်ရသည်လည်း ရှိနိုင်သည်။ တိုက်ရင်းစည်းရုံး၊ စည်းရုံးရင်းတိုက်မှ ရရှိလာသောတိုက်ပွဲရလဒ်ဖြင့် ငြိမ်းချမ်းသွားသောဒေသများတွင် ရလျှင်ရသလောက် အခြေအနေပေးသမျှ အခွင့်အလမ်းများမှတစ်ဆင့် ပြည်သူလူထုအကျိုးစီးပွားကို တိုက်ရိုက်ဖော်ဆောင်၍ ရပါသည်။

## ငြိမ်းချမ်းသည်နှင့် ချက်ချင်း အကောင်အထည်စတင်ရန်

ငြိမ်းချမ်းသည်နှင့် ထိုငြိမ်းချမ်းသောဒေသများတွင် ဒေသခံပြည်သူများ၏ စီးပွားရေးလုပ်ငန်းများ ချက်ချင်းအကောင်အထည်ဖော်ရန် စတင်နိုင်ပါသည်။ တစ်ပိုင်တစ်နိုင်မှသည် ပို၍ကြီးမားသော စီးပွားရေးအခင်းအကျင်းများအထိ လုပ်နိုင်အောင် ရေးရှုအားထည့်ရပါမည်။ ငြိမ်းချမ်းပြီးသောဒေသများတွင် ငြိမ်းချမ်းရေးကို လုံခြုံရေး၊ ကာကွယ်ရေးအစီအမံများဖြင့် ခိုင်မာအောင်လုပ်ပြီး စီးပွားရေး အခြေခံအဆောက်အအုံများကို တည်ဆောက်ရပါမည်။ စီးပွားရေးလုပ်ငန်းများ တစ်ပိုင်တစ်နိုင်စတင်ရန် ပညာနှင့် နည်းပညာ၏ကဏ္ဍကိုလည်း လိုအပ်သလို အားကိုးရပါမည်။ ထိုအခါ ဒေသခံများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ထွက်ပေါ်လာမည်မှာ သေချာသည်။

**နေရာမှန်လျှင် လူမှန်များ ရောက်လာမည်သာဖြစ်သည်။ အချိန်တိုင်းတွင် ပုံမှန်လုပ်ကိုင်စားသောက်ရန် လုံခြုံမှုရှိလာခြင်းက ထွက်ပြေးတိမ်းရှောင်နေရသူများအတွက် အင်အားတစ်ခုဖြစ်လာမည်၊ လက်နက်ကိုင်ထားသူ လက်နက်စွန့်ချင်စိတ်များပေါ်လာမည်။ ငြိမ်းချမ်းခြင်းက အေးမြမှုကို ပေးစွမ်းကြောင်း သက်သေသည် တိုက်ပွဲမရှိငြိမ်းချမ်းသောဒေသမှ ငြိမ်းချမ်းရေးအသီးအပွင့်ခံစားရသူများထံမှသာ ထွက်ပေါ်လာနိုင်ပါသည်။ ဤသို့ဖြင့် ကနဦးရပ်ရွာဖွံ့ဖြိုးမှုမှသည် မြို့နယ်အဆင့်ဖွံ့ဖြိုးမှု ထိုမှတစ်ဆင့် ခရိုင်ဒေသအလိုက်၊ ပြည်နယ်အဆင့် ဖွံ့ဖြိုးမှုအထိ တစ်ဆင့်ချင်းတိုးတက်လာမည်သာ ဖြစ်ပါသည်။**

## လူငယ်ကိုအခြေခံ

ငြိမ်းချမ်းသောဒေသများတွင် အလုပ်အကိုင် ကောင်းကောင်းလုပ်နိုင်ကြပြီး တစ်နေ့၊ တစ်လ၊ တစ်နှစ်စာ စားရေး၊ ဝတ်ရေး၊ နေရေး မပူပန်ရခြင်းက ပညာကောင်းကောင်းသင်ရရန် အခွင့်အလမ်းတစ်ခုဆီ ပို့ပေးပါသည်။ ကျောင်းကောင်းကောင်းများ ရှိလာဖို့ရာလည်း လွယ်ကူသွားပါပြီ။ လောလောဆယ် ငြိမ်းချမ်းပြီးသည့် ဒေသတစ်ခုမှာ ရန်သူမလွှမ်းမိုးအောင်၊ ရန်သူလာမတိုက်နိုင်အောင် စည်းရုံးရေးအခြေခံသည့် ပြည်သူ့လုံခြုံရေးစနစ်ပါသော ကာကွယ်ရေးအစီအမံများကို ခိုင်မာသည်ထက် ခိုင်မာအောင် တည်ဆောက်နေရမည်။

အရာရာ လူငယ်ထုကိုအခြေခံရမည်၊ အမျိုးသမီးထုကို ဦးစားပေးရမည်မှာ အခြေခံအချက်များပင် ဖြစ်သည်။ ကောင်းမွန်သော အနာဂတ်အတွက် မျိုးဆက်တစ်ခု၏အခြေခံသည် ယနေ့လူငယ်များပင်ဖြစ်သည်။ စစ်၏အနိဋ္ဌာရုံများကို ကံအကြောင်းမလှ၍ကြုံရသော ယနေ့လူငယ်များသည် အကောင်းအဆိုး၊ အမှားနှင့်အမှန် ရန်သူနှင့်မိတ်ဆွေကို ကောင်းစွာခွဲခြားနိုင်ပြီဟု ယုံကြည်ပါသည်။ အသက်အရွယ်ကြီးရင့်သူများက သူတို့၏ အတွေ့အကြုံကို အတိတ်နှင့်ယှဉ်၍ ကောင်းစွာမျှဝေသင့်သည်။ ဒီမိုကရေစီကိုသွားမည်ဆိုလျှင် နောင်ပြည်သူ့အကျိုးပြုပါတီများအတွက် အားသစ်လောင်းရာသည် ယနေ့ လူငယ်များပင်ဖြစ်ပါလိမ့်မည်။ မျိုးချစ်စိတ်ရှိသည့်ပါတီများ၊ အမျိုးသားရေး တည်ဆောက်မည့်ပါတီများဖြစ်ရန်သည် နိုင်ငံသားကောင်းပီသပြီး အောက်ခြေခိုင်သည့် လူငယ်စည်းရုံးရေးမှုများကို အခြေခံမှသာ ပို၍ဖြစ်နိုင်မည်ဟု ယုံကြည်ပါသည်။

## တစ်နေရာကငြိမ်းချမ်းရေး အခြားဒေသများသို့ရောက်အောင်လုပ်

ငြိမ်းချမ်းရေး ကွက်ကွက်လေးရသမျှလေးမှာ ပြန်လည်ထူထောင်ရေး အမြင်ဖြင့် အမြော်အမြင်၊ ပညာဉာဏ်ရှိရှိ၊ ဆင်ခြင်တုံတရားအပြည့်၊ ကိုယ်ချင်းစာမှုအပြည့်ဖြင့် ဦးဆောင်မှုပေးနိုင်လျှင် ထိုဒေသရှိပြည်သူများ၏ လူနေမှုဘဝလေးများ အထိုက်အလျောက် တိုးတက်လာမည်မှာ သေချာပါသည်။ ဦးဆောင်သူများ၏စေတနာအပြည့်ဖြင့် ကူညီလုပ်ကိုင်ပေးမှုများအပေါ် စစ်ဒဏ်ခံဒေသခံများ၏ ယုံကြည်လေးစားမှုသည် နိုင်ငံတော်အစိုးရနှင့် တပ်မတော်အပေါ် အပြုသဘောများစွာပါသော သက်ရောက်မှုကိုပေးပါသည်။

အပြန်အလှန်ယုံကြည်မှုမှတစ်ဆင့် အပြန်အလှန်နားလည်မှု ရရှိလာခြင်းသည် ငြိမ်းချမ်းရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလွန်ပင်အဖိုးတန်လှပါသည်။ ငြိမ်းချမ်းပြီး ဒေသတစ်ခု၏ ဖွံ့ဖြိုးတိုးတက်မှုကို အခြားမငြိမ်းချမ်းသောဒေသများက လက်နက်ကိုင်များ၊ ပြည်သူများက မြင်ရကြားရသည့်အခါ မည်သို့ရှိနိုင်မည်နည်း..၊ လူပီသလျှင် ငြိမ်းချမ်းမှုကို လိုချင်သည်သာဖြစ်သည်။ ငြိမ်းချမ်းမှုကို မလိုလားသူသည် လူမိုက်သာဖြစ်လိမ့်မည်။ မိမိဒေသငြိမ်းချမ်းမှုက အခြားသူများထံ ကူးစက်သွားစေပါသည်။ ဘယ်သူက စစ်ဒဏ်နှင့် အငတ်ဘေးကို ကြာရှည်ကြုံချင်ကြမည်နည်း။ အဖျက်သမားမှလွဲ၍ အပျက်ကိုဘယ်သူလိုချင်မည်လဲ၊ မငြိမ်းချမ်းသောဒေသမှ လက်နက်ကိုင်များ၊ ပြည်သူများကို ငြိမ်းချမ်းခြင်း၏အရသာ ဘယ်လိုရှိသလဲ မြင်အောင်၊ ကြားအောင် လုပ်နိုင်စွမ်းရှိရမည်။ လှုံ့ဆော်နိုင်စွမ်းရှိရမည်၊ မျှဝေနိုင်စွမ်းရှိရပါမည်၊ လုပ်သမျှ လက်တွေ့ပါ၍ လက်တွေ့လည်းကျ ထိရောက်မှုလည်းရှိရမည်ဖြစ်သည်။

> **အပြန်အလှန်ယုံကြည်မှုမှတစ်ဆင့် အပြန်အလှန်နားလည်မှု ရရှိလာခြင်းသည် ငြိမ်းချမ်းရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလွန်ပင်အဖိုးတန်လှပါသည်။ ငြိမ်းချမ်းပြီး ဒေသတစ်ခု၏ ဖွံ့ဖြိုးတိုးတက်မှုကို အခြားမငြိမ်းချမ်းသောဒေသများက လက်နက်ကိုင်များ၊ ပြည်သူများက မြင်ရကြားရသည့်အခါ မည်သို့ရှိနိုင်မည်နည်း..၊ လူပီသလျှင် ငြိမ်းချမ်းမှုကို လိုချင်သည်သာဖြစ်သည်။ ငြိမ်းချမ်းမှုကို မလိုလားသူသည် လူမိုက်သာဖြစ်လိမ့်မည်။ မိမိဒေသငြိမ်းချမ်းမှုက အခြားသူများထံ ကူးစက်သွားစေပါသည်။ ဘယ်သူက စစ်ဒဏ်နှင့် အငတ်ဘေးကို ကြာရှည်ကြုံချင်ကြမည်နည်း။ အဖျက်သမားမှလွဲ၍ အပျက်ကိုဘယ်သူလိုချင်မည်လဲ၊ မငြိမ်းချမ်းသောဒေသမှ လက်နက်ကိုင်များ၊ ပြည်သူများကို ငြိမ်းချမ်းခြင်း၏အရသာ ဘယ်လိုရှိသလဲ မြင်အောင်၊ ကြားအောင် လုပ်နိုင်စွမ်းရှိရမည်။ လှုံ့ဆော်နိုင်စွမ်းရှိရမည်၊ မျှဝေနိုင်စွမ်းရှိရပါမည်၊ လုပ်သမျှ လက်တွေ့ပါ၍ လက်တွေ့လည်းကျ ထိရောက်မှုလည်းရှိရမည်**

## ပြန်လည်ထူထောင်ရေးနှင့်အတူ လူမှုစီးပွားဘဝကိုမမေ့ရန်

စစ်ဘေးသင့်ဒေသတွင် စီးပွားရေးကဏ္ဍ ပြန်လည်လှုပ်ရှားအသက်ဝင်လာအောင် နိုးထမှုက ငြိမ်းချမ်းရေးတည်ဆောက်ခြင်းမှာ မရှိမဖြစ်အရေးပါသည့် အစိတ်အပိုင်းတစ်ခု ဖြစ်သည်ဟု ဆိုသည်။ ငြိမ်းချမ်းရေးမရဘဲနှင့်လည်း စီးပွားရေးလုပ်လို့မရဟု ယေဘုယျဆိုသော်လည်း ငြိမ်းချမ်းရေး ဒီနေ့ရ၊ ဒီနေ့ပဲ စီးပွားရေးကိုစလုပ်ရန် စဉ်းစားရသည်ကလည်း သဘာဝကျသည်။ နေထိုင်ရန်နေရာထက် အာဟာရအတွက် ဝမ်းရေးက ပိုအရေးကြီးသည်မဟုတ်ပါလား။

နိုင်ငံရေးကြောင့် စစ်ဖြစ်ရသလို စီးပွားရေးကြောင့်လည်း စစ်ဖြစ်ရသည့်အတွက် စီးပွားရေးပြေလည်လျှင် စစ်ကို ခဏမေ့ထား၍ရသည်။ နောက်ဆက်တွဲအခက်အခဲနှင့် စိန်ခေါ်မှုများကို ဖြေရှင်းရမှာ တသီကြီးဆိုသော်လည်း နောက်ကျသည်ဆိုသည်မှာမရှိပါ။ ပဋိပက္ခဖြစ်ပွားမှုပုံစံ၊ ပါဝင်ပတ်သက်သူများနှင့် ပါဝင်သည့် လက်နက်ကိုင်အဖွဲ့များ၊ ပြည်ပမှ ပါဝင်ပတ်သက်မှု အားလုံးထည့်သွင်းစဉ်းစားရမည်။

ဒေသတွင်း တည်ငြိမ်အေးချမ်းမှုကို ထိန်းသိမ်းထားနိုင်ခြင်းနှင့်အတူ နယ်မြေဒေသခံများ၏ အကျိုးစီးပွား၊ ဒေသခံများ၏အကျိုးကို လိုလားလက်ခံသည့် လက်နက်ကိုင်အဖွဲ့များ၏ အကျိုးစီးပွားနှင့် ဘိန်း၊ မူးယစ်ဆေးနှင့် လောင်းကစားတွင် သာယာနေသည့်လက်နက်ကိုင်သူပုန်များ၏အကျိုးစီးပွားခြားနားချက်၊ အစိုးရယန္တရားများ အမြန်ပြန်လည်လည်ပတ်နိုင်မည့်အခြေအနေနှင့် တရားဥပဒေစိုးမိုးမှုနှင့် လုံခြုံရေးကိစ္စများပါ အားလုံးထည့်တွက်ရမည်ဖြစ်သည်။

ဒေသခံများ စစ်ရှောင်ပြောင်းရွှေ့သွားမှုနှင့်ဌာနေသို့ ပြန်လာနိုင်မည့်အနေအထားကိုလည်း ထည့်သွင်းတွက်ချက်ရမည်။ ဆုံးရှုံးသွားသည့်လူ့စွမ်းအားအရင်းအမြစ်များတွင် တန်ဖိုးရှိ လူသားအရင်းအမြစ်များ များစွာပါသွားမည်မှာ သေချာသည်။ စစ်ဖြစ်၍သာ စစ်ရှောင်ရသည်ဖြစ်၍ အများစုက ကိုယ့်ရပ်ကိုယ့်ရွာသို့ပြန်လာလိုသော်လည်း လုံခြုံရေးစိတ်မချရ၊ စားသောက်နေထိုင်ရန်အခက်အခဲရှိသောဒေသခံများနှင့် လက်နက်ကိုင်အဖွဲ့များကို ဘယ်လိုမက်လုံးပေးမလဲ စဉ်းစားရမည်။

ပျက်စီးသွားသည့် လမ်းတံတားစသည့် အခြေခံအဆောက်အအုံများကို ပြန်လည်တည်ဆောက်ရန်သည် ဦးစားပေး ပြန်လည်ထူထောင်ရမည့်လုပ်ငန်းများ ဖြစ်လာသည်။ ဒေသခံများနှင့် ပြန်လာသည့် ရွှေ့ပြောင်းစစ်ရှောင်များ၏ ကျန်းမာရေးနှင့် ပျက်စီးသွားသည့် နေအိမ်များ ပြန်လည်တည်ဆောက်ရေးသည်လည်း အရေးကြီးကိစ္စရပ်ဖြစ်သည်ကို မေ့ထား၍မရ။ ယခင်ကတည်းက မူးယစ်၊ မှောင်ခို၊ လောင်းကစား၊ တရားမဝင်လုပ်ငန်းများနှင့် ယှဉ်ပါးနေသည့် ဒေသတွင်း လက်နက်ကိုင်အများစုအဖို့မူ သမ္မာအာဇီဝကျကျလုပ်ငန်းကို ကျေကျေနပ်နပ်လက်ခံတတ်ရန်နှင့် တရားဝင်စီးပွားရေးလုပ်ငန်းများနှင့် ယှဉ်ပါးလာရန် ခက်ခဲမှုရှိနိုင်ပါသည်။

သို့မဟုတ်ပါက အစိုးရဝန်ထမ်းများနှင့်လုံခြုံရေးအဖွဲ့များမရှိခြင်းက လုပ်စားကိုင်စားရသည်မှာ ပို၍ကောင်းသည် ဆိုသည့် တလွဲအယူအဆများ ဒေသခံများ၊ လက်နက်ကိုင်များတွင် ကိန်းအောင်းသွားမည့် အန္တရာယ်ရှိလာနိုင်ပါသည်။ ထို့ကြောင့် စိန်ခေါ်မှုနှင့်အခက်အခဲများဟူသည် ချက်ချင်းဖြေရှင်း၍ရနိုင်မည်မဟုတ်ဘဲ အချိန်ယူစည်းရုံး၍ များစွာပညာပေးရန် လိုအပ်နေမည်ဖြစ်ပါကြောင်းနှင့် ဖြေလျှော့ပေးမှုများ လုပ်ကိုင်နိုင်မည့်အခွင့်အလမ်းနှင့် မက်လုံးပေးမှုများစွာ လိုအပ်ကြောင်း တွေ့ရမည်ဖြစ်ပါသည်။

စာမျက်နှာ ၁၂ သို့ ✣






## စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော် မုံရွာမြို့တွင်ကျင်းပသည့် ဗလငါးတန်ဖွံ့ဖြိုးရေး လူငယ်ပွဲတော်အခမ်းအနား တက်ရောက်

မုံရွာ ဇန်နဝါရီ ၂၇

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် ဗလငါးတန်ဖွံ့ဖြိုးရေး လူငယ်ပွဲတော်အခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက မုံရွာမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း(အလုံ)၌ ကျင်းပသည်။

အခမ်းအနားတွင် စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်က အမှာစကားပြောကြားသည်။ ဆက်လက်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဗလငါးတန်ဖွံ့ဖြိုးရေး အထက်တန်း၊ အလယ်တန်း၊ မူလတန်းအဆင့် စာစီစာကုံး၊ ကဗျာရွတ်၊ ပုံပြင်ပြော၊ ဆေးရောင်ခြယ်ပြိုင်ပွဲများ၌ ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသော ကျောင်းသား ကျောင်းသူများအား ဆုများပေးအပ်ခဲ့ကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း(အလုံ)မှ ကျောင်းသား ကျောင်းသူများ၏ တေးသီချင်းများဖြင့် သီဆိုကပြဖျော်ဖြေမှုအား ကြည့်ရှုအားပေးခဲ့ပြီး တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဝင်းမြတ်စိုးက တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးထံ ထောက်ပံ့ငွေများပေးအပ်ခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဗလငါးတန်ဖွံ့ဖြိုးရေး လူငယ်ပွဲတော်တွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ခင်းကျင်းပြသထားသော ဗလငါးတန်ဖွံ့ဖြိုးရေးလူငယ်များဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများ၊ လှပသာယာပြည်မြန်မာ၊ အေးချမ်းသာယာပြည်မြန်မာ ဆုရမှတ်တမ်းဓာတ်ပုံများ၊ တိုင်းဒေသကြီးအတွင်းမှ အထင်ကရပုဂ္ဂိုလ်များ၊ အထင်ကရနေရာများနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများ၊ စာအုပ်စာစောင်ပြသထားရှိမှုများအားလည်းကောင်း၊ ကျောင်းသားကျောင်းသူများ ကာယဉာဏဖွံ့ဖြိုးရေး ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ၊ စက္ကူခေါက်ပြိုင်ပွဲ၊ စကားပုံဆက်ပြိုင်ပွဲနှင့် ခါးကွင်းလှည့်ပြိုင်ပွဲတို့အား လည်းကောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ပြသထားသည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးပြဘုတ်များနှင့် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲများ၊ လူမှုဝန်ထမ်းဦးစီးဌာနက ပြသထားသည့် အသိပညာပေးပြဘုတ်များနှင့် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲများ၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနက ပြသထားသည့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးပြဘုတ်များနှင့် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲများ၊ စက်မှုလက်မှုအထက်တန်းကျောင်း(မုံရွာ)မှ ပြသထားသည့် စက်မှုလက်မှုဆိုင်ရာ အသိပညာပေးပြပွဲများအားလည်းကောင်း၊ လူငယ်များ ဗလငါးတန်ဖွံ့ဖြိုးရေး ခွက်နင်းပြိုင်ပွဲ၊ အာလူးကောက်ပြိုင်ပွဲ၊ ဂုန်နီအိတ်စွပ်ပြိုင်ပွဲနှင့် ပူဖောင်းဖောက်အပြေးပြိုင်ပွဲစသည့် အားကစားပြိုင်ပွဲများတွင် ကျောင်းသားကျောင်းသူများ ပါဝင်ယှဉ်ပြိုင်နေမှုများအားလည်းကောင်း လိုက်လံကြည့်ရှုအားပေးခဲ့ပြီးနောက် သက်ဆိုင်ရာပြိုင်ပွဲများအလိုက် ဆုရရှိကြသော ကျောင်းသား ကျောင်းသူများအား တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဆုတံဆိပ်၊ ငွေသားဆုများနှင့် လက်ဆောင်ပစ္စည်းများပေးအပ်ကာ တာဝန်ရှိသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေနှင့်အညီ စာအုပ်စာစောင်များ ပေးအပ်ရန် အသိပေးကြေညာချက်

၂၀၁၄ ခုနှစ်၊ ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ၊ နည်းဥပဒေများအရ ထုတ်ဝေသူများသည် မိမိတို့ထုတ်ဝေသည့် စာအုပ်စာစောင် ၅ အုပ် သို့မဟုတ် ၅ စောင်ကို ပြန်ကြားရေးဝန်ကြီးဌာနသို့ အဖိုးအခလွတ်ပေးအပ်ရမည်ဖြစ်ပါသည်။ ပြန်ကြားရေးဝန်ကြီးဌာနသည် အဆိုပါ စာအုပ်စာစောင်များကို မူပိုင်ခွင့်နှင့်စာအုပ်စာရင်း ၂ အုပ်၊ အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီသို့ ၂ အုပ်နှင့် အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာနသို့ ၁ အုပ် ပေးပို့လျက်ရှိပါသည်။

ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေအရ ထုတ်ဝေသူသည် မိမိထုတ်ဝေသော ထုတ်ဝေစာ ၅ အုပ် သို့မဟုတ် ၅ စောင်ကို ဖြန့်ချိသည့်နေ့မှစ၍ ၁၄ ရက်အတွင်း ပုံစံ(၁၁)ဖြင့် ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မူပိုင်ခွင့်နှင့်မှတ်ပုံတင်ဌာနခွဲသို့ ပေးပို့အပ်နှံရမည်ဖြစ်ပါသည်။ ယခုအခါ အောက်ဖော်ပြပါထုတ်ဝေသူများသည် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေနှင့်အညီ မူပိုင်ခွင့်နှင့်မှတ်ပုံတင်ဌာနခွဲသို့ ပေးပို့အပ်နှံရန် ပျက်ကွက်လျက်ရှိပါသဖြင့် အမြန်ဆုံးပေးအပ်နိုင်ပါရန် အသိပေးကြေညာအပ်ပါသည်-

| စဉ် | စာအုပ်အမည် | စာရေးသူ | ထုတ်ဝေသူ |
|---|---|---|---|
| ၁။ | မြို့ကလေးရဲ့ ရေဒီယို | မင်းသန့်ဟန် | ဦးအာကာကျော် လမ်းပြကြယ်စာပေ |
| ၂။ | သမထပန်းပွင့်ကလေးများနဲ့ ဖြစ်ရပ်မှန် ပရလောကအတွေ့ အကြုံများ | ဦးကေလာသ (မေတ္တာတံခွန်) | ဒေါ်နွယ်နွယ်ဝင်း ဆောင်းစုရတီစာပေ |
| ၃။ | ဥတုဘောဇန သင်္ဂဟကျမ်း | ယောမြို့စားအတွင်းဝန် ဦးဘိုးလှိုင် | ဦးမျိုးသန့်ကျော် မိုးဆမ်းပန်းစာပေ |
| ၄။ | ချစ်တယ်ငယ် | ဂိုးလ် | ဦးထွန်းထွန်းသန်း ကိုလတ်စာပေ |
| ၅။ | ဖရန့်ဇ်ကာဇကာ၏ပျောက်ဆုံး အရေးအသားများ | မောင်ဒေး | ဦးစိန်ဝင်း နှစ်ကာလများစာပေ |
| ၆။ | ချစ်တီး | တင်စိန်(ပထဝီဝင်) | ဦးဆန်းအောင်သူ ပဋ္ဌာဂံစာအုပ်တိုက် |

ပြန်ကြားရေးဝန်ကြီးဌာန

## သထုံမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

သထုံ ဇန်နဝါရီ ၂၇

မွန်ပြည်နယ် သထုံမြို့နယ်တွင် မြို့သန့်ရှင်းသာယာလှပရေးအတွက် တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ ပူးပေါင်းကာ အပတ်စဉ် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းက သထုံမြို့ လိပ်အင်းရပ်ကွက်ရှိ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းဝင်းအတွင်း၌ စုပေါင်းသန့်ရှင်းရေးများ ပြုလုပ်သည်။

စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ရာတွင် ခရိုင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့တို့၏ ဦးဆောင်မှုဖြင့် ဌာနဆိုင်ရာများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီအဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့ဝင်များ ပူးပေါင်းကာ ကျောင်းဝင်းအတွင်း၌ အမှိုက်များ၊ ချုံနွယ်များ ရှင်းလင်းခြင်း၊ သစ်ပင်သစ်ကိုင်းများခုတ်ထွင်ခြင်းစသည့် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို အင်အား ၂၅၀ ခန့်ဖြင့် ပူးပေါင်းဆောင်ရွက်ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

✣ စာမျက်နှာ ၁၁ မှ

### ရေတိုအောင်မြင်မှုများမှတစ်ဆင့်

> ရေရှည်အကျိုးစီးပွားကို မျက်ခြည်ပြတ်မခံဘဲ ရေတိုအကျိုးရလဒ်များများ ရနိုင်သလောက် လုပ်ကြည့်ရန်ဖြစ်သည်။ ရေတိုအောင်မြင်မှုများသည် ရေရှည်အောင်မြင်မှုများအတွက် အခြေခံဖြစ်သလို ထာဝရငြိမ်းချမ်းရေးပန်းတိုင်အတွက်ပါ ရေရာသေချာသည့် အာမခံချက်များဖြစ်သွားနိုင်ပါသည်။ ရေတိုအောင်မြင်မှုလေးများသည် ဒေသခံများအတွက် အကျိုးစီးပွားဖြစ်စေသလို ကျန်မငြိမ်းချမ်းသောဒေသများရှိ လက်နက်ကိုင်များအတွက်လည်း အတုယူစရာတစ်ခုဖြစ်လာနိုင်ပါသည်။ ထို့မျှတင်မက ကိုယ့်လူမျိုးအချင်းချင်း ကရုဏာတရားဖြင့် ကူညီစောင့်ရှောက်တတ်သည့် ပြည်တွင်းအလှူဒါနရှင်များအတွက်လည်း ရေရာသေချာသည့် အနာဂတ်လုပ်ငန်းစဉ်များအပေါ် ယုံကြည်မှုကို ရရှိလာစေပြီး လူမှုစီးပွားအခြေခံအဆောက်အအုံများ ပြန်လည်တည်ဆောက်ရာတွင် တတ်အားသမျှပါဝင်လာနိုင်မည်

ရေရှည်ပဋိပက္ခများနှင့် နပန်းလုံးနေရသည့်အခြေအနေအောက်မှာ မည်မျှပြင်းထန်နေပါစေ၊ ငြိမ်းချမ်းရေးလမ်းစတစ်ခုသည် မပျောက်လွင့်ဘဲ ရှိလာနိုင်ပါသည်။ အပစ်အခတ် ရပ်စဲထားသည့် အခြေအနေလည်း ဖြစ်နိုင်သည်။ မည်သည့်အခြေအနေမျိုး ဖြစ်လာပါစေ အခွင့်အရေးကို မိမိရရ အသုံးချနိုင်ရန်ဖြစ်ပါသည်။ တည်ငြိမ်ရေးကို လုံခြုံရေးဖြင့် ထိန်းထားပြီး တစ်ဖက်က ရသမျှ ပေးသမျှဖြင့် အခြေအနေကောင်းများ ဖန်တီးနိုင်ရန်ဖြစ်သည်။ စီးပွားရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းကို ချက်ချင်းစလုပ်ရန်ဖြစ်ပါသည်။

ရေရှည်အကျိုးစီးပွားကို မျက်ခြည်ပြတ်မခံဘဲ ရေတိုအကျိုးရလဒ်များများ ရနိုင်သလောက် လုပ်ကြည့်ရန်ဖြစ်သည်။ ရေတိုအောင်မြင်မှုများသည် ရေရှည်အောင်မြင်မှုများအတွက် အခြေခံဖြစ်သလို ထာဝရငြိမ်းချမ်းရေးပန်းတိုင်အတွက်ပါ ရေရာသေချာသည့် အာမခံချက်များ ဖြစ်သွားနိုင်ပါသည်။ ရေတိုအောင်မြင်မှုလေးများသည် ဒေသခံများအတွက် အကျိုးစီးပွားဖြစ်စေသလို ကျန်မငြိမ်းချမ်းသောဒေသများရှိလက်နက်ကိုင်များအတွက်လည်း အတုယူစရာတစ်ခုဖြစ်လာနိုင်ပါသည်။ ထို့မျှတင်မက ကိုယ့်လူမျိုးအချင်းချင်း ကရုဏာတရားဖြင့် ကူညီစောင့်ရှောက်တတ်သည့် ပြည်တွင်းအလှူဒါနရှင်များအတွက်လည်း ရေရာသေချာသည့် အနာဂတ်လုပ်ငန်းစဉ်များအပေါ်ယုံကြည်မှုကို ရရှိလာစေပြီး လူမှုစီးပွား အခြေခံအဆောက်အအုံများ ပြန်လည် တည်ဆောက်ရာတွင် တတ်အားသမျှ ပါဝင်လာနိုင်မည်ဟု ယူဆပါသည်။

ရေတိုအကျိုးဖြစ်ထွန်းမှုတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဝန်ဆောင်မှုအချို့က သေချာသည့် ကုန်ထုတ်လုပ်မှုရလဒ်ကောင်းကို ပေးစွမ်းပါသည်။ တစ်သမတ်တည်းသော လက်တွေ့ကျသည့်မူဝါဒအောက်တွင် ဒေသအခြေအနေကို ကြည့်၍ ချုပ်ကိုင်မှုအနည်းဆုံးဖြင့် လုပ်ကိုင်ခြင်းက ရေတိုအောင်မြင်မှုကို ပိုရစေပါသည်။ သို့မှသာ အခြေအနေကို စောင့်ကြည့်နေကြသည့် စီးပွားရေးနှင့် ပြန်လည်ထူထောင်ရေးတွင် ရေရှည်ရင်းနှီးမြှုပ်နှံလိုသူ လုပ်ငန်းရှင်များအတွက် အခြေအနေကောင်းများရှိနေပါကြောင်း သက်သေပြရာရောက်ပါမည်။

ဤဆောင်းပါး၏ အဓိကလိုရင်းမှာ **စစ်ပွဲများသည် အဘယ်မျှ ဆိုးရွားကြောင်းနှင့် စစ်ဖြစ်လျှင် အပစ်အခတ်ရပ်စဲရန်လွယ်ကူနိုင်သော်လည်း ငြိမ်းချမ်းရေးရရှိရန်မှု ခက်ခဲပုံနှင့် ပြန်လည်ထူထောင်ရေးများ လုပ်ဆောင်ရန်သည် အဘယ်မျှ ခက်ခဲလှကြောင်း၊** အမှန်တကယ် စစ်၏သားကောင်ဖြစ်ရသူများသည် အပြစ်မဲ့ပြည်သူများသာဖြစ်ပြီး လူမှုစီးပွားဘဝတွေ ဇီးရိုးလိုင်းအထိ ရောက်သွားရပုံများကို အကဲခတ်မိရန် ရည်ရွယ်ပါသည်။ ထို့ကြောင့် တည်ငြိမ်မှု ခေတ္တခဏရသည့် အချိန်အတွင်း၌ အခွင့်ကောင်းရယူ၍ ပညာဉာဏ်ရှိရှိ၊ အမြော်အမြင်ရှိရှိဖြင့် ထူထောင်ရေးလုပ်ငန်းများ ဘယ်လိုစတင်နိုင်မည်လဲ ရည်ရွယ်ခြင်းလည်း ဖြစ်ပါသည်။

ရေရှည်ဖွံ့ဖြိုးရေးနှင့် ထာဝရငြိမ်းချမ်းရေးအိပ်မက်ကို ရေတိုရလဒ်နှင့် အောင်မြင်မှု အသေးလေးများမှတစ်ဆင့် အကောင်အထည်ဖော်ကြည့်ခြင်း ဖြစ်သည်။ ရရှိနေသည့် အပစ်အခတ်ရပ်စဲရေး သို့မဟုတ် စစ်ပွဲမှတစ်ဆင့် ရယူထားရသည့် ငြိမ်းချမ်းနေသည့်ဒေသများတွင် လူမှုစီးပွားအခြေခံအဆောက်အအုံများကို ဘယ်လိုထူထောင်မလဲ။ ကမ္ဘာ့နိုင်ငံအချို့၏ ပဋိပက္ခမဖြစ်မီနှင့်ဖြစ်ပြီးကာလ ပြန်လည်တည်ဆောက်ရေးနမူနာအချို့ကိုလေ့လာပြီး စဉ်းစားကြည့်ခြင်းဖြစ်သည်။

စိတ်ချရသည့် လုံခြုံရေးအစီအမံအောက်တွင် တည်ငြိမ်အေးချမ်းအောင်ဆောင်ရွက်လျက် ရနိုင်သမျှ လူမှုစီးပွားဘဝတည်ဆောက်ရေးများကို ခပ်မြန်မြန် ခပ်သွက်သွက် အကောင်အထည်ဖော်နိုင်ရန်ဖြစ်သည်။ ဒေသတွင်း ရေတိုအောင်မြင်မှုများ ဖန်တီးနိုင်ခြင်းက ပြည်သူနှင့် ကျန်လက်နက်ကိုင်များကို ရသလောက် ဆွဲဆောင်စည်းရုံးနိုင်မည်ဖြစ်ပြီး ဤသို့ဖြင့် ရေရှည်ဖွံ့ဖြိုးမှုကိုပါ တစ်ပါတည်း တည်ဆောက်သွားနိုင်ပါမည်။ ထိုမှတစ်ဆင့်သာ ထာဝရငြိမ်းချမ်းရေးဆိုသည်ကိုလည်း အခိုင်အမာရရှိလာမည် ဖြစ်သည်ဟု ယုံကြည်ပါသည်။ ။

# ဝိဇ္ဇာနှင့်သိပ္ပံ တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ပညာရေးဒီဂရီကောလိပ်များမှ ကျောင်းအုပ်ကြီးများနှင့် ပဲခူးတိုင်းဒေသကြီးမှ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို

**နေပြည်တော် ဇန်နဝါရီ ၂၇**

ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ပညာရေးဒီဂရီကောလိပ်များမှ ကျောင်းအုပ်ကြီးများနှင့် ပဲခူးတိုင်းဒေသကြီးမှ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများသည် ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ် ဝတ္ထုကံတော်တွင် တည်ထားပူဇော်အောင်မြင်ခဲ့သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လာရောက်ဖူးမြော်ကြည်ညိုကြသည်။

ဦးစွာ ရှင်းလင်းဆောင်၌ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဂေါပကအဖွဲ့နှင့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းနှင့် ထိန်းသိမ်းခြင်း လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ကျွမ်းကျင်ပညာရှင်များက မာရဝိဇယဘုရားကြီး တည်ထားကိုးကွယ်ပူဇော်ရခြင်း ရည်ရွယ်ချက်၊ ရုပ်ပွားတော်မြတ်ကြီးအား လုပ်ငန်းစဉ်အဆင့်ဆင့်ဖြင့် အောင်မြင်စွာတည်ထားပူဇော်နိုင်ခဲ့မှု၊ လက်ရှိ ထိန်းသိမ်းဆောင်ရွက်နေမှု၊ ခေတ်မီစက်ကိရိယာများ အသုံးပြု၍ ကျောက်စာတော်များ တည်ထားဆောင်ရွက်ခဲ့မှုနှင့် သာသနာရေးဆိုင်ရာအခမ်းအနားကြီးများ စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ခဲ့မှု အခြေအနေတို့ကို ရှင်းလင်းပြောကြားကြပြီး မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာ တည်ထားပူဇော်နိုင်ရန် အဆင့်ဆင့်ဆောင်ရွက်ခဲ့မှု ဗီဒီယိုမှတ်တမ်းကို ပြသသည်။



ထို့နောက် ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများနှင့် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများက ရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာတည်ထားပူဇော်နိုင်ခဲ့မှု အခြေအနေများနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းကြပြီး ရုပ်ပွားတော်မြတ်ကြီးအား အဆင်ပြေချောမွေ့စွာလာရောက်ဖူးမြော်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးမှုများနှင့် ရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခဲ့မှု လုပ်ငန်းစဉ်အဆင့်ဆင့်ကို အသေးစိတ် ရှင်းလင်းပြောကြားပေးမှုများအပေါ် ကျေးဇူးတင်စကားများ ပြောကြားကြသည်။

**ပေးအပ်လှူဒါန်း**

ဆက်လက်၍ ဘုရားဖူးလာအဖွဲ့များသည် ဘုရားကြီးဘက်စုံပြုပြင်မွမ်းမံရန်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းကြရာ ဘုရားဂေါပကအဖွဲ့ တာဝန်ရှိသူက ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ထို့နောက် ဘုရားဖူးလာအဖွဲ့များသည် မာရဝိဇယ ရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြပြီး ဘုရားရင်ပြင်တော်ပတ်လည်၌ စကျင်ကျောက်များအသုံးပြု၍ တည်ဆောက်ထားသည့် ဂန္ဓကုဋိတိုက်များအတွင်း လေ့လာကြည့်ရှုကြသည်။

ယင်းနောက် ဗုဒ္ဓဥယျာဉ်တော်အတွင်း တည်ဆောက်ထားရှိသည့် မော်ကွန်းတိုက်၌ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဗုဒ္ဓဥယျာဉ်တော်ပုံစံငယ် ပြသထားမှု၊ ဗုဒ္ဓဥယျာဉ်တော်အတွင်း ကျင်းပပြုလုပ်ခဲ့သည့် မဟာမင်္ဂလာအခမ်းအနားများတွင် အသုံးပြုခဲ့သည့်ပစ္စည်းများ၊ ဘုရားရှင်ဓာတ်တော်၊ ရဟန္တာဓာတ်တော်များ ထည့်သွင်းပူဇော်ခဲ့သည့် ရွှေဖလားများ၊ မာရဝိဇယဆင်းတုတော်ကြီးအား အစိတ်အပိုင်း(၄)ပိုင်းခွဲ၍ တည်ဆောက်ထားသော ဆင်းတုတော်ပုံစံငယ်များ၊ မြန်မာ့ရိုးရာပန်းဆယ်မျိုး လက်ရာပုံစံငယ်များ၊ ရုပ်ပွားတော်မြတ်ကြီး တည်ထားပူဇော်မှု မှတ်တမ်းတင်ဓာတ်ပုံများနှင့် အခြားလေ့လာသင့်သည်များကို လှည့်လည်ကြည့်ရှုကြသည်။

ဆက်လက်၍ ဗုဒ္ဓဥယျာဉ်တော်အတွင်း အံ့မခန်း ဗိသုကာလက်ရာများဖြင့် ခမ်းနားထည်ဝါစွာ တည်ထားပူဇော်ထားသည့် အဂ္ဂါဓိပတိသာသနာ့ ဗိမာန်တော်ကြီး၊ ကျောက်စာရုံစေတီတော်များနှင့် အခြားသာသနိက အဆောက်အအုံများအား ဆက်လက်ဖူးမြော် လေ့လာကြည်ညိုခဲ့ကြသည်။

အလားတူ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား အနယ်နယ်အရပ်ရပ်မှ ရဟန်းရှင်လူဘုရားဖူးပြည်သူများလည်း လာရောက်ဖူးမြော်ကြည်ညိုလျက်ရှိကြကြောင်း သိရသည်။

**သတင်းစဉ်**

## ထိုင်တော်မူကျောက်ဆစ်ရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်တဲ့ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကဲ့သို့ ဗုဒ္ဓသာသနာသည်လည်း အစွန့်ရှည်တည်တံ့ခိုင်မြဲမယ်လို့ ယုံကြည်ပါတယ်

**ဒေါက်တာဘဟန် (ပါမောက္ခချုပ်၊ မိတ္ထီလာတက္ကသိုလ်)**

**တွေ့ဆုံမေးမြန်း - အောင်ရဲသွင်**
**ဓာတ်ပုံ - ဖိုးပြည့်စုံ**

**ပြည်ထောင်စုနယ်မြေ နေပြည်တော်ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်တွင် တည်ထားပူဇော်အောင်မြင်ခဲ့သည့် ကမ္ဘာပေါ်ရှိထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ယနေ့တွင် ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ပညာရေး ဒီဂရီကောလိပ်များမှ ကျောင်းအုပ်ကြီးများနှင့် ပဲခူးတိုင်းဒေသကြီးမှ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများ လာရောက်ဖူးမြော်ကြည်ညိုကြသည်။**



ဒေါက်တာဘဟန်



ဒေါက်တာဝင်းဝင်းသန်း



ဒေါက်တာမြတ်ညွန့်



ဦးကျော်လှ



ဒေါ်သန်းသန်းမော်

အဆိုပါဘုရားဖူးအဖွဲ့များသည် ဗုဒ္ဓဥယျာဉ်တော်အတွင်း တည်ထားပူဇော်ထားသည့်ဘုရား၊ စေတီများနှင့် သာသနိကအဆောက်အအုံများအား လှည့်လည်ဖူးမြော်ကြည်ညိုလေ့လာကြပြီး ခမ်းနားထည်ဝါစွာ ပူဇော်ထုဆစ်ထားသည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မျက်မြင်ဖူးမြော်တွေ့ရှိရမှုနှင့် အံ့မခန်းဗိသုကာလက်ရာများဖြင့် တည်ဆောက်ထားသည့် သာသနိကအဆောက်အအုံများအား လေ့လာခွင့်ရရှိမှု ရင်တွင်းခံစားချက်များကို မေးမြန်းရေးသားတင်ပြလိုက်ရပါသည်-

**ဒေါက်တာဘဟန် (ပါမောက္ခချုပ်၊ မိတ္ထီလာတက္ကသိုလ်)**

ကျွန်တော်တို့ အနေနဲ့ Naypyitaw State Academy မှာကျင်းပတဲ့ (၂၃)ကြိမ်မြောက် ဝိဇ္ဇာနှင့်သိပ္ပံ သုတေသနညီလာခံကို တက်ရောက်ကြပြီး ဒီနေ့မှာ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို လာရောက်ဖူးမြော်ကြခြင်း ဖြစ်ပါတယ်။ ဒီဘုရားကြီးကို အရင်ကတည်းက ဖူးမြော်ဖို့ ရည်မှန်းထားခဲ့ပါတယ်။ အခု မျက်မြင် ဖူးမြော်ရတဲ့အတွက် လွန်စွာ ကြည်နူးပီတိဖြစ်မိပါတယ်။ ဒီဘုရားကြီးဟာကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ် ဗုဒ္ဓရုပ်ပွားတော်များ အနက် ဉာဏ်တော်အမြင့်ဆုံး ဖြစ်တဲ့အတွက် ကျွန်တော်တို့ရဲ့ ဗုဒ္ဓသာသနာတော်ဟာ အစွန့်ရှည်တည်တံ့ ခိုင်မြဲမယ်လို့လည်း ယုံကြည်မိပါတယ်။ ဘုရားကြီး တည်ထားပူဇော်ထားတဲ့ ဗိသုကာလက်ရာတွေဟာလည်း အင်မတန်သပ်ရပ်ပြီး စနစ်တကျနဲ့ထုဆစ်ထားတာကို တွေ့ရှိရတဲ့အတွက်လည်း မြန်မာ့အနုပညာလက်ရာကို အထင်ကြီးလေးစားမိပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံတစ်ဝန်းမှာရှိတဲ့ ပြည်သူတွေအနေနဲ့လည်း ဒီဘုရားကြီးကို လာရောက်ဖူးမြော်ကြစေလိုပါတယ်။

**ဒေါက်တာဝင်းဝင်းသန်း (ပါမောက္ခချုပ်၊ မြိတ်တက္ကသိုလ်)**

ဝိဇ္ဇာနှင့်သိပ္ပံသုတေသနညီလာခံကို တက်ရောက်လာခဲ့ကြတဲ့ ပါမောက္ခချုပ်တွေ စုစည်းပြီး ဘုရားကြီးကို လာရောက်ဖူးမြော်ကြခြင်းဖြစ်ပါတယ်။ စကျင်ကျောက်နဲ့ပတ်သက်တဲ့ ထိုင်တော်မူရုပ်ပွားတော်တွေအနက် ကမ္ဘာပေါ်မှာ အကြီးဆုံးဆင်းတုတော်ကြီးကို ဖူးမြော်ခွင့်ရတဲ့အတွက် ဝမ်းသာပီတိဖြစ်မိပါတယ်။ အနုပညာလက်ရာမှာလည်း စံထားလောက်ပြီး ကြီးမားလေးလံတဲ့ ဆင်းတုတော်ကြီးကို ဒီနေရာအထိ ရောက်ရှိအောင် ပင့်ဆောင်ပူဇော်နိုင်တဲ့အတွက်လည်း ဂုဏ်ယူမိပါတယ်။ ကျွန်မအနေနဲ့ ဒီဘုရားကြီး စတင်ဖူးမြော်ခွင့်ပြုတဲ့အချိန်ကလည်း ဖူးမြော်ဖူးပါတယ်။ အခုကတော့ ဒုတိယအကြိမ်အဖြစ် ပါမောက္ခချုပ်တွေ စုစည်းပြီး လာရောက် ဖူးမြော်ကြခြင်းဖြစ်ပါတယ်။ ဘုရားကြီးရေရှည်တည်တံ့ခိုင်မြဲဖို့ ဆောင်ရွက်ထားတဲ့ အပိုင်းကို တာဝန်ရှိသူတွေက အသေးစိတ်ရှင်းပြကြတဲ့အတွက်လည်း ကျေးဇူးတင်ရှိပါတယ်။ ဗုဒ္ဓဘာသာဝင်တွေ အားလုံးက ဒီဘုရားကြီး တည်ထားပူဇော်တဲ့သတင်း ကြားကတည်းက လာရောက်ဖူးမြော်ကြဖို့ စိတ်အားထက်သန်နေကြပါတယ်။ အခုဆိုရင် အနယ်နယ်အရပ်ရပ်က ဘုရားဖူးပြည်သူတွေ ဂုဏ်ယူစွာနဲ့ လာရောက် ဖူးမြော်နေကြတာကို တွေ့မြင်ရတဲ့အတွက်လည်း ကြည်နူးမိပါတယ်။

**ဒေါက်တာမြတ်ညွန့်(ပါမောက္ခချုပ်၊ တောင်ငူတက္ကသိုလ်)**

ကျွန်တော့်အနေနဲ့ ဝိဇ္ဇာနှင့် သိပ္ပံသုတေသန ညီလာခံကို တက်ရောက်ပြီး ဘုရားကြီးကို လာရောက် ဖူးမြော်ခြင်းဖြစ်ပါတယ်။ နိုင်ငံတော်အကြီးအကဲရဲ့ ဦးဆောင်လမ်းညွှန်မှုနဲ့ တည်ထားပူဇော်ခဲ့တဲ့ ဘုရားကြီးဟာ အခုဆိုရင် ကမ္ဘာ့အလယ်မှာ ထည်ထည်ဝါဝါ ပေါ်ထွန်းနေပြီဖြစ်ပါတယ်။ ထေရဝါဒ ဗုဒ္ဓသာသနာတော် ထွန်းကားပြန့်ပွားစေဖို့ ရည်ရွယ်ချက်နဲ့အညီဖြစ်ပေါ်လာတဲ့ ဒီဘုရားကြီးဟာ ထေရဝါဒဗုဒ္ဓဘာသာနိုင်ငံတွေမှာသာမက ကမ္ဘာ့နိုင်ငံအသီးသီးမှာပါ ထင်ရှားပါတယ်။ ဒီလိုထင်ရှားတဲ့ ဘုရားကြီးကို ဖူးမြော်ရတဲ့အတွက် ကျွန်တော်တို့ ပါမောက္ခချုပ်တွေအားလုံး ဝမ်းသာပီတိဖြစ်မိပါတယ်။ နောက်ပြီး ဘုရားကြီးကို တည်ထားပူဇော်ပေးတဲ့ နိုင်ငံတော်အကြီးအကဲနဲ့တကွ တာဝန်ရှိသူတွေအားလုံးကိုလည်း ဘုရားဖူးလာပြည်သူများကိုယ်စား ကျေးဇူးတင်ရှိပါတယ်။ တည်ထားပူဇော်ထားတဲ့ အနုပညာလက်ရာတွေဟာလည်း တကယ့်ကိုအံ့မခန်းလက်ရာတွေပဲဖြစ်ပါတယ်။

စာမျက်နှာ ၁၄ သို့ ❖

# ရေဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် သမိုင်းဝင် ရွှေမုဌောမဟာစေတီတော်မြတ်ကြီးနှင့် အရံစေတီတော်များ၊ ဆင်းတုတော်များ လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူနိုင်ရေး ပြင်ဆင်ဆောင်ရွက်နေမှုများ ကြည့်ရှုစစ်ဆေး



**ပုသိမ် ဇန်နဝါရီ ၂၇**

ရေဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းသည် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် ဌာနဆိုင်ရာများနှင့်အတူ ယမန်နေ့ညနေပိုင်းတွင် ပုသိမ်မြို့ကျက်သရေဆောင်သမိုင်းဝင်ရွှေမုဌောမဟာစေတီတော်မြတ်ကြီးနှင့် အရံစေတီတော်များ၊ ဆင်းတုတော်များ လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူနိုင်ရေး ပြင်ဆင်ဆောင်ရွက်နေမှုများအား ကြည့်ရှုစစ်ဆေးခဲ့သည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ပန်းရထားဖြင့် ရွှေဆိုင်းကပ်လှူနိုင်ရေး ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ ဘုရားဖူးပြည်သူများမှ အလှူငွေလှူဒါန်းမှု အခြေအနေများအား မေးမြန်းခဲ့ပြီး ပန်းရထားဖြင့် ရွှေသင်္ကန်းကပ်လှူရာတွင် အဆင်ပြေစေရေး၊ အလှူငွေများအား စနစ်တကျမှတ်တမ်းထားရှိစေရေး မှာကြားခဲ့သည်။ ထို့နောက် ရွှေမုဌောမဟာစေတီတော်မြတ်ကြီးအား လှည့်လည်ဖူးမြော်ကြည်ညိုခဲ့ပြီး ဘုရားတန်ဆောင်းများရှိ မှန်စီရွှေချရေးလက်ရာများ ထိခိုက်ပျက်စီးမှုမရှိစေရေး ထိန်းသိမ်းစောင့်ရှောက်ရန်၊ မုခ်ဦးများရှိ မှန်စီပန်းချီကားများ၊ ရုပ်လုံးရုပ်ကြွများ ထိခိုက်ပျက်စီးမှုမရှိစေရေး စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်ရန်၊ ဘုရားသမိုင်းမှတ်တမ်းများနှင့် ရှေးလက်ရာမှတ်တမ်းများရှာဖွေ၍ မှတ်တမ်းထိန်းသိမ်းထားရှိရန်မှာကြား ခဲ့ကြောင်းသိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

---

❖ စာမျက်နှာ ၁၃ မှ

ဒါကြောင့် မြန်မာပြည်အရပ်ရပ်မှာရှိတဲ့ ရဟန်းရှင်လူပြည်သူများ အနေနဲ့ ဒီဘုရားကြီးကို မဖြစ်မနေ လာရောက်ဖူးမြော်ကြည်ညိုကြစေလိုပါတယ်။

**ဦးကျော်လှ**
**(အငြိမ်းစားနိုင်ငံ့ဝန်ထမ်း)**

ဒီမာရဝိဇယ ဘုရားကြီးကို ကျွန်တော် တစ်ယောက်တည်း လာရောက် ဖူးမြော်ဖို့ဆိုတာ မလွယ်ကူပါဘူး။ အရင်က ရုပ်မြင်သံကြားနဲ့ သတင်းစာတွေထဲမှာတော့ ခဏခဏဖူးမြော်ခဲ့ရပါတယ်။ အခုလို ကိုယ်တိုင်ကိုယ်ကျဖူးမြော်ခွင့်ရအောင် စီစဉ်ပေးတဲ့တာဝန်ရှိသူတွေကို ကျေးဇူးတင်ရှိပါတယ်။ ဘုရားကြီးကို စတင်မြင်တွေ့ရတဲ့အချိန်မှာ ပြောမပြနိုင်အောင် ဝမ်းသာကြည်နူးမှုကို ခံစားခဲ့ရပါတယ်။ ဖူးမြော်လိုက်ရတဲ့အခါမှာလည်း ရင်ထဲမှာအတော်လေး အေးချမ်းခဲ့ပါတယ်။ တည်ထားပူဇော်ထားတဲ့ ဗိသုကာလက်ရာတွေဟာလည်း အံ့မခန်းပါပဲ။ ကျွန်တော့်အနေနဲ့ မိသားစုနဲ့အတူ နောက်တစ်ခေါက် လာရောက်ဖူးမြော်ဖို့ ရည်ရွယ်ထားပါတယ်။ အနယ်နယ်အရပ်ရပ်က ပြည်သူတွေလည်း လာရောက်ဖူးမြော်ကြပါ။ စိတ်အေးချမ်းမှုကို ရရှိကြမှာပါလို့ ပြောလိုပါတယ်။

**ဒေါ်သန်းသန်းမော်**
**(အငြိမ်းစားနိုင်ငံ့ဝန်ထမ်း)**

ကျွန်မ ဒီမာရဝိဇယဘုရားကြီးကို လာရောက်ဖူးမြော်ရမယ်လို့ မသိခင်မှာ နေမကောင်းဖြစ်နေခဲ့တာပါ။ အခုဖူးမြော်နေတဲ့အချိန်မှာ ရင်ထဲအေးချမ်းပြီး ဝမ်းသာကြည်နူးတဲ့ခံစားချက်မျိုး ရရှိပါတယ်။ ဘုရားကြီးရဲ့ မေတ္တာဓာတ်တွေကြောင့် ကျွန်မရောဂါ သက်သာပျောက်ကင်းခဲ့တယ်လို့ ကျွန်မခံယူပါတယ်။ ဘုရားဖူးဖို့ စီစဉ်ပေးတဲ့ နိုင်ငံတော်တာဝန်ရှိသူတွေကိုလည်း အထူး ကျေးဇူးတင်ရှိပါတယ်။ ဘုရားကြီး အောင်မြင်စွာ တည်ဆောက်ပူဇော်နိုင်ဖို့ ဆောင်ရွက်ခဲ့တဲ့လုပ်ငန်းစဉ် အဆင့်ဆင့်ကိုလည်း ဘုရားတာဝန်ရှိသူတွေက အသေးစိတ်ကို ရှင်းလင်းပြောကြားပေးခဲ့တဲ့အတွက် အသိအမြင် ဗဟုသုတတွေလည်း များစွာရရှိခဲ့ပါတယ်။ တိုတောင်းလှတဲ့ လူ့ဘဝ သက်တမ်း အချိန်လေးအတွင်းမှာ အသက်ရှင်နေထိုင်စဉ် ကာလအတွင်း အံ့သြစရာတွေနဲ့ ပြည့်နေတဲ့ ဒီဘုရားကြီးကို လာရောက်ဖူးမြော်ကြပါလို့ တိုက်တွန်းပြောကြားလိုပါတယ်။

---

# ကော့သောင်းမြို့ အ.ထ.က(ခွဲ) အ.လ.က(၂) ပညာရေးစုံညီပွဲတော် ကျင်းပ

**ကော့သောင်း ဇန်နဝါရီ ၂၇**

တနင်္သာရီ တိုင်းဒေသကြီး ကော့သောင်းမြို့နယ်အတွင်းရှိ အ.ထ.က(ခွဲ) အ.လ.က(၂)၏ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်နှင့် ဘက်စုံထူးချွန်ဆုပေးပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက မဏ္ဍပ်သကခန်းမ၌ ကျင်းပသည်။



**ရှင်းလင်းပြောကြား**

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ချိုက အဖွင့်အမှာစကား ပြောကြားခဲ့ပြီး ခရိုင်ပညာရေးမှူး ဒေါ်သန်းစိုးက ပညာရေးစုံညီပွဲတော်နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွင်း တိုင်းဒေသကြီးအဆင့်၊ မြို့နယ်အဆင့် ကာယ၊ ဥာဏ ပြိုင်ပွဲများနှင့် ဘာသာရပ်အလိုက် ထူးချွန်ဆုရသူများ၊ ဘက်စုံထူးချွန်ဆုရသူများ၊ ခရိုင်၊ မြို့နယ်အဆင့် လူရည်ချွန် ကျောင်းသား ကျောင်းသူများအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများ၊ ကျောင်းသားမိဘများနှင့် အလှူရှင်များက ဆုများ ပေးအပ်ခဲ့ကြပြီး ကျောင်းသား ကျောင်းသူများက အကပဒေသာ တေးသရုပ်ဖော်အကများဖြင့် တင်ဆက်ကပြဖျော်ဖြေကြရာ တက်ရောက်လာကြသည့် ဧည့်သည်တော်များက ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

---




# မြန်မာနိုင်ငံဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ဗဟို)၏ အလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၂၇**

မြန်မာနိုင်ငံ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)၏ ၁/၂၀၂၄ အလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီက ဗိုလ်တထောင်မြို့နယ် ကမ်းနားလမ်းရှိ ယင်းရုံး အစည်းအဝေးခန်းမ၌ကျင်းပသည်။ အခမ်းအနားမှူးအဖြစ် ဦးလှကြူက ဆောင်ရွက်ခဲ့သည်။

ဦးစွာဗဟိုဥက္ကဋ္ဌ ဦးဝဏ္ဏက ဖွင့်အမှာစကားပြောကြားပြီး နာယကကြီးများက နှုတ်ခွန်းဆက်စကားပြောကြားခဲ့သည်။ အခမ်းအနားမှူးက ပြီးခဲ့သောအစည်းအဝေးမှတ်တမ်းကိုဖတ်ကြားပြီး အတည်ပြုချက်ရယူခဲ့သည်။

**တင်ပြဆွေးနွေး**

ဆက်လက်၍ လုပ်ငန်းအဖွဲ့တာဝန်ရှိသူများဖြစ်ကြသည့် စည်းကမ်းထိန်းသိမ်းရေးနှင့် ညှိနှိုင်းဖျန်ဖြေရေးဥက္ကဋ္ဌ ဦးမျိုးမင်းဝင်း(ဗုဒ္ဓဘာသာ)၊ ဘဏ္ဍာရှာဖွေရေးဥက္ကဋ္ဌ(ဟိန္ဒူဘာသာ)၊ သဘာဝဘေးအန္တရာယ်ကူညီထောက်ပံ့ရေးလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဇော်ဝင်း(အစ္စလာမ်ဘာသာ)၊ လူမှုရေးရာလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဦးအောင်မျိုးသန့်၊ အမျိုးသမီးရေးရာလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မြသွေး၊ ပြန်ကြားရေးအဖွဲ့အတွင်းရေးမှူး ဦးဟန်သိန်းတို့က လုပ်ငန်းအလိုက် တင်ပြဆွေးနွေးခဲ့ကြသည်။

ယင်းနောက် တက်ရောက်လာကြသူများက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးကြပြီး ဗဟိုဥက္ကဋ္ဌ ဦးဝဏ္ဏက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးခဲ့ပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့သည်။

**သျှင်ဝင်းသျှင်**

---

# ရေဝတီတိုင်းဒေသကြီးအတွင်း လေပြင်းဒဏ်ခံနိုင်ရည်ရှိသောအိုးအိမ်များဖြစ်စေရေးအတွက် မွမ်းမံပြင်ဆင်

**ပုသိမ် ဇန်နဝါရီ ၂၇**

ရေဝတီတိုင်းဒေသကြီး ဘေးအန္တရာယ်စီမံခန့်ခွဲမှုဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးရုံးမှ တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၀ မြို့နယ်တွင် လေပြင်းဒဏ်ပိုမိုခံနိုင်ရည်ရှိသော အိုးအိမ်များဖြစ်စေရေးအားဖြည့်၊ မွမ်းမံပြင်ဆင်ခြင်းလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ပုသိမ်မြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာများသို့ ဘေးအန္တရာယ်စီမံခန့်ခွဲမှုဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးနှင့် ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ခဲ့ကြသည်။



၂၀၂၃ ခုနှစ်အတွင်း တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ရှစ်မြို့နယ်တွင် လေပြင်းဒဏ်ပိုမိုခံနိုင်ရည်ရှိသော အိုးအိမ်များဖြစ်စေရေးအတွက် အားဖြည့်၊ မွမ်းမံပြင်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ အိမ်ခြေတစ်လုံးလျှင် ငွေကျပ် ၄၅၀၀၀ နှုန်းဖြင့် မြို့နယ် ရှစ်မြို့နယ်မှ နေအိမ် ၂၄၀၀ ကို ကုန်ကျမှုတန်ဖိုး ငွေကျပ် ၁၀၈ သန်းခန့် အကုန်အကျခံ၍ မွမ်းမံပြင်ဆင်ပေးနိုင်ခဲ့သည်။ ၂၀၂၄ ခုနှစ်တွင်လည်း တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၀မြို့နယ်မှ အိမ်ခြေတစ်လုံးလျှင် ငွေကျပ် ၄၅၀၀၀ နှုန်းဖြင့် နေအိမ် ၃၀၀၀ ခန့်ကို အိမ်ဆောက်ပစ္စည်းတန်ဖိုး ငွေကျပ် ၁၃၅ သန်းခန့် ကုန်ကျခံ၍ မွမ်းမံပြင်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်သည်။

၂၀၂၄ ခုနှစ်တွင် တိုင်းဒေသကြီးအတွင်းရှိ ပုသိမ်၊ ကန်ကြီးထောင့်၊ သာပေါင်း၊ ဝါးခယ်မ၊ ဟင်္သာတ၊ ဇလွန်၊ အင်္ဂပူ၊ မအူပင်၊ ညောင်တုန်း၊ ဓနုဖြူမြို့နယ်(၁၀)မြို့နယ်တွင် ကြိုတင်ပြင်ဆင်ရေး လုပ်ငန်းကော်မတီမှ သက်ဆိုင်ရာ မြို့နယ်နှင့် ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများမှ စာရင်းကောက်ယူထားသည့် အိမ်ခြေ ၃၀၀၀ ကို ဇန်နဝါရီ ၁၅ ရက်မှ စတင်ကာ တိုင်းဒေသကြီးဦးစီးမှူးနှင့် ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

---

✳ ကျောဖုံးမှ

စာချုပ်ချုပ်မှာပါ။ ဖေဖော်ဝါရီလဒုတိယပတ်မှာက ကွင်းစုံထွက်မှာဆိုတော့ အဲဒီလိုအချိန်ကျရင် ကမ္ဘာနဲ့ အိတ်စ်ပို့အရောင်းတွေဖွင့်ကြပြီ။ အဲဒီအခါကျ ဈေးကွက်တွေအကုန်မှန်သွားပါတယ်”ဟု ပဲတီစိမ်း၊ ဆန်နှင့် ဒေသထွက်ပစ္စည်းများရောင်းဝယ်ရေး ကုမ္ပဏီတစ်ခုဖြစ်သည့် GLC Myanmar မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

လက်ရှိကာလတွင် ပဲတီစိမ်းနှင့် မတ်ပဲမှာ ဝယ်လိုအားတက်လျက်ရှိပြီး ပဲမျိုးစုံမှာလည်း ဧရာဝတီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် စတင်ထွက်ရှိနေပြီဖြစ်ကြောင်း ပဲမျိုးစုံရောင်းဝယ်ရေး အသိုင်းအဝိုင်းမှ သိရသည်။

ပြီးခဲ့သည့် ၂၀၂၃ ခုနှစ်က မြန်မာ့ပဲတီစိမ်းတန်ချိန် ၁၀၀၀၀ ကျော်ကို ဥရောပသမဂ္ဂနိုင်ငံများသို့ တင်ပို့ခဲ့ကြောင်း သိရသည်။

**သစ်တော်**

# မြန်မာနိုင်ငံ တိရစ္ဆာန်ဆေးကုဆရာဝန်များအသင်း(ဗဟို) (၂၀၁၉-၂၀၂၁) အလုပ်အမှုဆောင်အဖွဲ့၏ (၁၅)ကြိမ်မြောက်ညီလာခံ ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂၇

မြန်မာနိုင်ငံ တိရစ္ဆာန်ဆေးကုဆရာဝန်များအသင်း(ဗဟို) (၂၀၁၉-၂၀၂၁) အလုပ်အမှုဆောင်အဖွဲ့၏ (၁၅)ကြိမ်မြောက်ညီလာခံကို ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် အနောက်ကြို့ကုန်းရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်ရုံး သီရိအဏ္ဏဝါခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးမျိုးမြင့်အောင်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ စာတမ်းဖတ်ပွဲ သဘာပတိနှင့် အမှတ်ပေးဒိုင်များ၊ မြန်မာနိုင်ငံ တိရစ္ဆာန်ဆေးပညာကောင်စီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ တိရစ္ဆာန်ဆေးကုဆရာဝန်များအသင်းဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ တိရစ္ဆာန်ဆေးကုဆရာဝန်များအသင်းဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များ၊ အသင်းသား အသင်းသူများ၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ညီလာခံဖွင့်ပွဲတွင် ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးက "ခေတ်မီတိုးတက်သော တိရစ္ဆာန်ဆေးပညာနှင့် မွေးမြူရေးပညာရပ်များ ပြန့်ပွားစေရန်နှင့် လုပ်သားပြည်သူတစ်ရပ်လုံး၏ အကျိုးစီးပွားကို စည်းလုံးညီညွတ်စွာဖြင့် ရှေးရှုဆောင်ရွက်ရန်" ရည်ရွယ်ချက်ဖြင့် မြန်မာနိုင်ငံ တိရစ္ဆာန်ဆေးကုဆရာဝန်များအသင်းကို ၁၉၇၄ ခုနှစ်တွင် စတင်ဖွဲ့စည်းတည်ထောင်ခဲ့ပြီး ရာသက်ပန်အသင်းဝင် ၉၅၀၊ ရိုးရိုးအသင်းဝင် ၃၂၆၆ ဦးရှိ၍ အသင်းဝင်တိရစ္ဆာန်ဆေးကုဆရာဝန် စုစုပေါင်းမှာ ၄၂၁၆ ဦး ရှိပြီဖြစ်ကြောင်း၊

တစ်ပိုင်တစ်နိုင် မွေးမြူရေးမှ စီးပွားဖြစ် မွေးမြူရေးအထိ တိုးချဲ့မွေးမြူနိုင်ရန်အတွက် ကျေးလက်ဒေသအထိ ပျံ့နှံ့ရောက်ရှိနေသော တိရစ္ဆာန်ဆေးကုဆရာဝန်များက မွေးမြူရေးပညာပေးခြင်း၊ ကာကွယ်ကုသခြင်းလုပ်ငန်းများကို လုပ်ဆောင်ပေးခြင်းဖြင့် ထုတ်လုပ်မှုတိုးတက်ပြီး မိသားစုများဝင်ငွေတိုးတက်လာမည်ဖြစ်ပါကြောင်း၊ ကဏ္ဍတစ်ခုနှင့်တစ်ခု ဆက်စပ်နေသော ကမ္ဘာ့ကျန်းမာရေးကိုရှေးရှုပြီး အစိုးရပိုင်း၊ ပုဂ္ဂလိကပိုင်းနှင့် ပြည်သူအပိုင်း ကဏ္ဍများပူးပေါင်း၍ ကျန်းမာရေး၊ ဖွံ့ဖြိုးရေးနှင့် ထုတ်လုပ်မှုလုပ်ငန်းများကို အတူတူကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ တိရစ္ဆာန်ဆေးကုဆရာဝန်များအသင်း(ဗဟို) ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကာ အစည်းအဝေးပထမပိုင်းကို ရုပ်သိမ်းသည်။

ယင်းနောက် မြန်မာနိုင်ငံ တိရစ္ဆာန်ဆေးကုဆရာဝန်များအသင်း(ဗဟို) (၂၀၁၉-၂၀၂၁) အလုပ်အမှုဆောင်အဖွဲ့၏ (၁၅)ကြိမ်မြောက်ညီလာခံ ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တိရစ္ဆာန်ဆေးဝါးနှင့် တိရစ္ဆာန်အစာရောင်းချသည့် ကုမ္ပဏီ ၂၅ ခုတို့က ဖွင့်လှစ်ပြသထားသည့် ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

အခမ်းအနား ဒုတိယပိုင်းတွင် အလုပ်အမှုဆောင်အစီရင်ခံစာဖတ်ကြားခြင်း၊ ဘဏ္ဍာရေးရှင်းတမ်းဖတ်ကြားခြင်း၊ ၂၀၂၄-၂၀၂၆ အတွက် အလုပ်အမှုဆောင်သစ်များ အမည်စာရင်းကြေညာခြင်း၊ ၂၀၂၄-၂၀၂၆ အတွက် အလုပ်အမှုဆောင်သစ်များ ဂတိသစ္စာပြုခြင်း၊ ၂၀၂၄-၂၀၂၆ အလုပ်အမှုဆောင်အဖွဲ့ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကားပြောကြားခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ရွှေရတုအထိမ်းအမှတ်အကြို (၁၅)ကြိမ်မြောက် မြန်မာနိုင်ငံ တိရစ္ဆာန်ဆေးကုဆရာဝန်များအသင်း(ဗဟို) ညီလာခံမှ စကားသံများ

**စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် မြန်မာနိုင်ငံတွင် တိရစ္ဆာန်ဆေးပညာနှင့် မွေးမြူရေးပညာရပ်များ ဖွံ့ဖြိုးတိုးတက်ခြင်း၊ ကောင်းမွန်သောမွေးမြူရေး၊ စိုက်ပျိုးရေးကျင့်စဉ်ကိုဖော်ဆောင်ခြင်းဖြင့် စားရေရိက္ခာဖူလုံမှုကို အထောက်အပံ့ဖြစ်စေမည်ဖြစ်ပြီး ဘေးကင်းလုံခြုံသောအစားအစာကို စားသုံးနိုင်ခြင်းဖြင့် ကျန်းမာသန်စွမ်း၍ ဉာဏ်ရည်မြင့်မားသော လူ့စွမ်းအားအရင်းအမြစ်များ စဉ်ဆက်မပြတ် ပေါ်ထွန်းလာမည်ဖြစ်ပြီး မြန်မာနိုင်ငံ တိရစ္ဆာန်ဆေးကုဆရာဝန်များအသင်းအနေဖြင့် တိရစ္ဆာန်ဆေးကုပညာရပ်များနှင့် မွေးမြူရေးပညာရပ်များဖြင့် တောင်သူများကို အကျိုးပြုလျက်ရှိရာ ယနေ့ကျင်းပသည့် မြန်မာနိုင်ငံတိရစ္ဆာန်ဆေးကုဆရာဝန်များအသင်း(ဗဟို)၏ (၁၅)ကြိမ်မြောက်ညီလာခံသို့ တက်ရောက်ကြသူများ၏ ရင်တွင်းစကားသံများကို ဖော်ပြလိုက်ပါသည်။**

**ပါမောက္ခဒေါက်တာ တင်ထွေး**
**ဥက္ကဋ္ဌ မြန်မာနိုင်ငံတိရစ္ဆာန်ဆေးကုဆရာဝန်များအသင်း (ဗဟို)**

မြန်မာနိုင်ငံ တိရစ္ဆာန်ဆေးကုဆရာဝန်များအသင်းကို ၁၉၇၄ ခုနှစ်မှာ စတင်ဖွဲ့စည်းခဲ့တာ ၂၀၂၄ ခုနှစ်ဆိုရင် နှစ်ပေါင်း(၅၀) ပြည့်ပါပြီ။ ဒီနေ့မှာ မွေးမြူရေးနဲ့ကုသရေး ပညာရပ်ဆိုင်ရာ စာတမ်းတွေ၊ မွေးမြူရေးနဲ့ပတ်သက်တဲ့၊ ကုသရေးနဲ့ပတ်သက်တဲ့၊ ငါးလုပ်ငန်းနဲ့ပတ်သက်တဲ့ စာတမ်းတွေကို ဖတ်ကြားပါတယ်။ ဒီပညာရပ်စာတမ်းတွေဟာ မွေးမြူရေးနဲ့ ဆေးကုသရေးပိုင်းမှာ ဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူဖြစ်စေပါတယ်။ မွေးမြူရေးကဏ္ဍမှာ တိရစ္ဆာန်တွေရောဂါမဖြစ်အောင် ကာကွယ်နိုင်မှ အောင်မြင်တဲ့ မွေးမြူရေးလုပ်ငန်းတစ်ခုဖြစ်လာမှာပါ။ ကြိုတင်ကာကွယ်တဲ့ မွေးမြူရေးကျင့်စဉ်ကောင်းတွေ ရရှိအောင် ပညာပေးဖို့လည်းလိုပါတယ်။ ကမ္ဘာမှာ စိုက်ပျိုးရေးနဲ့ မွေးမြူရေးမှာ ပဋိဇီဝဆေးတွေကို အသုံးပြုနေတဲ့အတွက် အဲဒီဆေးယဉ်ပါးမှုပြဿနာဟာ ကျန်းမာရေးကိုထိခိုက်စေပါတယ်။ ဒါကြောင့် One health ဆိုတဲ့ တစ်ခုတည်းသောကျန်းမာရေးကို တိရစ္ဆာန်ဆေးကုဆရာဝန်နဲ့ လူနာကုသတဲ့ ဆရာဝန်တွေပူးပေါင်းပြီး ဆောင်ရွက်နေတာပါ။ လူ၊ တိရစ္ဆာန်နဲ့ ပတ်ဝန်းကျင် ကျန်းမာမှသာ ကမ္ဘာကြီးမှာဆက်ပြီး အသက်ရှင်သန်နိုင်ဖို့ အရေးကြီးပါတယ်။ မွေးမြူရေးကဏ္ဍမှာလည်း ပဋိဇီဝဆေးဝါးသုံးစွဲမှုကို အတတ်နိုင်ဆုံးနည်းအောင်၊ နောက်ဆုံး မသုံးတဲ့အထိဖြစ်အောင် ကြိုးစားဆောင်ရွက်နေပါတယ်။ ဒါ့ကြောင့် တိရစ္ဆာန်ဆေးကုဆရာဝန်များရဲ့ ကဏ္ဍဟာ အရေးကြီးတာပါ။ မြန်မာနိုင်ငံ တိရစ္ဆာန်ဆရာဝန်များအသင်းကို အခက်အခဲများကြားက ဖွဲ့စည်းတည်ထောင်ခဲ့ရတာပါ။ ဆရာကြီး ဆရာမကြီးများ လက်ကမ်းသယ်ဆောင်လာခဲ့တာ အခုထိ တည်တံ့ခိုင်မြဲနေမှုကို ဝမ်းမြောက်ဂုဏ်ယူပါတယ်။ အခုအခါမှာ အသင်းအနေနဲ့ ပြည်သူအကျိုး၊ တိရစ္ဆာန်ဆေးပညာ ဖွံ့ဖြိုးတိုးတက်မှုအကျိုးကို တိုးမြှင့်ဆောင်ရွက်သွားကြမယ်လို့ ယုံကြည်ပါတယ်။



ပါမောက္ခဒေါက်တာ တင်ထွေး



ဒေါက်တာ တိုးမင်းထွန်း


ဒေါက်တာ ခင်ခင်ဌေး


ဒေါက်တာ စောဆေးဟဲ

**ဒေါက်တာ တိုးမင်းထွန်း**
**ဒုတိယညွှန်ကြားရေးမှူးချုပ်**
**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**

အသင်းအနေနဲ့ တိရစ္ဆာန်ကနေလူကိုကူးစက်တဲ့ ရောဂါထိန်းချုပ်မှု ဆောင်ရွက်တာ ငါးကြိမ်ရှိပါပြီ။ ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့၊ အရှေ့တောင်အာရှ တိရစ္ဆာန်ကျန်းမာရေးအဖွဲ့တို့နဲ့ ချိတ်ဆက်ဆောင်ရွက်တာလည်း ရှိပါတယ်။ မွေးမြူရေးလောက တိုးတက်ဖို့အတွက် အသားစားကြက်၊ ဥစားကြက်၊ နွားနဲ့ပတ်သက်တဲ့ပညာရပ်ဆိုင်ရာ ဆွေးနွေးမှုတွေလည်း လုပ်ဆောင်ကြပါတယ်။ အသင်းအနေနဲ့ မွေးမြူရေးပိုင်းဆိုင်ရာမှာလည်း ပညာပေးလုပ်ဆောင်မှုတွေ လုပ်ဆောင်နေတာရှိပါတယ်။

အခုညီလာခံဟာ တိရစ္ဆာန်ဆေးကု ဆရာဝန်တွေအားလုံးနဲ့ သက်ဆိုင်တဲ့ ညီလာခံဖြစ်ပါတယ်။ အသင်းဝင် ၄၀၀၀ ကျော်ရှိပါတယ်။ အသင်းမှာ CEC ၁၃ ဦးနဲ့ ဆောင်ရွက်နေကြပါတယ်။ ကိုဗစ်ကာလနောက်ပိုင်းမှာ ပထမဆုံးပြန်လည်ကျင်းပနိုင်တာပါ။ အသင်းအနေနဲ့ ပညာရပ်ဆိုင်ရာများ ပျောက်ပျက်မှုမရှိဘဲ တိုးတက်အောင် စုစုစည်းစည်းညီညွတ်စွာ ကုသရေးလုပ်ငန်းများကို ဆောင်ရွက်ဖို့ ရည်ရွယ်ဖွဲ့စည်းခဲ့တာဖြစ်ပါတယ်။ အခုလို အသင်းသားတွေနဲ့ စုစုစည်းစည်း ကျင်းပနိုင်တာဟာ ဆရာဝန်တွေရဲ့ စုစည်းညီညွတ်မှုကို တွေ့မြင်ရတဲ့အတွက် ဝမ်းသာဂုဏ်ယူပါတယ်။ နိုင်ငံအတွက်လည်း ခွန်အားတစ်ခုဖြစ်စေပါတယ်။ စုစည်းညီညွတ်မှုကနေ မွေးမြူရေးလောက တိုးတက်ဖို့နဲ့ ကုသရေးနဲ့ ပညာရပ်ဆိုင်ရာတွေလည်း တိုးတက်လာမယ်လို့ မျှော်လင့်ပါတယ်။ နိုင်ငံတကာနဲ့ ရင်ပေါင်တန်းနိုင်အောင်လည်း ဆက်လက်ကြိုးစားဆောင်ရွက်သွားမှာပါ။ ကျွန်တော်တို့ကို သင်ကြားပေးခဲ့တဲ့ ဆရာကြီး၊ ဆရာမကြီးတွေကို ဦးခိုက်ရတဲ့အတွက်လည်း အတိုင်းမသိ ဝမ်းမြောက်ဝမ်းသာ ဖြစ်ရပါတယ်။

**ဒေါက်တာ ခင်ခင်ဌေး**
**(မြန်မာနိုင်ငံတိရစ္ဆာန်ဆေးကုဆရာဝန်များအသင်း(ဗဟို) အမှုဆောင်)**

အသင်းအနေနဲ့ အခုအခါမှာ အဓိက လုပ်ဆောင်နေတာက ခွေးရူးပြန်ကာကွယ်ဆေး ထိုးနှံမှုပါ။ ရပ်ကွက်ထဲမှာ စုထားပေးတဲ့ ခွေးတွေကို ရောဂါကာကွယ်ဆေး ထိုးနှံပေးပါတယ်။ ရည်ရွယ်ချက်က ခွေးရူးပြန်ရောဂါ မြန်မာနိုင်ငံမှာ ကင်းစင်စေဖို့ပါ။ ခွေးရူးပြန်ရောဂါကာကွယ်ဆေး လုံလောက်မှုမရှိတဲ့အတွက် သားဆက်ခြားလုပ်ငန်းတွေကို နိုင်ငံခြားက ဆရာဝန်တွေနဲ့ ပူးပေါင်းဆောင်ရွက်နေတာရှိပါတယ်။ ကူးစက်တတ်တဲ့ရောဂါဖြစ်ပြီး ခံစားရတဲ့ ဝေဒနာလည်း မသက်သာပါဘူး။ ဒါကြောင့် ရောဂါကင်းစင်စေချင်ပါတယ်။ မြန်မာနိုင်ငံ တိရစ္ဆာန်ဆေးကု ဆရာဝန်အသင်းအနေနဲ့ နည်းပညာလိုအပ်ပါတယ်။ ဂျပန်နိုင်ငံအကူအညီနဲ့ မြန်မာနိုင်ငံက ဆရာဝန်နှစ်ဦးကို ပညာသင်လွှတ်ပြီး မြန်မာနိုင်ငံမှာ လက်ဆင့်ကမ်းပညာဖြန့်ဝေဖို့ ကြိုးစားနေပါတယ်။ တစ်နိုင်ငံလုံးမှာ ဆရာဝန် ၆၀၀၀ နီးပါးရှိပါတယ်။ မျိုးဆက်သစ်ဆရာဝန်တွေအနေနဲ့ ကျရာအခန်းကဏ္ဍကနေ လူနဲ့တိရစ္ဆာန်ကူးစက်တဲ့ ရောဂါကုသမှုအပြင် စိုက်ပျိုးမွေးမြူရေး ကဏ္ဍဖွံ့ဖြိုးတိုးတက်မှုကိုလည်း ဝိုင်းဝန်းပံ့ပိုးပေးကြဖို့ တိုက်တွန်းလိုပါတယ်။ အသင်းညီလာခံကို နှစ်တိုင်း လုပ်ချင်တာပါ။ အခုလိုကျင်းပပေးနိုင်မှုအပေါ် ဝမ်းမြောက်ဂုဏ်ယူဖြစ်ရပါတယ်။

**ဒေါက်တာ စောဆေးဟဲ**
**(မွေးမြူရေးအစာထုတ်လုပ်သူ)**

တိရစ္ဆာန်တွေအတွက် ဆေးဝါးတွေဟာ တကယ်တော့ နည်းနည်းပဲသုံးရတာပါ။ တိရစ္ဆာန်ရဲ့ကျန်းမာရေးနဲ့ ဇီဝလုံခြုံရေးမှာ အရေးကြီးတဲ့ အစိတ်အပိုင်းမှာ ပါဝင်ပါတယ်။ မွေးမြူရေး ကောင်းမွန်ဖို့ဆိုရင် မျိုးကောင်းရမယ်၊ အစာကောင်းရမယ်၊ စီမံခန့်ခွဲမှုကောင်းရပါမယ်။ တိရစ္ဆာန် ကျန်းမာရေးစောင့်ရှောက်မှုနဲ့ ရောဂါကြိုတင်ကာကွယ်ရေးမှာ ဆေးဝါးဟာ မရှိမဖြစ် အသုံးပြုရမှာပါ။ တိရစ္ဆာန်အစာထဲမှာ ထည့်စပ်ရမယ့် ဆေးဝါးတွေနဲ့ ထည့်ပြီးမစပ်ရတဲ့ ဆေးဝါးတွေ သတ်မှတ်ထားတာ ရှိပါတယ်။ ကျွေးနေတဲ့ဆေးကို ဘယ်အချိန်မှာ ဖြတ်ထားရမယ်၊ ဘယ်အချိန်အထိ ပဲတိုက်ရမယ်ဆိုတာ ဆောင်ရန်/ရှောင်ရန် ထုတ်ပြန်ထားမှုကိုလည်း သတိပြုဖို့လိုပါတယ်။ မွေးမြူရေးမှာ ဈေးကွက်အရ အခက်အခဲအနည်းငယ်ရှိပေမယ့် စားရေရိက္ခာဟာ အရေးကြီးတဲ့အတွက် ဘယ်လိုအခြေအနေမှာပဲဖြစ်ဖြစ် မွေးမြူရေးကဏ္ဍကို ဆက်လက်လုပ်ဆောင်သွားရမှာပါ။ မွေးမြူရေးကဏ္ဍကို ဆက်လက်လုပ်ဆောင်ဖို့လည်း အားပေးပါတယ်။ မွေးမြူရေး တိရစ္ဆာန်အတွက် ကျန်းမာရေးနဲ့ နည်းပညာ လိုအပ်မှုကိုလည်း MULTI အနေနဲ့ ဝန်ဆောင်မှုပေးဖို့ အသင့်ရှိပါတယ်။

**အင်တာဗျူး - သစ္စာ(mna)**
**ဓာတ်ပုံ - ဇွဲမာန်**

# မလေးရှားနိုင်ငံတွင် တရားမဝင်နေထိုင်သူများအား ဖမ်းဆီးမှုများပြားနေသောကြောင့် မြန်မာအလုပ်သမားများ သတိထားရန်လို

ရန်ကုန် ဇန်နဝါရီ ၂၇

မလေးရှားနိုင်ငံတွင် တရားမဝင်နေထိုင်သူများအား ဖမ်းဆီးမှုများပြားနေသောကြောင့် မြန်မာအလုပ်သမားများ သတိထားရန်လိုပြီး အဖမ်းအဆီးများနေချိန်တွင် အသွားအလာ၊ နယ်မြေအနေအထား ဂရုစိုက်ကြရန် မလေးရှားရောက် မြန်မာလုပ်သားများကို ကူညီဆောင်ရွက်ပေးနေသည့် နှလုံးလှပရဟိတလူငယ်များ သွေးလှူရှင်အဖွဲ့(ကွာလာလမ်ပူ-မလေးရှား)က အသိပေးထားသည်။

အဆိုပါအဖွဲ့ရုံးတွင် ကယ်တင်ထားရသူ ၁၁ ဦးမှာ တရားမဝင်နေထိုင်သူများကို ဖမ်းဆီးစဉ် အဖမ်းခံခဲ့ရပြီး ရုံးပတ်ဝန်းကျင်တွင်လည်း အစစ်အဆေးများနေဆဲဖြစ်သည့်အတွက် နေစရာအခက်အခဲဖြစ်နေသော အခြားမြန်မာနိုင်ငံသားများ ကယ်တင်မှုကို ခေတ္တရပ်နားထားမည်ဖြစ်ကြောင်း သိရသည်။

၎င်းတို့အဖွဲ့အနေဖြင့် နေစရာမပေးနိုင်သော်လည်း နေစရာရှိပြီး စားစရာအခက်အခဲဖြစ်နေသူများအနေဖြင့် မလေးရှားနိုင်ငံရှိ မည်သည့်နေရာတွင်မဆို အကူအညီတောင်းခံနိုင်ကြောင်းလည်း အသိပေးထားသည်။

**MT**

# ကန့်ဘလူမြို့နယ်အတွင်း လုံခြုံရေးတာဝန်များထမ်းဆောင်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား ဒေသခံပြည်သူများက သောင်းသောင်းဖြဖြကြိုဆို

နေပြည်တော် ဇန်နဝါရီ ၂၇

လက်နက်ကိုင်သောင်းကျန်းသူများနှင့် PDF အမည်ခံအကြမ်းဖက်သမားများသည် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့ရှိ မြို့/ရွာများနှင့် နိုင်ငံတော်ပိုင်အဆောက်အအုံများအား မီးရှို့ဖျက်ဆီးခြင်း၊ ၎င်းတို့အား မထောက်ခံသည့်ဒေသခံပြည်သူများအား ဒလန်ဟုစွပ်စွဲ၍ ဖမ်းဆီးခေါ်ဆောင်သတ်ဖြတ်ခြင်း၊ ဆက်ကြေးကောက်ခံခြင်း၊ လမ်း/ တံတားများအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်းများ လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ လုပ်ဆောင်နေသည့် လက်နက်ကိုင်သောင်းကျန်းသူများနှင့် PDF အမည်ခံအကြမ်းဖက်သမားများကို တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ပြည်သူ့စစ်တပ်ဖွဲ့ဝင်များက နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူများအေးချမ်းစွာ နေထိုင်နိုင်ရေးတို့အတွက် အသက်ကိုပဓာနမထားဘဲ စွန့်လွှတ်စွန့်စားသည့်စိတ်ဖြင့် တိုက်ခိုက်ချေမှုန်းလျက်ရှိပြီး နယ်မြေလုံခြုံရေးတာဝန်များကိုလည်း ထမ်းဆောင်လျက်ရှိသည်။

ယနေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်အတွင်း ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်နှင့် လူမှုစီးပွားဘဝကို ကာကွယ်စောင့်ရှောက်နေပြီး လုံခြုံရေးတာဝန်များ ထမ်းဆောင်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား ကန့်ဘလူမြို့၌ ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ သံဃာတော်များက အောင်သပြေပန်းများ၊ ပန်းကုံးများ၊ အိုးစည်ဒိုးပတ်များဖြင့် သောင်းသောင်းဖြဖြ ကြိုဆိုထောက်ခံအားပေးလျက်ရှိပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့်လည်း နယ်မြေတည်ငြိမ်အေးချမ်းရေးကို အမြန်ဆုံးရရှိအောင် အကြမ်းဖက်ချေမှုန်းရေးစစ်ဆင်ရေး(Counter–Terrorism Operation)ကို ဂျီနီဗာကွန်ဗန်းရှင်း(၄)ရပ်ကို အခြေခံသော လက်နက်ကိုင်ပဋိပက္ခဆိုင်ရာဥပဒေ (Law of Armed Conflict) ပြဋ္ဌာန်းချက်များနှင့်အညီ ထုတ်ပြန်ထားရှိသည့် ထိတွေ့တိုက်ခိုက်မှုဆိုင်ရာ စည်းမျဉ်း (Rules of Engagement–ROE) အတိုင်း ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



သတင်းစဉ်

# မြို့နယ်အချို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ


နေပြည်တော် ဇန်နဝါရီ ၂၇

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၂၆ ရက် မွန်းလွဲ ၁ နာရီတွင် ပဲခူးမြို့နယ် ဘောနတ်ကြီးကျေးရွာအနီးတွင် ခရီးသည်တင်မှန်လုံယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်ပါခရီးသည် သက်ပိုင်ဦးထံမှ စိတ်ပြောင်းဆေးဝါး ကက်တမင်း တစ်ကီလိုကို သိမ်းဆည်းရမိခဲ့ကြောင်း။

အလားတူ ယင်းနေ့ည ၈ နာရီခွဲတွင် ပူးပေါင်းအဖွဲ့သည် မင်္ဂလာဒုံမြို့နယ် ချစ်တီးကုန်းရပ်ကွက်ရှိ ကားဂိတ်တွင် ပါဆယ်ပစ္စည်းလာရောက်ထုတ်ယူသူ မျိုးသူ(ခ) သူရနှင့် ရဲကိုကိုတို့နှစ်ဦးအား စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ကြောင်း။

**သိမ်းဆည်းရမိ**

ထို့ပြင် ဇန်နဝါရီ ၂၅ ရက် နံနက် ၁၁ နာရီခွဲတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ပူးပေါင်းအဖွဲ့သည် လားရှိုးမြို့ ရပ်ကွက်(၈) နယ်မြေ(၁၃) ရေပန်းလမ်းဆုံအနီးတွင် ဖူဝင် မောင်းနှင်လာသည့် LEXUS Ls 460 ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းဖြူ ၂ ဒသမ ၂ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၉၀၀၀၀ သိမ်းဆည်းရမိခဲ့ကြောင်း၊ အလားတူ ဇန်နဝါရီ ၂၆ ရက် နံနက် ၁၁ နာရီခွဲတွင် လားရှိုးမြို့ ရပ်ကွက်(၁) နယ်မြေ(၈) အေးချမ်းသာယာလမ်းတွင် အောင်ထွေး မောင်းနှင်ပြီး ရန်နိုင် လိုက်ပါလာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀၀၀ သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။





ဖူဝင်၊ အောင်ထွေးနှင့် ရန်နိုင်တို့အား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

သတင်းစဉ်

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဇန်နဝါရီ ၂၇

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄–က နှင့် ပုဒ်မ ၅၀၅–က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၂၆ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် “Aung Kyaw Soe” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် အမှတ်(၁၁) ရပ်ကွက်နေ အောင်ကျော်စိုးအား နံနက် ၁၁ နာရီခွဲတွင် သောင်ကြီးနယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၈-၁-၂၀၂၄ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၇၀၅ | ၂၇၅၀ | ၂၇၄၅ | ၂၇၁၀ | ၂၇၅၀ | ၂၇၇၅ | ၂၇၆၀ | ၂၇၃၅ | ၂၈၃၅ | ၂၈၅၀ | ၂၇၄၅ | ၂၇၅၀ | ၂၇၉၀ | ၂၇၉၀ | ၂၇၉၀ | ၃၀၂၀ | ၃၁၅၀ |
| 95 Ron | ၂၈၄၅ | ၂၈၉၅ | ၂၈၉၅ | ၂၈၅၅ | ၂၈၉၅ | ၂၉၃၅ | ၂၉၀၀ | ၂၈၈၀ | ၂၉၈၀ | ၂၉၉၅ | ၂၈၈၅ | ၂၉၀၅ | ၂၉၃၀ | ၂၉၃၀ | ၂၉၃၅ | ၃၁၆၅ | ၃၂၅၀ |
| HSD (500 ppm) | ၂၄၅၀ | ၂၅၀၀ | ၂၄၉၅ | ၂၄၆၀ | ၂၅၀၀ | ၂၅၂၀ | ၂၅၁၅ | ၂၄၈၅ | ၂၆၀၅ | ၂၆၀၀ | ၂၄၉၀ | ၂၅၀၀ | ၂၅၃၅ | ၂၅၃၅ | ၂၅၄၀ | ၂၇၇၀ | ၃၅၄၀ |
| HSD (50 ppm) | ၂၅၁၅ | ၂၅၆၅ | ၂၅၆၀ | ၂၅၂၅ | ၂၅၆၅ | ၂၅၈၅ | ၂၅၈၀ | ၂၅၅၀ | ၂၆၇၀ | ၂၆၆၅ | ၂၅၅၅ | ၂၅၇၀ | ၂၆၀၀ | ၂၆၀၀ | ၂၆၀၅ | ၂၈၃၅ | ၃၅၉၅ |
| HSD (10 ppm) | ၂၅၃၀ | ၂၅၈၀ | ၂၅၈၀ | ၂၅၄၀ | ၂၅၈၀ | ၂၆၀၅ | ၂၆၀၀ | ၂၅၆၅ | ၂၆၈၅ | ၂၆၈၀ | ၂၅၇၀ | ၂၅၈၅ | ၂၆၁၅ | ၂၆၂၀ | ၂၆၂၀ | ၂၈၅၀ | ၃၅၉၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၅၇၉ | ၂၆၆၄ |
| 95 Ron | ၂၇၁၈ | ၂၈၀၅ |
| HSD (500 ppm) | ၂၃၃၄ | ၂၄၁၀ |
| HSD (50 ppm) | ၂၃၉၈ | ၂၄၇၅ |
| HSD (10 ppm) | ၂၄၁၃ | ၂၄၉၁ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ်၌ ငွေကျပ် တစ်ဘီလီယံကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ



စိုင်းဆွေဆိုင်းကို သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

**နေပြည်တော် ဇန်နဝါရီ ၂၇**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ်၌ ငွေကျပ် တစ်ဘီလီယံကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။


ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၂၃ ရက် ညနေ ၅ နာရီခွဲတွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့ ဆေခမ်းရပ်ကွက်ရှိ စိုင်းဆွေဆိုင်း၏နေအိမ်ကို သတင်းအရရှာဖွေရာ နေအိမ်မှ ဒေသကာလတန်ဖိုးငွေကျပ် ၁ ဒသမ ၀၄ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား သိန်း ၂၀၊ အိုက်စ်(မက်သ်အဖက်တမင်း) ၂၃ ကီလို၊ ဘိန်းစိမ်း ၇၅ ကီလိုနှင့် Toyota Land Cruiser Prado ယာဉ်တစ်စီးတို့ကို သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ စိတ်ကြွရူးသွပ်ဆေးပြားများနှင့် အိုက်စ်(မက်သ်အဖက်တမင်း)များကို ရှမ်းပြည်နယ်(တောင်ပိုင်း)ကွန်ဟိန်းမြို့နယ်မှလည်းကောင်း၊ ဘိန်းစိမ်းများကို မိုင်းပျဉ်းမြို့နယ်မှလည်းကောင်း တာချီလိတ်မြို့သို့ သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ကြောင်း သိရသဖြင့် ၎င်းအား ဥပဒေအရအရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

**သတင်းစဉ်**

# မွန်ပြည်နယ် ချောင်းနှစ်ခွရဲစခန်းအနီးဝန်းကျင် နေအိမ်များအား တပ်မတော်က မီးရှို့ဖျက်ဆီးလျက်ရှိကြောင်းနှင့် ကော့ကရိတ်မြို့နယ်အတွင်း တပ်မတော်က လူသားဒိုင်းအသုံးပြုလျက်ရှိကြောင်း သတင်းတု၊ သတင်းအမှားများကို လူမှုကွန်ရက်တွင် မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၂၇**

မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ချောင်းနှစ်ခွနယ်မြေ ရဲစခန်းပတ်ဝန်းကျင်ရှိ နေအိမ်များကိုတပ်မတော်က မီးရှို့ဖျက်ဆီးမှုများ လုပ်ဆောင်လျက်ရှိကြောင်း သတင်းတု၊ သတင်းမှားများကို တရားမဝင် ပြည်ဖျက်မီဒီယာများက လူမှုကွန်ရက်ပေါ်တွင် မဟုတ်မမှန်ရေး သားဖြန့်ဝေနေသည်ကို တွေ့ရသည်။







ဖြစ်စဉ်အမှန်မှာ မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ချောင်းနှစ်ခွလုံခြုံရေးစခန်းအား ၂၀၂၃ ခုနှစ် နိုဝင်ဘာလနှင့် ဒီဇင်ဘာလတို့တွင် PDF အမည်ခံအကြမ်းဖက်သမားများနှင့် KNLA လက်နက်ကိုင် ပူးပေါင်းအဖွဲ့များက ဝိုင်းဝန်းပိတ်ဆို့ကာ စခန်းဝန်းကျင်ရှိ နေအိမ်များတွင် ဝင်ရောက်နေရာယူ၍ ကတုတ်ကျင်းများ၊ ဘန်ကာများ တူးဖော်အသုံးပြုတိုက်ခိုက်ခြင်း အပါအဝင် လူနေအိမ်များရှိ ပစ္စည်းများယူဆောင်ခြင်း၊ မီးရှို့ဖျက်ဆီးခြင်းစသည့် လုပ်ဆောင်မှုများကြောင့် ကျေးရွာရှိနေအိမ်များ မီးလောင် ပျက်စီးခဲ့ခြင်းဖြစ်ကြောင်း သက်ဆိုင်ရာနယ်မြေလုံခြုံရေးဆိုင်ရာ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရသိရသည်။

အလားတူ ဇန်နဝါရီ ၂၂ ရက်မှစ၍ တပ်မတော်က ကော့ကရိတ်မြို့နယ်အတွင်းရှိ ဒေသခံများအား လူသားဒိုင်းပြုလုပ်ပြီး အသုံးပြုလျက်ရှိကြောင်း သတင်းတု၊ သတင်းမှားများကို တရားမဝင် ပြည်ဖျက်မီဒီယာများက လူမှုကွန်ရက်ပေါ်တွင် မဟုတ်မမှန် ရေးသားဖြန့်ဝေနေသည်ကိုတွေ့ရှိရပြီး တပ်မတော်အနေဖြင့် ကော့ကရိတ်မြို့နယ်အတွင်း လိုအပ်သော လုံခြုံရေးလုပ်ငန်းများနှင့် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်လျက်ရှိကြောင်းနှင့် တရားမဝင် ပြည်ဖျက်မီဒီယာများက လုပ်ကြံရေးသားထားသည့် သတင်းမှားသာဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ဘီးလင်းမြို့နယ်အတွင်း ဌာနဆိုင်ရာရုံးများတွင် ဗုံးခိုကျင်းများတူးကြရန် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ညွှန်ကြားထားကြောင်း သတင်းတု၊ သတင်းအမှားများကို လူမှုကွန်ရက်တွင် မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိ




**နေပြည်တော် ဇန်နဝါရီ ၂၇**

မွန်ပြည်နယ် ဘီးလင်းမြို့နယ်အတွင်း ဌာနဆိုင်ရာရုံးများတွင် ဗုံးခိုကျင်းများတူးကြရန် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ညွှန်ကြားထားကြောင်း သတင်းတု၊ သတင်းမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက လူမှုကွန်ရက်ပေါ်တွင် မဟုတ်မမှန်ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ မွန်ပြည်နယ် ဘီးလင်းမြို့အတွင်း ဌာနဆိုင်ရာရုံးများကို ညွှန်ကြားချက်ထုတ်ပြန်ထားခြင်းမရှိကြောင်းနှင့် အများပြည်သူ စိုးရိမ်ထိတ်လန့်မှုဖြစ်ပေါ်စေရန် ကောလာဟလသတင်းတုဖြန့်ဝေရေးသားခြင်းဖြစ်ကြောင်း သက်ဆိုင်ရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးမှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

တရားမဝင်ပြည်ဖျက်မီဒီယာများသည် နိုင်ငံတည်ငြိမ်အေးချမ်းမှုပျက်စီးစေရန်၊ ဒေသခံပြည်သူများ စိုးရိမ်ထိတ်လန့်စေရန်အတွက် လူမှုကွန်ရက်စာမျက်နှာများတွင် သတင်းတု၊ သတင်းမှားများကို ရည်ရွယ်ချက်ရှိရှိ ရေးသားဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# တံတားမြို့ စည်ပင်သာယာဈေး မီးဘေးလုံခြုံရေးစစ်ဆေး

**တံတား ဇန်နဝါရီ ၂၇**

ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် တံတားမြို့ အောင်သီရိစည်ပင်သာယာဈေး မီးဘေးလုံခြုံရေးအတွက် ယမန်နေ့နံနက် ၁၀ နာရီက တံတားမြို့အုပ်ချုပ်ရေးမှူး၊ နယ်မြေမီးသတ်စခန်းတာဝန်ခံ၊ ဈေးတာဝန်ခံနှင့် မြို့လျှပ်စစ်မန်နေဂျာတို့ ပူးပေါင်း၍ စစ်ဆေးခဲ့ကြသည်။

ထိုသို့ဆောင်ရွက်ရာ၌ မြို့အုပ်ချုပ်ရေးမှူး ဦးရန်အောင်မျိုးထက်၊ နယ်မြေမီးသတ်စခန်းတာဝန်ခံ ဦးဇင်မင်းထွန်း၊ ဈေးတာဝန်ခံ ဒေါ်စုစုခိုင်နှင့် မြို့လျှပ်စစ်မန်နေဂျာ ဦးကျော်ကိုကိုလတ်တို့က ဈေးအတွင်းရှိ ဆိုင်ခန်းများ မီးသတ်ဆေးဘူးများနှင့် လျှပ်စစ်မီးသုံးစွဲမှု စနစ်တကျသုံးစွဲကြရန်၊ ဈေးအတွင်းတပ်ဆင်ထားရှိသော မီးဘေးကြိုတင်ကာကွယ်ရေးဆိုင်ရာ ပစ္စည်းကိရိယာများကို အရေးပေါ်အသုံးပြုနိုင်ရန်အတွက် မီးဘေးလုံခြုံရေး စစ်ဆေးခြင်းဆောင်ရွက်ကြကြောင်း သိရသည်၊

**အောင်ဆွေ(ရွှေတံတား)**



# တောင်ငူမြို့၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်

**တောင်ငူ ဇန်နဝါရီ ၂၇**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် ဇီးဒိုင်းကျေးရွာတွင် တစ်အိမ်တက်ဆင်း မီးဘေးလုံခြုံရေးစစ်ဆေးခြင်း၊ ဟောပြောခြင်း၊ သရုပ်ပြခြင်းနှင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ယနေ့နံနက်ပိုင်းတွင် တောင်ငူမြို့နယ်မီးသတ်ဦးစီးဌာန မြို့နယ်မီးသတ်ဦးစီးမှူး ဦးဆောင်၍ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

တောင်ငူမြို့နယ်မီးသတ်ဦးစီးဌာနအနေဖြင့် တောင်ငူမြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာများတွင် မီးသတိမူရေး၊ သတိပေးဆော်ဩခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ မီးဘေးလုံခြုံရေးစစ်ဆေးခြင်း၊ ဟောပြောခြင်း၊ သရုပ်ပြခြင်းနှင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဇော်ကိုကို (တောင်ငူ)**



# အိန္ဒိယနှင့် ပြင်သစ်နှစ်နိုင်ငံအကြား ကျန်းမာရေး၊ အာကာသနှင့် ကာကွယ်ရေးအပါအဝင် အခြားသောကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရန် သဘောတူညီ

**နယူးဒေလီ ဇန်နဝါရီ ၂၇**

အိန္ဒိယနှင့် ပြင်သစ်နှစ်နိုင်ငံအကြား ကျန်းမာရေး၊ အာကာသနှင့် ကာကွယ်ရေးအပါအဝင် အခြားသောကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်သွားရန် သဘောတူညီခဲ့ကြောင်း အိန္ဒိယနိုင်ငံခြားရေးဝန်ကြီး ဗီနေးကွာထရာက ယမန်နေ့တွင် ပြောကြားသည်။

ပြင်သစ်သမ္မတ အီမန်နျူရယ် မက်ခရွန်သည် အိန္ဒိယနိုင်ငံ၏ (၇၅) နှစ်မြောက်သမ္မတနိုင်ငံနေ့အခမ်းအနားသို့ တက်ရောက်ခဲ့ပြီး နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို အိန္ဒိယတာဝန်ရှိသူများနှင့် ဆွေးနွေးခဲ့ကြောင်း သိရသည်။

အာကာသနှင့် ဉာဏ်ရည်တုနည်းပညာအပါအဝင် နယ်ပယ်များစွာတွင် နည်းပညာပူးပေါင်းဆောင်ရွက်မှုကို လွယ်ကူချောမွေ့စေမည့် အဓိကကျသော စစ်ဘက်ဆိုင်ရာ ဟာ့ဒ်ဝဲနှင့် ပလက်ဖောင်းများ ပူးပေါင်းထုတ်လုပ်ရေးတို့ကိုလည်း သဘောတူခဲ့ကြသည်။

ကာကွယ်ရေးနှင့် အာကာသပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ သဘောတူစာချုပ်ကို သဘောတူခဲ့ပြီး New Space India Limited နှင့် ပြင်သစ်ကုမ္ပဏီ Arianespace တို့အကြား ဂြိုဟ်တုလွှတ်တင်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးခဲ့ကြောင်း အိန္ဒိယနိုင်ငံခြားရေးဝန်ကြီး ဗီနေးကွာထရာက ဆိုသည်။

ထို့ပြင် H125 ရဟတ်ယာဉ်များထုတ်လုပ်ရန်အတွက် ပူးပေါင်းလုပ်ဆောင်ရန်လည်း သဘောတူညီခဲ့သည်။

ကျန်းမာရေးစောင့်ရှောက်မှု ပူးပေါင်းဆောင်ရွက်ရေး၊ ပညာရေး၊ လေ့ကျင့်ရေးနှင့် သုတေသနစသည့် ကဏ္ဍများတွင် နှစ်နိုင်ငံကျန်းမာရေးဝန်ကြီးဌာနများအကြား သဘောတူညီမှု လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – အောင်ကျော်ကျော်**



အိန္ဒိယဝန်ကြီးချုပ် မိုဒီနှင့် ပြင်သစ်သမ္မတ မက်ခရွန်။

# တရုတ်နိုင်ငံ၏ ဝယ်လိုအားကြောင့် ဗီယက်နမ်ဒူးရင်းသီးဈေး မြင့်တက်လာ

**ဟန်ွိုင်း ဇန်နဝါရီ ၂၇**

ဗီယက်နမ်နိုင်ငံရှိ ကုန်သည်များအနေဖြင့် တရုတ်နိုင်ငံ၏ ဒူးရင်းသီးဝယ်လိုအားကို ဖြည့်ဆည်းရန် ရှာဖွေနေရခြင်းကြောင့် မန်တောင်ဒူးရင်းဈေးနှုန်းသည် ပြီးခဲ့သည့်နှစ်အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၅၀ ရာခိုင်နှုန်း မြင့်တက်လာကြောင်း VnExpress သတင်းဌာနက ဇန်နဝါရီ ၂၆ ရက်တွင် သတင်းဖော်ပြခဲ့သည်။

မန်တောင်ဒူးရင်းသီး ဈေးနှုန်းသည် ယခုအခါ တစ်ကီလိုဂရမ်လျှင် ဗီယက်နမ်ဒေါင် ၁၇၈၀၀၀ (အမေရိကန်ဒေါ်လာ ၇ ဒသမ ၂၃) မှ ဒေါင် ၁၈၅၀၀၀ (အမေရိကန်ဒေါ်လာ ၇ ဒသမ ၅၂ ဒေါ်လာ)ရှိလာကြောင်း သိရသည်။

တရုတ်လူမျိုးများသည် ဒူးရင်းသီးများကို လက်ဆောင်အဖြစ် အမြောက်အမြား ဝယ်ယူနေကြကြောင်း ဗီယက်နမ်သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များအသင်း အထွေထွေအတွင်းရေးမှူး ဒန်ဖုငယင်က ပြောကြားခဲ့သည်ကို အဆိုပါသတင်းဌာနက ဖော်ပြထားသည်။

ပို့ကုန်ဝယ်လိုအား မြင့်မားနေသော်လည်း ရောင်းလိုအား ကန့်သတ်ချက်ကြောင့် ဒူးရင်းသီးဈေးနှုန်း သိသိသာသာ တက်လာခြင်းဖြစ်ကြောင်း ကုန်သည်များက ပြောကြားသည်။

လွန်ခဲ့သည့်နှစ်က ဗီယက်နမ်နိုင်ငံသည် ဒူးရင်းတင်ပို့မှုမှ ဝင်ငွေဒေါ်လာ ၂ ဒသမ ၂ ဘီလီယံရရှိခဲ့ပြီး နိုင်ငံ၏ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်တင်ပို့မှု စုစုပေါင်း၏ ၄၀ ရာခိုင်နှုန်းနီးပါး ရှိကြောင်း စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီးဌာနမှ သိရသည်။ **ကိုးကား–ဆင်ဟွာ ဘာသာပြန်–အလင်းသစ်**





# ၂၀၂၃ ခုနှစ်တွင် ဂျပန်နိုင်ငံသို့ ဝင်ရောက်သည့် နိုင်ငံခြားခရီးသွား ခြောက်ဆတိုးလာ

**တိုကျို ဇန်နဝါရီ ၂၇**

၂၀၂၃ ခုနှစ်တွင် ဂျပန်နိုင်ငံသို့ ဝင်ရောက်သည့် နိုင်ငံခြားသားခရီးသွား အရေအတွက်သည် ယခင်နှစ်ထက် ခြောက်ဆခန့် မြင့်တက်ခဲ့ပြီး ၂၀၁၉ ခုနှစ်တွင် ၈၀ ရာခိုင်နှုန်းအထိ စံချိန်တင် ရောက်ရှိခဲ့ကြောင်း ဂျပန်နိုင်ငံအစိုးရ၏ အချက်အလက်များတွင် ဖော်ပြခဲ့သည်။

၂၀၂၃ ခုနှစ်တွင် ဂျပန်နိုင်ငံသို့ နိုင်ငံခြားသား ၂၅ ဒသမ ၈၃ သန်းခန့် လာရောက်လည်ပတ်ခဲ့ပြီး ကိုဗစ်–၁၉ ရောဂါမဖြစ်ပွားမီ ၂၀၁၉ ခုနှစ်တွင် နိုင်ငံခြားသားခရီးသွားအရေအတွက် ၃၁ ဒသမ ၁၉ သန်းလာရောက်ခဲ့ခြင်းကြောင့် ခရီးသွားလုပ်ငန်းပြန်လည်ဦးမော့လာပြီဖြစ်ကြောင်း လူဝင်မှုကြီးကြပ်ရေးဝန်ဆောင်မှုအေဂျင်စီက ဇန်နဝါရီ ၂၆ ရက်တွင် ပြောကြားခဲ့သည်။

ဂျပန်နိုင်ငံသို့ လာရောက်သည့်နိုင်ငံခြားသားများထဲတွင် နည်းပညာဆိုင်ရာ အလုပ်သင်ဗီဇာဖြင့် ဝင်ရောက်လာသော နိုင်ငံခြားသား ၁၈၀၀၀၀ ကျော်သည် ဒုတိယအများဆုံးဖြစ်ပြီး ကျောင်းသားဗီဇာဖြင့် လာရောက်သူ ၁၄၀၀၀ နီးပါး လာရောက်ရှိခဲ့ကြောင်း အချက်အလက်များအရ သိရသည်။

တစ်ချိန်တည်းတွင်ပင် ၂၀၂၃ အတွင်း နိုင်ငံရပ်ခြားသို့ သွားရောက်သော ဂျပန်နိုင်ငံသား အရေအတွက်သည် ၉ ဒသမ ၆၂ သန်းကျော်အထိရှိလာခဲ့ခြင်းကြောင့် ယခင်နှစ်ကထက် သုံးဆအထိမြင့်တက်လာသော်လည်း ၂၀၁၉ ခုနှစ်ကထက် ထက်ဝက်ကျော်လျော့နည်းခဲ့ကြောင်း သိရသည်။

**ကိုးကား–ဆင်ဟွာ၊ ဘာသာပြန်–အလင်းသစ်**

# ဂျပန်အစိုးရက ဂါဇာကမ်းမြောင်ဒေသရှိ ပြည်သူများအတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ပေးအပ်မည်

**တိုကျို ဇန်နဝါရီ ၂၇**

ဂါဇာကမ်းမြောင်ဒေသ၌ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းကို ဆိုးရွားစွာခံစားနေရသူများအတွက် စောင်များနှင့် အခြားနေ့စဉ်သုံးပစ္စည်း ထောင်ပေါင်းများစွာကို ဂျပန်အစိုးရက လှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။

ဂါဇာကမ်းမြောင်ဒေသ၌ အစ္စရေးတပ်ဖွဲ့များနှင့် ဟားမတ်စ်တို့ကြား တိုက်ပွဲများ ဆက်လက်ဖြစ်ပွားလျက်ရှိသည့်အတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးမှုကို ဇန်နဝါရီ ၂၆ ရက်တွင် ပြုလုပ်သည့် ဂျပန်ဝန်ကြီးအဖွဲ့ အစည်းအဝေးတွင် ဆုံးဖြတ်ချက်ချမှတ်ခဲ့ကြောင်း သိရသည်။

ဂျပန်အစိုးရသည် ပါလက်စတိုင်း ဒုက္ခသည်များအတွက် ကုလသမဂ္ဂ ကယ်ဆယ်ရေးနှင့် အလုပ်သမားအေဂျင်စီမှတစ်ဆင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများကို ပေးပို့မည်ဖြစ်သည်။

ဂါဇာကမ်းမြောင်ဒေသရှိ အရပ်သားအများအပြားသည် အကူအညီအထောက်အပံ့များ လိုအပ်လျက်ရှိသည်။ ထို့ပြင် ၎င်းတို့သည် ကုလသမဂ္ဂ အဆောက်အအုံများတွင် ခိုလှုံနေကြရပြီး ပဋိပက္ခဖြစ်ပွားမှုကြောင့် ဒုက္ခများစွာ ရင်ဆိုင်နေရသည်။

ဂျပန်အစိုးရက စောင် ၅၀၀၀၊ ရေပုံး ၁၀၀၀၀ နှင့် ဖျာ ၈၅၀၀ ခန့် လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။ ဂါဇာဒေသရှိ ပြည်သူများအတွက် အမေရိကန်ဒေါ်လာ ၇၅ သန်းတန်ဖိုးရှိ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများနှင့် ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်ပြီးဖြစ်ကြောင်း ဂျပန်အစိုးရအဖွဲ့အတွင်းဝန် ဟာယာရှိ ယိုရှိ မာဆာက ပြောကြားသည်။ **ကိုးကား – အင်န်အိတ်ချ်ကေ ဘာသာပြန် – အောင်ကျော်ကျော်**

# လျှပ်ခတ်မှုကြောင့် ပျက်စီးသွားသည့် နိုတိုလေဆိပ်နှင့် မြို့တော်တိုကျိုရှိ ဟာနီဒါလေဆိပ်တို့ကြား လေကြောင်းလိုင်းပျံသန်းမှုများ ပြန်လည်စတင်

**တိုကျို ဇန်နဝါရီ ၂၇**

ဂျပန်နိုင်ငံ အလယ်ပိုင်းတွင် အင်အားပြင်း ငလျင်လှုပ်ခတ်မှုကြောင့် ပျက်စီးသွားသော နိုတိုလေဆိပ်နှင့် မြို့တော်တိုကျိုရှိ ဟာနီဒါလေဆိပ်တို့ကြား လေကြောင်းလိုင်း ပျံသန်းမှုများ ပြန်လည်စတင်လျက်ရှိကြောင်း သိရသည်။

ငလျင်လှုပ်ခတ်မှုကြောင့် ပြေးလမ်းအတွင်း အက်ကြောင်းကြီးများအား ပြုပြင်မှုများ ပြီးစီးပြီးနောက် နိုတိုလေဆိပ်ကို ဇန်နဝါရီ ၂၅ ရက်တွင် ပြန်လည်ဖွင့်လှစ်ခဲ့သည်။

နီပွန်လေကြောင်းလိုင်းသည် ဇန်နဝါရီ ၂၇ ရက်တွင် မြို့တော်တိုကျိုနှင့် နိုတိုမြို့တို့ကြား ပျံသန်းမှုကို ပြန်လည်စတင်ခဲ့သည်။

မိသားစုနှင့် သူငယ်ချင်းများ ပြန်လည်ဆုံတွေ့ရန် နိုတိုမြို့သို့ ပထမဆုံး ပြန်လည်စတင်ပြေးဆွဲမည့် လေယာဉ်စီးရန် Haneda’s Terminal 2 ရှိ ဂိတ်ပေါက်တစ်ခုတွင် ခရီးသည်များစုဝေးခဲ့ကြသည်။

တိုကျိုမြို့တော်အနီး ကာနာဂါဝါ စီရင်စု၌ နေထိုင်သည့် အသက် ၆၀ အရွယ် အမျိုးသမီးတစ်ဦးက ၎င်း၏ မိဘများကို အီရှီကာဝါစီရင်စု ဝါဂျီမာစီးတီး၌ သွားရောက်တွေ့ဆုံမည်ဖြစ်ကြောင်း ပြောသည်။

ငလျင်လှုပ်ခတ်မှုကြောင့် နေအိမ်အများအပြား ပျက်စီးသွားသည့်အတွက် ၎င်းမိဘများသည် ကယ်ဆယ်ရေးစခန်းတွင် တည်းခိုနေကြရကြောင်း ၎င်းအမျိုးသမီးက ဆိုသည်။

အသက် ၅၀ ကျော်အရွယ် တိုကျိုမြို့ခံတစ်ဦးသည် အီရှီကာဝါစီရင်စုရှိ အခြားမြို့တစ်ခုဖြစ်သည့် ဆူဇူ၌ နေထိုင်သည့် သူငယ်ချင်းတစ်ယောက်ကို သွားရောက်တွေ့ဆုံမည်ဖြစ်ကြောင်း ပြောကြားသည်။

ငလျင်လှုပ်ခတ်မှုကြောင့် တုန်လှုပ်ခဲ့ရသော်လည်း သူငယ်ချင်းကို တွေ့ရမည်ဖြစ်သည့်အတွက် ဝမ်းသာမိကြောင်း ၎င်းအမျိုးသားက ဆိုသည်။

ငလျင်ဘေးဒုက္ခသည်များအတွက် ကယ်ဆယ်ရေးစခန်းတွင် အစားအသောက်များ ပြင်ဆင်ပေးနိုင်ရန် မျှော်လင့်ကြောင်း ၎င်းက ဆက်လက်ပြောသည်။

ဟာနီဒါမြို့မှ ထွက်ခွာမည့် နီပွန်လေကြောင်းလိုင်း၏ ပထမဆုံးလေယာဉ်တွင် ခရီးသည် ၆၂ ဦးလိုက်ပါခဲ့ကြောင်း သိရသည်။

နီပွန်လေကြောင်းလိုင်းသည် ငလျင်မလှုပ်ခတ်မီ အချိန်တွင် တစ်ပတ်လျှင် လေကြောင်းပျံသန်းမှု ၂၈ ကြိမ် ရှိခဲ့သော်လည်း ဖေဖော်ဝါရီလကုန်အထိ တစ်ပတ်လျှင် ခြောက်ကြိမ်သာ ပြေးဆွဲပျံသန်းမည်ဖြစ်သည်။ အသွားအပြန်ခရီးစဉ်များကို အင်္ဂါ၊ ကြာသပတေးနှင့် စနေနေ့များတွင် ပြေးဆွဲပေးမည်ဖြစ်ကြောင်း သိရသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**

# ပဲခူးမြို့နယ် ရေဘေးသင့်အိမ်ထောင်စုများအတွက် ငွေသားနှင့် လှူသုံးကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်

ပဲခူး ဇန်နဝါရီ ၂၇

ပဲခူးမြို့နယ် ရေဘေးသင့်အိမ်ထောင်စုများအတွက် မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ငွေသားနှင့် လှူသုံးကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်ခြင်းအခမ်းအနားကို ပဲခူးမြို့ မြို့တော်ခန်းမ၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက အမှာစကားပြောကြားခဲ့သည်။

ထို့နောက် မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာမျိုးညွန့်က မြန်မာနိုင်ငံကြက်ခြေနီမှ ကြက်ခြေနီစေတနာလုပ်အားရှင်များ စဉ်ဆက်မပြတ် လေ့ကျင့်သင်ကြားပေးနေမှုနှင့် ကြက်ခြေနီအသင်းဌာနချုပ်မှ အရေးပေါ်အခြေအနေဖြစ်လာတိုင်း ရန်ပုံငွေအဆင်သင့်ဖြစ်စေရေး နိုင်ငံတကာမိတ်ဖက်ကြက်ခြေနီအသင်းများနှင့် ချိတ်ဆက်ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းပြောကြားခဲ့သည်။



ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ရေဘေးသင့် ပဲခူးမြို့ပေါ် ငါးရပ်ကွက်ဖြစ်သည့် မြို့သစ်ရပ်ကွက်၊ ရွာသစ်ရပ်ကွက်၊ ဇိုင်းဂနိုင်းတောင်ပိုင်းရပ်ကွက်၊ ကျောက်ကြီးစုရပ်ကွက်နှင့် ကလျာဏီရပ်ကွက်တို့ရှိ အိမ်ထောင်စုများအတွက်လည်းကောင်း၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာမျိုးညွန့်က ရေဘေးသင့်ကျေးရွာများဖြစ်သည့် အောက်စည်တီးအနောက်ကျေးရွာ၊ ကင်းချောင်းကျေးရွာ၊ လက်ပံခုံကျေးရွာ၊ အထက်ဇိုင်းဂနိုင်းကြီးကျေးရွာ၊ အုတ်ဖိုကျေးရွာနှင့် ကွေ့တန်းရှည်ကျေးရွာများရှိ အိမ်ထောင်စုများအတွက်လည်းကောင်း အိမ်ထောင်စုတစ်စုလျှင် ငွေကျပ် ၂၅၀၀၀၀ နှင့် တစ်ကိုယ်ရေ သန့်ရှင်းရေးသုံးပစ္စည်းများအား ထောက်ပံ့ပေးအပ်ခဲ့သည်။

ယင်းနောက် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိုးသီတာဝင်းက ရေဘေးဖြစ်ပွားသည့် ဒေသများအတွက် မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ၁၀ ရာခိုင်နှုန်းသာ ထောက်ပံ့ပေးခြင်းဖြစ်ပြီး ထောက်ပံ့မှုများ ဆောင်ရွက်ရာ၌ ရေဘေးသင့်အိမ်ထောင်စုများတွင် မသန်စွမ်းသူများရှိခြင်း၊ အသက် ၈၅ နှစ်အထက် သက်ကြီးဘိုးဘွားများရှိခြင်း၊ ကိုယ်ဝန်ဆောင်နှင့် မွေးကင်းစကလေးငယ်များရှိခြင်းနှင့် အမြဲတမ်းလစာမရရှိခြင်း စသည့်အချက်များအပေါ်အခြေခံ၍ မြေပြင်ကွင်းဆင်း စာရင်းကောက်ယူခဲ့ပြီး သတ်မှတ်ချက်နှင့်ကိုက်ညီသည့် မြို့ပေါ်ရပ်ကွက်ငါးခု၊ ကျေးရွာခြောက်ရွာရှိ ရေဘေးသင့်အိမ်ထောင်စု ၁၄၂၄ စုအတွက် ထောက်ပံ့ပေးအပ်ခြင်းကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ရေဘေးသင့်အိမ်ထောင်စုများတွက် ထောက်ပံ့ပေးအပ်သည့် တစ်ကိုယ်ရေသန့်ရှင်းရေးသုံးပစ္စည်းများအား လှည့်လည်ကြည့်ရှုခဲ့ပြီး တက်ရောက်လာသည့် ရေဘေးသင့်အိမ်ထောင်စုများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကား ပြောကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



# ပန်းတောင်းမြို့နယ်၌ မီးဘေးသင့်ပြည်သူများအား ထောက်ပံ့ငွေများ၊ ဆန်၊ စားရေရိက္ခာနှင့် အသုံးအဆောင်ပစ္စည်းများ ထောက်ပံ့ပေးအပ်

ပန်းတောင်း ဇန်နဝါရီ ၂၇

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် ကုန်းကလေးကျေးရွာအုပ်စု တောင်ရိုးစုကျေးရွာ၌ ဇန်နဝါရီ ၂၂ ရက်တွင် မီးကြွင်းမီးကျန်မှတစ်ဆင့် မီးလောင်မှုဖြစ်စဉ်ကြောင့် အိမ်ထောင်စု လေးစု နေအိမ်များဆုံးရှုံးမှုဖြစ်ပွားခဲ့ရာ ယင်းအိမ်ထောင်စုများအား ပန်းတောင်းမြို့နယ် တပ်နယ်မှူး ဗိုလ်မှူးချုပ်လှိုင်တင့်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်သူရနှင့် အဖွဲ့ဝင်များ၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးချစ်ကိုကို၊ မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မေခိုင်ဆက်နှင့်ဝန်ထမ်းများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများက ယမန်နေ့ မွန်းလွဲ ၂ နာရီတွင် တောင်ရိုးစုဘုန်းကြီးကျောင်း၌ ထောက်ပံ့ပစ္စည်းနှင့် ငွေများ ထောက်ပံ့ပေးအပ်ခဲ့သည်။

ထိုသို့ထောက်ပံ့ပေးအပ်ရာတွင် ပန်းတောင်းမြို့နယ် တပ်နယ်မှူး ဗိုလ်မှူးချုပ် လှိုင်တင့်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်သူရနှင့် အဖွဲ့ဝင်တို့က မီးဘေးသင့်ပြည်သူများအား တွေ့ဆုံ၍ အားပေးစကားပြောကြားခဲ့ပြီး အိမ်ထောင်စု လေးစု၊ လူဦးရေ ၁၁ ဦးအတွက် ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ အာလူး၊ ကြက်သွန်နီ/ဖြူ၊ မာမားခေါက်ဆွဲခြောက်၊ အသုံးအဆောင်ပစ္စည်းများ၊ အဝတ်အထည်များနှင့် ထောက်ပံ့ငွေများ စုစုပေါင်းတန်ဖိုးငွေကျပ် ၈၄၅၉၀၀ အား ပန်းတောင်းမြို့နယ် တပ်နယ်မှူး ဗိုလ်မှူးချုပ်လှိုင်တင့်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်သူရနှင့်အဖွဲ့ဝင်များ၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးချစ်ကိုကို၊ မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မေခိုင်ဆက်နှင့်ဝန်ထမ်းများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ထောက်ပံ့ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**လပြည့်လင်း(ပြန်/ဆက်)**

# ကျိုင်းတုံမြို့၌ ပင်စင်စားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှုပေး

ကျိုင်းတုံ ဇန်နဝါရီ ၂၇

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ်တွင် ပင်စင်စားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို ဇန်နဝါရီ ၂၂ ရက်မှ ၂၆ ရက်အထိ မြန်မာ့စီးပွားရေးဘဏ်တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြည်နယ်ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးနှင့် တာဝန်ရှိသူများက ပူးပေါင်းဆောင်ရွက်ပေးခဲ့သည်။



ထိုသို့ ဆောင်ရွက်ရာတွင် ကျန်းမာရေးဝန်ထမ်းများက အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား နှလုံး၊ သွေးတိုး၊ ဆီးချို စသည့် ကျန်းမာရေးဆိုင်ရာ ရောဂါများကို စစ်ဆေးပေးခြင်း၊ ဆေးကုသပေးခြင်း၊ ဆေးဝါးများ အခမဲ့ဖြန့်ဝေပေးခြင်းနှင့် လိုအပ်သည့် ကျန်းမာရေးဆေးကုသခြင်းများကို ကျိုင်းတုံအထွေထွေရောဂါကုဆေးရုံကြီးတွင် စစ်ဆေးဆောင်ရွက်ပေး၍ ကျန်းမာရေးအသိပညာပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**အောင်ဇင်မြင့်(ပြန်/ဆက်)**

# တိုက်ကြီးမြို့နယ်၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် နွေစပါးစိုက်ပျိုးမည့် သမဝါယမအသင်းသား တောင်သူများအား သွင်းအားစုများပေးအပ်ပွဲ ကျင်းပ

တိုက်ကြီး ဇန်နဝါရီ ၂၇

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်တွင် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ပံ့ပိုးချေးငွေဖြင့် နွေစပါးစိုက်ပျိုးမည့် သမဝါယမအသင်းသားတောင်သူများသို့ သွင်းအားစုများပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက မြို့နယ်သမဝါယမဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြဝင်းက နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်မှာကြားချက်ဖြစ်သော နိုင်ငံ့စီးပွားရေးအခြေအနေကောင်းများ ဖန်တီးနိုင်မှသာ နိုင်ငံဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်နိုင်မည်ဆိုသည့် မူဝါဒနှင့်အညီ တောင်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် တစ်ဦးချင်းဝင်ငွေ တိုးတက်စေရေးအတွက် လုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်ရန် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေထူထောင်၍ လယ်ယာစိုက်ပျိုးသည့် တောင်သူများအထွက်နှုန်းတိုးစေရေး၊ ပန်းတိုင်ရည်မှန်းချက် ပြည့်မီစေရေးအတွက် သွင်းအားစုများ ထောက်ပံ့ပေးအပ်ခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။



ဆက်လက်၍ ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြဝင်းနှင့် ဦးအောင်ကျော်စိုး၊ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးအုန်းထွန်း၊ မြို့နယ်သမဝါယမအသင်းစု ဒုတိယဥက္ကဋ္ဌ ဦးစောလှိုင်၊ မြို့နယ်သမဝါယမ အသင်းစုအုပ်ချုပ်မှုဒါရိုက်တာ ဦးကံချွန်နှင့် တာဝန်ရှိသူများက နွေစပါးစိုက်ပျိုးမည့် သမဝါယမအသင်း ၂၀၊ အသင်းသား တောင်သူ ၁၇၆ဦး၊ နွေစပါးစိုက်ဧက ၁၀၄၂ ဧကအတွက် ငွေကျပ် ၂၀၈၄ သိန်းနှင့် ညီမျှသော သွင်းအားစုများကို တောင်သူများ လက်ဝယ်အရောက် ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# တပ်ကုန်းမြို့နယ်၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

တပ်ကုန်း ဇန်နဝါရီ ၂၇

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရခရိုင် တပ်ကုန်းမြို့နယ်မီးသတ်ဦးစီးဌာနမှ ရပ်ကွက်၊ ကျေးရွာပြည်သူများ မီးဘေးအန္တရာယ်ကင်းဝေးစေရန် ရည်ရွယ်၍ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းကို ယနေ့နံနက်ပိုင်းတွင် အနော်ရထာရပ်ကွက်၌ ကွင်းဆင်းစစ်ဆေးမှုများ ဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးဌာနမှ သန္နေမီးသတ်တပ်ဖွဲ့ဝင်များနှင့် ဒေသအရန်မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်းပြီး အဖွဲ့နှစ်ဖွဲ့ခွဲ၍ ဇန်နဝါရီ ၂၂ ရက်ကစတင်ကာ မြို့ပေါ်ရပ်ကွက်များအတွင်း တစ်အိမ်တက်ဆင်း မီးသုံးစွဲမှု၊ မီးဘေးကြိုတင်ကာကွယ်ရေးပစ္စည်းများဖြစ်သည့် မီးသတ်ဆေးဘူး၊ မီးချိတ်၊ မီးကတ်၊ ရေပုံး၊ သဲပုံးများ ဆောင်ရွက်ထားရှိမှုများ ရှိ၊ မရှိ လိုက်လံစစ်ဆေးခဲ့ကြောင်း သိရသည်။

**တင်စိုးလွင်**

## တပ်မတော်တွင် ပဉ္စမအကြိမ် အသည်းအစားထိုးခွဲစိတ်ကုသမှုလုပ်ငန်း ဆောင်ရွက်



နေပြည်တော် ဇန်နဝါရီ ၂၇

တပ်မတော်တွင် ပထမအကြိမ် အသည်းအစားထိုးခွဲစိတ်ကုသမှုကို ၂၀၂၂ ခုနှစ် စက်တင်ဘာ ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် အသည်းအစားထိုးလူနာနှစ်ဦးဖြင့် အောင်မြင်စွာ ခွဲစိတ်ကုသဆောင်ရွက်နိုင်ပြီး အသည်းအစားထိုးခွဲစိတ်ကုသမှု အစီအစဉ်အား ဆက်လက်ဆောင်ရွက်ခဲ့ရာ ၂၀၂၃ ခုနှစ်အတွင်း အသည်းအစားထိုးခွဲစိတ်ကုသမှု သုံးကြိမ်၊ လူနာကိုးဦးတို့ကို အောင်မြင်စွာ ထပ်မံခွဲစိတ်ကုသဆောင်ရွက်ပေးနိုင်ခဲ့သည်။ ယခုအခါ ပဉ္စမအကြိမ် အသည်းအစားထိုးခွဲစိတ်ကုသမှုအား လူနာသုံးဦးဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပြီး ပထမနေ့ အသည်းအစားထိုးခွဲစိတ်ကုသမှုကို ယနေ့တွင် မင်္ဂလာဒုံမြို့နယ်ရှိ အမှတ်(၁)တပ်မတော်ဆေးရုံကြီး(ခုတင် ၁၀၀၀) အထူးကုသမှုစင်တာ၌ ပြုလုပ်သည်။

အဆိုပါအသည်းအစားထိုးခွဲစိတ်ကုသမှုကို တပ်မတော်မှ အသည်းအစားထိုးခွဲစိတ်ကုသမှုအဖွဲ့နှင့် အိန္ဒိယနိုင်ငံမှ အသည်းအစားထိုးခွဲစိတ်ကုသမှုအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်ခဲ့ကြခြင်းဖြစ်ပြီး လူနာဒုတိယဗိုလ်မှူးကြီး ညဏ်မြင့်အောင် (ငြိမ်း)၏ဇနီး ဒေါ်အေးသီတာနှင့် တူဖြစ်သူ အသည်းအလှူရှင် ကိုသက်ကိုဦးတို့ကို ခွဲစိတ်ကုသခဲ့ခြင်းဖြစ်သည်။

အသည်းအစားထိုးခွဲစိတ်ကုသမှု ဆောင်ရွက်ရာတွင် အသည်းအလှူရှင်လူနာထံမှ အသည်းထုတ်ယူခြင်းကို နံနက် ၈ နာရီခွဲတွင် စတင်ခဲ့ပြီး ထုတ်ယူရရှိသောအသည်းကို ညနေ ၄ နာရီခွဲခန့်တွင် အသည်းလက်ခံလူနာထံသို့ အစားထိုးခွဲစိတ်ကုသခြင်း ဆောင်ရွက်ခဲ့ကာ စုစုပေါင်း ခွဲစိတ်ချိန် ၁၁ နာရီခန့် ကြာမြင့်ခဲ့သည်။ အသည်းအလှူရှင်လူနာနှင့် အသည်းလက်ခံလူနာများ၏ ခွဲစိတ်ပြီးနောက်ပိုင်း ကျန်းမာရေးအခြေအနေမှာ ကောင်းမွန်လျက်ရှိပြီး အထူးကြပ်မတ်ကုသခန်း၌ လိုအပ်သောပြုစုကုသမှုများကို သက်ဆိုင်ရာပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြု/ကျွမ်းကျင်သူများက ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

အသည်းအစားထိုး ခွဲစိတ်ကုသမှုကို တပ်မတော်မှ တာဝန်ရှိသူအရာရှိကြီးများက ကြည့်ရှုအားပေးခဲ့ပြီး ဇန်နဝါရီ ၂၈ ရက်နှင့် ၂၉ ရက်တို့တွင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် (၁၇)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂၇

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာနိုင်ငံရေကြောင်းပညာ တက္ကသိုလ်၏ (၁၇)ကြိမ်မြောက် ဘွဲ့နှင်းသဘင် အခမ်းအနားကို ဇန်နဝါရီ ၂၅ ရက် နံနက် ၈ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် အဆိုပါတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ကျင်းပရာ အခမ်းအနားသို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအောက်ရှိ ဌာနဆိုင်ရာအကြီးအကဲများ၊ ဖိတ်ကြားထားသူများ၊ ဘွဲ့ရကျောင်းသားကျောင်းသူများနှင့် မိဘများ တက်ရောက်ခဲ့ကြသည်။




အခမ်းအနားတွင် ပါမောက္ခချုပ် ဒေါက်တာမြတ်လွင်က ဘာသာရပ်အလိုက် ပညာရည်ထူးချွန်ဆုရ ကျောင်းသား ကျောင်းသူ ကိုးဦးကို ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာမြတ်လွင်က ရေယာဉ်တည်ဆောက်မှုအင်ဂျင်နီယာဘွဲ့ရ ၂၇ ဦး၊ ရေကြောင်းအင်ဂျင်နီယာဘွဲ့ရ ၃၅ ဦး၊ ဆိပ်ကမ်းအင်ဂျင်နီယာဘွဲ့ရ ၂၉ ဦး၊ မြစ်ချောင်းနှင့် ကမ်းရိုးတန်းအင်ဂျင်နီယာဘွဲ့ရ လေးဦး၊ ရေကြောင်းလျှပ်စစ်နှင့် အီလက်ထရောနစ် အင်ဂျင်နီယာဘွဲ့ရ ၁၆ ဦး၊ ရေကြောင်းစက်မှုအင်ဂျင်နီယာဘွဲ့ရ ၁၂ ဦး၊ ရေကြောင်းသိပ္ပံဂုဏ်ထူးဘွဲ့ရ ရှစ်ဦး၊ ရေကြောင်းသိပ္ပံဘွဲ့ရ နှစ်ဦး၊ သဘော်လုပ်ငန်းစီမံခန့်ခွဲမှု၊ ဆိပ်ကမ်းစီမံခန့်ခွဲမှုနှင့် ထောက်ပံ့သယ်ယူပို့ဆောင်ရေး ဘွဲ့လွန်ဒီပလိုမာဘွဲ့ရရှိသူ ၇၆ ဦး စုစုပေါင်း ဘွဲ့ရရှိသူ ၂၀၉ ဦးတို့ကို သက်ဆိုင်ရာ ဘွဲ့လက်မှတ်နှင့် ဒီပလိုမာဘွဲ့ လက်မှတ်များကို ပေးအပ်ချီးမြှင့်သည်။

မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်အား ၂၀၀၂ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ၂၀၀၇ ခုနှစ်မှ ၂၀၂၄ ခုနှစ်အထိ ဘွဲ့နှင်းသဘင်အခမ်းအနားကို (၁၇)ကြိမ် ကျင်းပခဲ့ရာ ရေကြောင်းဘက်ဆိုင်ရာအင်ဂျင်နီယာဘွဲ့ ၃၃၂၅ ဦးနှင့် သိပ္ပံဂုဏ်ထူးနှင့် သိပ္ပံဘွဲ့ရ ၁၁၇၉ ဦး၊ ဒီပလိုမာဘွဲ့ရရှိသူ ၁၁၉၀၊ အင်ဂျင်နီယာဒီပလိုမာဘွဲ့ရရှိသူ ၁၁ ဦးနှင့် မဟာဘွဲ့ရရှိသူ ၂၂ ဦး စုစုပေါင်းဘွဲ့ရရှိသူ ၅၇၂၇ ဦးကို မွေးထုတ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ကျိုက်မရောမြို့နယ်၌ မြို့နယ်အဆင့် ပညာရေးစုံညီပွဲတော် ကျင်းပ

ကျိုက်မရော ဇန်နဝါရီ ၂၇

၂၀၂၃-၂၀၂၄ ပညာသင်နှစ် ကျိုက်မရောမြို့နယ် မြို့နယ်အဆင့် ပညာရေးစုံညီပွဲတော်နှင့် မြို့နယ်အဆင့်ဂုဏ်ဆောင် ကျောင်းသားကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက အထက ကျိုက်မရော ပညာအားမာန်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်စိုးဦးက အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဒေါ်စုစုငွေးက ပညာရေးစုံညီပွဲတော် ကျင်းပရခြင်းရည်ရွယ်ချက်များနှင့် ပညာရေးလုပ်ငန်းဆောင်ရွက်မှုများအား ပြောကြားသည်။

ဆက်လက်၍ ဆုချီးမြှင့်ပွဲကိုကျင်းပရာ ၂၀၂၃ -၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း အောင်ချက်အကောင်းဆုံးကျောင်းများနှင့် ဗဟိုအဆင့်နှင့် ပြည်နယ်အဆင့် ထူးချွန်ဆုရ ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးအပ်ခဲ့ကြပြီး ကျောင်းသားကျောင်းသူများက ကရင်ရိုးရာဒုံးယိမ်းအကများ၊ မွန်ရိုးရာအကအလှများဖြင့် သီဆိုဖျော်ဖြေခဲ့ကြောင်း သိရသည်။

မိချို( ပြန်/ဆက်)




## တရုတ်ရိုးရာနှစ်ကူးနီးကပ်လာ၍ ဈေးကွက်အတွင်း တရုတ်ရိုးရာအစားအစာနှင့် အသုံးအဆောင်ပစ္စည်းများ ရောင်းအားကောင်းနေ

ရန်ကုန် ဇန်နဝါရီ ၂၇

တရုတ်ရိုးရာနှစ်သစ်ကူးနီးကပ်လာပြီဖြစ်သဖြင့် ဈေးကွက်အတွင်း တရုတ်ရိုးရာအစားအစာနှင့် အသုံးအဆောင်ပစ္စည်းများ ရောင်းအားကောင်းနေကြောင်း ရိုးရာအစားအစာရောင်းချသူများနှင့် ဝယ်ယူသူများထံမှ သိရသည်။

ဖေဖော်ဝါရီလအတွင်း ကျရောက်မည့် တရုတ်နှစ်သစ်ကူးကြောင့် တရုတ်ရိုးရာအစားအသောက်များဖြစ်သည့် အီကြွေးမုန့်၊ မုန့်ရောင်စုံလုံး အစရှိသည့်အစားအသောက်များ ရောင်းအားကောင်းနေပြီး ကန်တော့ရာတွင်အသုံးပြုသည့် ငွေစက္ကူ အစရှိသည့် ပစ္စည်းများကို ဝယ်ယူမှုများပြားလျက်ရှိကြောင်း သိရသည်။ “ရိုးရာကန်တော့ဖို့ဆိုပြီး တချို့က ပစ္စည်းတွေကို ဇန်နဝါရီလလောက်ကတည်းက ကြိုတင်ဝယ်ကြတာတွေရှိသလို အခုလမှ ဝယ်ကြတာတွေလည်းရှိတယ်။ လက်ရှိကတော့ ရောင်းအားကောင်းနေပါတယ်။ နေရာတော်တော်များများက ဝယ်ကြတယ်”ဟု အဆိုပါ ရိုးရာအသုံးအဆောင်ပစ္စည်းများနှင့် အစားအသောက်များ ရောင်းချနေသူတစ်ဦးက ပြောသည်။

တရုတ်နှစ်သစ်ကူးကန်တော့ရန်အသုံးပြုသည့် အသုံးအဆောင်များမှာ ယခုလပိုင်းတွင် ဈေးအနည်းငယ်တက်သွားကြောင်း ရိုးရာကန်တော့ရန် အသုံးအဆောင်ပစ္စည်းများကို ဝယ်ယူသူတစ်ဦးက ဆိုသည်။

“အရင်လကဝယ်တာ ရိုးရာကန်တော့ဖို့အတွက်သုံးတဲ့ ရွှေစက္ကူ၊ ငွေစက္ကူတွေလည်း အခုလ ဈေးနည်းနည်းတက်သွားတယ်။ အရင်လကဝယ်တာ ရွှေစက္ကူ ငွေစက္ကူ ၁၀ အုပ်ကို ၈၀၀၀ လောက်ပေးရတယ်။ အခုလဝယ်တော့ ၁၀၀၀၀ ဖြစ်သွားတယ်။ အီကြွေးအဖြူက အခုတစ်ခုကို ၁၂၀၀၊ အနီက တစ်ခုကို ၈၀၀ ဈေးနည်းနည်းစီတော့ တက်သွားပါတယ်။ ကုန်ဈေးနှုန်းကြောင့်လည်း ဆိုင်မှာပါ”ဟု ၎င်းက ပြောသည်။

တရုတ်နှစ်သစ်ကူးသည် တရုတ်လူမျိုးများအတွက် အရေးပါသည့် ရိုးရာပွဲတော်တစ်ခုဖြစ်ပြီး နှစ်ဆန်းတစ်ရက်မတိုင်မီ တစ်နှစ်အတွင်း မကောင်းသည့်အကြောင်းအရာများ၊ အညစ်အကြေးများကို ဆေးကြောရှင်းလင်းကာ အိမ်တံခါးတစ်ဖက်တစ်ချက်နှင့်အပေါ်တွင် လာဘ်လာဘကောင်းစေသည့် စက္ကူနီများကပ်၍ တန်ဆာဆင်ကြကြောင်း သိရသည်။

MT

## မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

နေပြည်တော် ဇန်နဝါရီ ၂၇

နေပြည်တော်၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ရခိုင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ ကရင်ပြည်နယ်တွင် နေရာအနှံ့အပြား၊ မွန်ပြည်နယ်တွင် နေရာစိပ်စိပ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မိုး/ဇလ

# ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ နည်းပညာနှင့် ကွန်ပျူတာတက္ကသိုလ်ပေါင်းစုံ အားကစားပြိုင်ပွဲ ပိုက်ကျော်ခြင်း ကွာတားနှင့်ဆီမီးဖိုင်နယ်ပွဲစဉ်များ ကြည့်ရှုအားပေး

နေပြည်တော် ဇန်နဝါရီ ၂၇

အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန နည်းပညာနှင့် ကွန်ပျူတာတက္ကသိုလ်များ၏ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ပေါင်းစုံ အားကစားပြိုင်ပွဲများကို နေပြည်တော်ဝဏ္ဏသိဒ္ဓိ အားကစားကွင်း၌ အားကစားနည်းအလိုက် သက်ဆိုင်ရာကွင်း/ရုံများတွင် ယနေ့ ဆက်လက်ကျင်းပရာ နံနက် ၉ နာရီတွင် Boxing Indoor Stadium ၌ တက္ကသိုလ်ပေါင်းစုံပိုက်ကျော်ခြင်း အမျိုးသား သုံးယောက်တွဲ ကွာတားဖိုင်နယ်နှင့် ဆီမီးဖိုင်နယ်ပွဲစဉ်များ ယှဉ်ပြိုင်ကစားကြရာ ဒုတိယဝန်ကြီး ဒေါက်တာ အောင်ဇေယျနှင့်တာဝန်ရှိသူများ တက်ရောက်ကြည့်ရှုအားပေးသည်။





ယနေ့ကျင်းပသော ပိုက်ကျော်ခြင်းပွဲစဉ်များသည် ကွာတားဖိုင်နယ်နှင့် ဆီမီးဖိုင်နယ်အဆင့်ပွဲစဉ်များဖြစ်ရာ တက်ရောက်လာသော ဇုန်အသင်းများမှ ကျောင်းသားအားကစားသမားများသည် အကြိတ်အနယ် ယှဉ်ပြိုင်ကစားကြပြီး ကွာတားဖိုင်နယ်ပွဲစဉ်များတွင် မိတ္ထီလာဇုန်အသင်းက ဘားအံဇုန်အသင်းကိုလည်းကောင်း၊ မြစ်ကြီးနားဇုန်အသင်းက ကျိုင်းတုံဇုန်အသင်းကိုလည်းကောင်း၊ မကွေးဇုန်အသင်းက ပြည်ဇုန်အသင်းကို လည်းကောင်း၊ ရန်ကုန်အရှေ့ပိုင်းဇုန်အသင်းက နေပြည်တော်ဇုန်အသင်းကိုလည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

ယင်းနောက် ဆီမီးဖိုင်နယ်ပွဲစဉ်များကို ဆက်လက်ယှဉ်ပြိုင်ကစားကြရာ မိတ္ထီလာဇုန်အသင်းက မြစ်ကြီးနားဇုန်အသင်းကို လည်းကောင်း၊ ရန်ကုန်အရှေ့ပိုင်းဇုန်အသင်းက မကွေးဇုန်အသင်းကိုလည်းကောင်း အနိုင်ရရှိခဲ့ကြပြီး ဗိုလ်လုပွဲစဉ်တွင် မိတ္ထီလာဇုန်အသင်းနှင့် ရန်ကုန်အရှေ့ပိုင်းဇုန်အသင်း၊ တတိယနေရာလုပွဲတွင် မြစ်ကြီးနားဇုန်အသင်းနှင့် မကွေးဇုန်အသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားကြရမည်ဖြစ်သည်။ ပွဲစဉ်များအပြီးတွင် ဒုတိယဝန်ကြီးသည် ပြိုင်ပွဲကျင်းပရေးကော်မတီမှ တာဝန်ရှိသူများနှင့် ဒိုင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ကျောင်းသားအားကစားသမားများကို တစ်ဦးချင်း ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

သတင်းစဉ်

# Expo 2023 Doha ကုန်စည်ပြပွဲ၏ မြန်မာနေ့အခမ်းအနား ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂၇

ကာတာနိုင်ငံ ဒိုဟာမြို့တွင် ကျင်းပလျက်ရှိသော Expo 2023 Doha တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် မြန်မာပြခန်းဆောင်ကို ပါဝင်ပြသလျက်ရှိပြီး Expo 2023 Doha ၏ မြန်မာနေ့အခမ်းအနားကို ယနေ့တွင် ကာတာနိုင်ငံ ဒိုဟာမြို့ Al B Park ရှိ Expo House ၌ ကျင်းပရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဒေါ်နော်မူတာကပေါ၊ Expo 2023 Doha ၏ Secretary General Mr. Mohamed alkoori နှင့် ပြပွဲတွင် ပါဝင်ပြသသည့် နိုင်ငံများမှ Commissioner General များ တက်ရောက်ကြသည်။



မြန်မာနေ့ အခမ်းအနားကို ဒေသစံတော်ချိန် ညနေ ၄ နာရီတွင် ကျင်းပရာ ဦးစွာ မြန်မာနိုင်ငံတော်သီချင်းနှင့် ကာတာနိုင်ငံတော်သီချင်းများကိုဖွင့်လှစ်၍ နှစ်နိုင်ငံအလံများကို လွှင့်ထူပြီး မြန်မာ့ယဉ်ကျေးမှု အကပဒေသာဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။ ယင်းနောက် မြန်မာကိုယ်စားလှယ် အဖွဲ့ခေါင်းဆောင် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ်က အမှာစကားပြောကြားပြီး ဧည့်သည်တော်များက မြန်မာပြခန်းဆောင်နှင့် ကာတာပြခန်းဆောင်တို့ကို လှည့်လည်ကြည့်ရှုကြသည်။

Expo 2023 Doha ကို ၂၀၂၃ ခုနှစ် အောက်တိုဘာ ၁ ရက်မှ ၂၀၂၄ ခုနှစ် မတ် ၃၁ ရက်အထိ ခြောက်လကြာ ကျင်းပလျက်ရှိပြီး ပြပွဲကာလအတွင်း မြန်မာပြခန်းဆောင်ကို TREASURE CAP Company မှ မြန်မာနိုင်ငံ ကိုယ်စားပြု ပါဝင် ပြသလျက်ရှိကြောင်းနှင့် မြန်မာပြခန်း၌ မြန်မာ့စိုက်ပျိုးရေးထွက်ကုန်များ၊ ကျောက်မျက်ရတနာပစ္စည်းများ၊ မြန်မာ့သဘာဝမျိုးရင်းသစ်ခွများနှင့် ရေထွက်ကုန်ပစ္စည်းများ ပြသလျက်ရှိကြောင်း သိရသည်။ သတင်းစဉ်

# အင်းစိန်မြို့နယ်အတွင်းရှိ ရပ်ကွက်များသို့ မီးဘေးလုံခြုံရေးကွင်းဆင်းစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၂၇

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်စေရန်ရည်ရွယ်၍ မီးဘေးလုံခြုံရေး ကွင်းဆင်းစစ်ဆေးခြင်းကို ယနေ့ နံနက်ပိုင်းတွင် အင်းစိန်မြို့နယ် ဈေးကုန်းအရှေ့ရပ်ကွက်နှင့် ဈေးကုန်းအနောက်ရပ်ကွက်များသို့ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် အင်းစိန်မြို့နယ် မီးသတ်ဦးစီးဌာနမှ မီးသတ်ဦးစီးမှူး ဦးကျော်ဇင်လတ်နှင့် မီးသတ်တပ်ဖွဲ့ဝင်များက ရပ်ကွက်များအတွင်းသို့ နေအိမ်များတွင် မီးဘေးလုံခြုံရေးနှင့် မီးသတ်ဆေးဘူးများ ဆောင်ရွက်ထားရှိမှု၊ လျှပ်စစ်မီးကြိုးများ သွယ်တန်းထားရှိမှု၊ ရေအိတ်၊ သဲအိတ်များ ထားရှိမှုများနှင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို စစ်ဆေးခဲ့ကြပြီး အသိပညာပေးလုပ်ငန်းအဖြစ် မီးဘေးအန္တရာယ် အသိပညာပေးပိုစတာများကပ်ပေးခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းနှင့် အသိပညာပေးအကြောင်းအရာများကို ပြောကြားခဲ့သည်။

အဆိုပါ ရပ်ကွက်များနှင့် ဈေးများတွင် မီးဘေးလုံခြုံရေးစစ်ဆေးခြင်းနှင့် လက်တွေ့သရုပ်ပြသခြင်း၊ အသိပညာပေးဟောပြောခြင်း၊ လက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ ပိုစတာများကပ်ခြင်း၊ လိုက်လံနှိုးဆော်ခြင်းလုပ်ငန်းများကို အင်းစိန်မြို့နယ်မီးသတ်ဦးစီးဌာနမှ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဉာဏ်ဟိန်း

# တရုတ်နိုင်ငံသို့ သစ်သီးတင်ပို့ရာတွင် ရွှေသခွားကို ဝယ်လိုအားများနေသောကြောင့် ဈေးကောင်းရရှိနေ

ရန်ကုန် ဇန်နဝါရီ ၂၇

တရုတ်နိုင်ငံသို့ သစ်သီးတင်ပို့ရာတွင် ရွှေသခွားဝယ်လိုအားများနေသဖြင့် ဈေးကောင်းရရှိနေကြောင်း နယ်စပ်ကုန်သွယ်ရေး ဆောင်ရွက်နေသည့် သစ်သီးပွဲရုံများမှ သိရသည်။

ယခုနှစ်အတွင်း ရွှေသခွားကို စိုက်ပျိုးသူနည်းပါးပြီး ဝယ်လိုအားရှိနေသည့်အတွက် သခွားစိုက်သူများအနေဖြင့် ဈေးကောင်းရရှိပြီး တစ်ကီလိုလျှင် တရုတ်နိုင်ငံသုံးငွေ ခြောက်ယွမ်ကျော်အထိ ရရှိနေကြောင်း ဆွေမြန်မာသစ်သီးပွဲရုံမှ သိရသည်။

"ဒီနှစ်က ရွှေသခွားစိုက်တောင်သူတွေနည်းတော့ အရင်နှစ်ထက် ဈေးပိုရတယ်။ တစ်ကီလိုကို မြန်မာငွေကျပ် ၃၀၀၀ ကျော်လောက်ရှိတော့ စိုက်ပျိုးသူတောင်သူတွေအတွက် အဆင်ပြေကြတယ်"ဟု အဆိုပါသစ်သီးပွဲရုံမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ဖရဲသီးမှာမူ စိုက်ပျိုးမှုများ၍ ဖရဲသီးဈေးကျဆင်းနေပြီး တစ်ကီလိုကို နှစ်ယွမ်ကျော်သာ ဈေးရရှိနေသောကြောင့် ဖရဲစိုက်တောင်သူများအနေဖြင့် ဈေးကွက်ဝယ်လိုအား ကျဆင်းနေရကြောင်း သိရသည်။

"ဖရဲကတော့ တော်တော်များများစိုက်ကြတော့ ဈေးနှုန်းကျတာပေါ့။ ဖရဲသီးက တစ်ကီလိုကို နှစ်ယွမ်ခွဲလောက်ဆိုတော့ တစ်ကီလိုကို မြန်မာငွေနဲ့ ၁၀၀၀ကျော်လောက်ပဲရတာပေါ့" ဆွေမြန်မာသစ်သီးပွဲရုံမှ တာဝန်ရှိသူက ပြောသည်။

တရုတ်နှစ်သစ်ကူးဆိုလျှင် ယခင်နှစ်များက သစ်သီးဈေးကောင်းရရှိသည့်အတွက် ယခုနှစ်ကူးတွင်လည်း ဈေးကောင်းရရှိရန် တောင်သူများက မျှော်လင့်နေကြကြောင်း သိရသည်။ ၎င်းတို့အနေဖြင့် သစ်သီးတင်ပို့ရာတွင် မြန်မာ-တရုတ်နယ်စပ် မိုင်းလားလမ်းကြောင်းမှ တင်ပို့နေကြောင်း သိရသည်။

MT



သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့



# တိုက်ကြီးမြို့နယ်၌ ရှေးဦးပြုစုခြင်း(အခြေခံ)သင်တန်းဆင်းပွဲ ကျင်းပ

တိုက်ကြီး ဇန်နဝါရီ ၂၇

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်တွင် မြို့နယ်ကြက်ခြေနီအသင်းခွဲနှင့် အရန်မီးသတ်တပ်ဖွဲ့တို့ပူးပေါင်း၍ ရှေးဦးပြုစုခြင်း အခြေခံ(၁/၂၀၂၄) သင်တန်းဆင်းပွဲကို အိုးတန်းရပ်ကွက် ရွှေဂျိုးဖြူခန်းမ၌ ယနေ့ နံနက် ၁၀ နာရီက ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ကျော်စိုးက အဖွင့်အမှာစကားပြောကြားပြီး ကြက်ခြေနီအသင်းခွဲ ဥက္ကဋ္ဌ ဦးဌေးဝင်းက ဂုဏ်ပြုအမှာစကား ပြောကြားသည်။ ဆက်လက်၍ သင်တန်းတွင် ထူးချွန်စွာအောင်မြင်သော သင်တန်းသားများအား ဆုချီးမြှင့်ခြင်းနှင့် သင်တန်းဆင်းအောင်လက်မှတ်များကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်စိုးနှင့်တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ခဲ့သည်။

အဆိုပါ ရှေးဦးပြုစုခြင်းအခြေခံ (၁/၂၀၂၄) သင်တန်းတွင် သင်တန်းသား ၃၀ တက်ရောက်ပြီး ကြက်ခြေနီအကြောင်း သိကောင်းစရာ၊ ရှေးဦးပြုစုခြင်းအခြေခံသဘောတရား၊ အခြေခံအသက်ကယ် အထောက်အကူပြုစုနည်း စသည့်ဘာသာရပ်များကို သုံးရက်ကြာ ဆွေးနွေးပို့ချခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ ဦးချစ်ထွန်းလမ်း၊ အမှတ်(၄၄၇/ခ)ဟုခေါ်တွင်သော မြေကွက်၏ ခြေရင်းခြမ်း မြေအကျယ်အဝန်း(အလျား ၁၀ ပေ x အနံ ၄၀ ပေ) နှင့် မြေကွက်အမှတ်(၄၄၇/က)ဟုခေါ်တွင်သော မြေကွက်၏ ခေါင်းရင်းခြမ်း မြေအကျယ်အဝန်း(အလျား ၁၀ပေx အနံ ၄၀ ပေ) စုစုပေါင်း အကျယ်အဝန်း(အလျားxအနံ)(၂၀ ပေ x ၄၀ ပေ)ရှိ မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် (၅)ထပ်တိုက်(Hall)ကန်ထရိုက်အဆောက်အဦ၏ အပေါ်ဆုံးထပ်ဒါဘာ (၅-လွှာ)တိုက်ခန်း၊ ယင်းတိုက်ခန်းနှင့်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ပိုင်ရှင်ဖြစ်သူ ဒေါ်ဥမ္မာခိုင် [၁၂/မရက(နိုင်)၁၉၁၉၃၁] ထံမှ အပြီးအပိုင် ဝယ်ယူရန်အတွက် ကျွန်ုပ်မိတ်ဆွေများက ရောင်းဖိုးစရန်ငွေများ ပေးအပ်ထားပြီးဖြစ်ပါသည်။ ယင်းကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါရှိသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူ မရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးပြတ်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးတင်ဝင်းပါ ၂ ဦး၏ လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးဝဏ္ဏစည်သူမိုး**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၈၅၅၈)**
**အမှတ်(၁၈၉)၊ မင်းရဲကျော်စွာလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း–၀၉–၇၉၄၄၂၀၁၇၄**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

၁။ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ပုသိမ်မြို့နယ်၊ တိုးချဲ့မြို့သစ်တည်ဆောက်ရေး (၅၂)စက်မှုကွက်သစ်၊ မဥ္ဇူလမ်းသွယ်၊ ဦးပိုင်အမှတ်–A–၁၅–က၊ အကျယ်အဝန်း(၆၀ပေx၁၀၀ပေ)၊ ဧရိယာ(၀.၁၃၇)ဧက အကျယ်ရှိ ဦးစိုးလွင် [၁၀/ရမန(နိုင်)၀၀၄၃၈၄]အမည်ပေါက် ပါမစ်မြေအမျိုးအစား မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံး။

၂။ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ပုသိမ်မြို့နယ်၊ တိုးချဲ့မြို့သစ်တည်ဆောက်ရေး (၅၂)စက်မှုကွက်သစ်၊ မဥ္ဇူလမ်းသွယ်၊ ဦးပိုင်အမှတ်–A–၁၅–ခ၊ အကွက်အမှတ်–၁၆၃စီ(စက်မှုရပ်ကွက်)၊ အကျယ်အဝန်း(၆၀ပေx၁၀၀ပေ)၊ ဧရိယာ(၀.၁၃၈)ဧကအကျယ်ရှိ ဦးလှဝေ[၁၄/ဟသတ(နိုင်)၀၀၉၆၂၇] အမည်ပေါက် နှစ်(၃၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံး။

အထက်ဖော်ပြပါ မြေကွက်(၂)ကွက်တို့ကို အရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်၍ အရှုပ်အရှင်းကင်းရှင်းစွာ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့် ရှိကြောင်း ဝန်ခံကတိပြုသူ ဦးရွှေလှိုင် [၁၂/လမတ(နိုင်)၀၂၂၆၁၆] ထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်(စရန်ငွေ)များ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုပါက စာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်ကြည်ကြည်ထွေး (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၂၃၀၀)**
**အမှတ် (၁၆/ခ)၊ ရန်ကုန်လမ်း၊ ၆/၉ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၄၂၀၀၅၈၅၅၃၊ ၀၉–၇၉၉၄၆၆၉၅၄**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်–၅၊ နည်းဥပဒေ–၂၀)
## ဝေါမြို့နယ်တရားရုံးတော်
## ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ်–၄၇

| | | |
|---|---|---|
| မဇင်မာဦး | နှင့် | ကိုသိန်းသန်း |
| **တရားလို** | | **တရားပြိုင်** |

ဝေါမြို့နယ်၊ ကျိုက်လှကျေးရွာနေ တရားပြိုင် ကိုသိန်းသန်း (ဘ)ဦးမြင့်ရွှေ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို မဇင်မာဦး (ဘ)ဦးထွန်းဦးက တရားဝင်အကြင်လင်မယားအဖြစ် ကွာရှင်းပြတ်စဲပေးရန်နှင့် လင်မယားနှစ်ဦးပိုင်ပစ္စည်းခွဲဝေပေးစေလိုကြောင်း လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက် (၁၃၈၅ ခုနှစ်၊ ပြာသိုလဆုတ် ၁၃ ရက်)မွန်းမတည့်မီ နံနက်(၁၀:၀၀)နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန်ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ(၄)ရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အောင်မြင့်ဌေး)**
**တွဲဖက်မြို့နယ်တရားသူကြီး(၂)**
**ဝေါမြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

မြေတိုင်းရပ်ကွက်အမှတ်(၁၉/ကမာရွတ်)၊ မြေကွက်အမှတ်(၅/က–၁၄) ဟုခေါ်တွင်သော ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၃)ရပ်ကွက်၊ သီရိမြိုင်(၉)လမ်း၊ အမှတ်(၅၆၅–က) မြေကွက်ပေါ်တွင် ဆောက်လုပ်လျက်ရှိသော ခေတ်မီအထပ်မြင့်တိုက်သစ်တွင် အကျယ် (၁၁½x၄၇)ပေ၊ ပဉ္စမထပ်(၆–လွှာ) (ခေါင်းရင်းခန်း) တိုက်ခန်းနှင့် တိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဦးအာကာစောလင်း [၁၂/လမန(နိုင်)၁၀၁၉၂၇]၊ အမှတ်(၂၈)၊ သီရိမြိုင် (၈)လမ်း၊ (၁၃)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့တွင် နေထိုင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေများက ကြိုပွဲဝင့်စနစ်ဖြင့် အပြီးအပိုင် ဝယ်ယူရန်အတွက် ပထမအရစ် ကြိုတင်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုစာချုပ်စာတမ်း(မူရင်း)များနှင့်အတူ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အထက်ပါ တိုက်ခန်းအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးတင်လှိုင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၇၇၀၀/၁၀)**
**အမှတ်(၆၂၀)၊ မဟာဆွေလမ်း၊ (၁၃)ရပ်ကွက်၊ လှိုင်မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ Ph:09-448049954**

## အမည်တူရှိပါက ကန့်ကွက်နိုင်ကြောင်း

ရန်ကုန်မြို့၊ အမှတ်(၁၈)၊ ဦးဝိစာရလမ်း၊ (၄၁)တိုးချဲ့ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်တွင် ဦးကောင်းအောင်ဇော်[၁၂/ဗဟန(နိုင်)၀၉၉၉၁၅]သည် ရေသန့်ထုတ်လုပ်သည့်လုပ်ငန်းအား အောက်ပါ အမည် (၃)မျိုးဖြင့် ထုတ်လုပ်ဖြန့်ဖြူးရောင်းချမည်ဖြစ်၍ အမည်တူရှိပါက(၇)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

(က) KRYSTAL
(ခ) CORAL
(ဂ) COOL

**ဦးကောင်းအောင်ဇော်**
**ဖုန်း – ၀၉–၅၀၁၈၅၂၁၊ ၀၉–၇၈၂၄၀၂၉၇၉**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၁၃)ရပ်ကွက်၊ ၁၀/တောင်၊ သလ္လာဝတီ(၄)လမ်း၊ အမှတ် (၁၂၇၆)နေ ဦးငပြုံး(IGU–၁၃၂၃၂၂) နှင့် ဒေါ်ခင်ဝါရွှေ [၁၂/သကတ (နိုင်) ၀၅၅၈၆၀]တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အကြောင်းကြား သိစေအပ်ပါသည်–

ကျွန်ုပ်မိတ်ဆွေတို့၏ သားဖြစ်သူ မောင်သူရ[၁၂/သကတ (နိုင်) ၂၀၅၉၁၂] သည် မိဘနှစ်ပါး၏ ဆိုဆုံးမမှုများအား လိုက်နာခြင်းမရှိဘဲ၊ အမျိုးမျိုးသော ကိစ္စရပ်များဖြင့် မိဘနှစ်ပါးနှင့်မိသားစုဝင်များအား ကိုယ်စိတ်နှလုံးဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်သဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝများအား လာရောက်ပြောဆိုခြင်းနှင့် တာဝန်ယူဖြေရှင်းခိုင်းခြင်းများအား တာဝန်ယူဆောင်ရွက်ပေးမည် မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်အေးချမ်းမွန် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၆၄၄၇)**
**အခန်း (၄၀၆)၊ သုနန္ဒာ(၁၀)လမ်း၊ (ဆ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း–၀၉–၄၀၂၅၈၉၈၂၃**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီခရိုင်၊ မှော်ဘီမြို့နယ်၊ မြောင်းတကာ ကျေးရွာလမ်းမကြီးပေါ်တွင်တည်ရှိသော ကျေးရွာအမည်–မြောင်းတကာ၊ ကွင်းအမှတ်–၆၆၂A ကွင်းအမည်–အင်းကောက်၊ ဦးပိုင်အမှတ်(N၄/၁)၊ ဧရိယာ–၅.၆၉ဧက၊ မြေအမျိုးအစား– ဥယျာဉ်ခြံမြေ၊ မြေလုပ်ကိုင်သူအမည်–ဦးအောင်အောင်ဇော် [၁၂/ရပသ(နိုင်)၀၃၆၈၆၈] မြေအမည်ပေါက် ပိုင်ဆိုင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးရဲမင်းဌေး [၁၂/ထတပ(နိုင်)၀၇၅၂၈၃]က ခြံမြေအား အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

ယင်းကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးကျော်မင်းထွန်း (LL.B–D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၈၄၀၁)**
**အမှတ်(၂၂)၊ ဘောဂလမ်း၊ ဘောဂရပ်ကွက်၊ ပ. လ. ရ မင်္ဂလာဒုံမြို့နယ်။**
**ဖုန်း–၀၉–၄၅၁၁၂၈၇၇၆**

## ဒေါ်တင်တင်နွဲ့ [၈/မထန(နိုင်)၀၀၆၀၇၇] နှင့် အများသိစေရန် သတိပေးကြေညာချက်

ကျွန်ုပ်၏မိတ်ဆွေ ဦးဝင်းမော်[၁၂/စခန(နိုင်)၀၂၆၂၁၉] ACM မိသားစု ဆောက်လုပ်ရေးကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း သတိပေးကြေညာအပ်ပါသည်–

ဒေါ်တင်တင်နွဲ့၏ လွှဲအပ်ညွှန်ကြားချက်အရ တရားလွှတ်တော်ရှေ့နေများဖြစ်ကြသော ဦးထင်ကျော်နှင့် ဒေါ်သက်လေးချို တို့က (၃၀–၁၁–၂၀၁၇) ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ ကြော်ငြာ(၂၉)၌ ဦးဝင်းမော်နှင့် ဒေါ်တင်တင်နွဲ့တို့သည် (၁၉–၆–၁၉၉၀) ရက်မှစ၍ တရားဝင် လင်မယားအဖြစ် ပေါင်းသင်းလာခဲ့ပြီး လင်မယားနှစ်ဦးအတူရှာဖွေစုဆောင်းခဲ့သော မရွှေ့ပြောင်းနိုင်သော ပစ္စည်းများအနက် ပစ္စည်းအမှတ်စဉ်–၄ ၌ "ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျွန်းတော(လယ်)ရပ်ကွက်၊ ဖျာပုံလမ်း၊ အမှတ်–၃၄၊ မြေညီထပ်နှင့် မှန်ခန်းတို့ ပါဝင်ကြောင်း အသိပေးကြေညာခဲ့ပြီး ဖြစ်ပါသည်။

ထိုသို့နှစ်ဦးပိုင် ကြေညာထားပြီးဖြစ်ပါလျက် (၂၀–၁–၂၀၂၄) ရက်စွဲပါ ကြေးမုံသတင်းစာ ကြော်ငြာ– ၂၃ ၌ ဒေါ်တင်တင်နွဲ့၏ လွှဲအပ်တာဝန်ပေးချက်အရ တရားလွှတ်တော်ရှေ့နေ ဒေါ်ဝင်းဝင်းသောင်းမှ သက်ဆိုင်သူနှင့် အများသိစေရန် ကြေညာချက်၌မူ လင်မယားနှစ်ဦးပိုင်ပစ္စည်းကို ၎င်းတစ်ဦးတည်းပိုင်သဖွယ် ဖြစ်ရပ်မှန်ကို ထိမ်ချန်၍ မမှန်မကန် ကြေညာထားခြင်းသာဖြစ်ပြီး နှစ်ဦးပိုင်ပစ္စည်း ဖြစ်ကြောင်း ဝန်ခံကြေညာထားပြီး ဖြစ်ပါလျက် အဆိုပါတိုက်ခန်းအား သော့ ၃ လုံးခတ်၍ ကျွန်ုပ်၏မိတ်ဆွေ ဝင်ထွက်ခွင့်မရအောင် ပိတ်ဆို့တားဆီးထားခြင်းသာ ဖြစ်ပါသည်။

ထို့အတူ အမှတ်စဉ်–၂ ပါ "ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျွန်းတော(တောင်)ရပ်ကွက်၊ ဗဟိုလမ်း၊ အမှတ်–၁၆၈ မြေညီထပ် တိုက်ခန်း(ခေါင်းရင်းခန်း) မှာလည်း လင်မယားနှစ်ဦးပိုင်ဖြစ်ကြောင်း ဝန်ခံကြေညာထားပါလျက် တစ်ဦးပိုင်သဖွယ် ကျွန်ုပ်၏မိတ်ဆွေ ဦးဝင်းမော်၏ လုပ်ပိုင်ခွင့်တို့ကို တားမြစ် ပိတ်ပင်ထားကာ ၎င်း၏သဘောဖြင့် ပြုမူလုပ်ဆောင်နေခြင်းသာဖြစ်ပါသည်။

သို့ဖြစ်၍ ကျွန်ုပ်၏မိတ်ဆွေ ဦးဝင်းမော်၏ သဘောတူခွင့်ပြုချက်မရှိဘဲ မည်သူ့ကိုမျှ အဆိုပါတိုက်ခန်းများအား လွှဲပြောင်း၊ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ စွန့်လွှတ်လှူဒါန်း၊ ငှားရမ်းခြင်း၊ အခမဲ့ထားခြင်း တို့ကို မပြုလုပ်ရန်နှင့် ပြုလုပ်ပါက ဥပဒေနှင့်အညီ အရေးယူမည်ဖြစ်ကြောင်း ဒေါ်တင်တင်နွဲ့နှင့် အများသိစေရန် သတိပေးကြေညာပါသည်။

**ဦးဝင်းမော်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဝင်းထိန်၊ B.Sc.,R.L.**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၄၀၅၁/၈၇)**
**တိုက်–၃၅၊ အခန်း–၂၁၊ ရွှေအုန်းပင်အိမ်ရာ(၂)၊ ရန်ရှင်းလမ်း၊**
**ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း–၀၉–၂၅၀၄၉၅၅၄၇**

ရွှေပြည်သာမြို့နယ်
VIP မြေကွက်များ
ဝယ်လိုသည်
09-5139064

ဒဂုံမြို့သစ်တောင်ပိုင်း၊
မြောက်ပိုင်း၊ အရှေ့ပိုင်း
ဆိပ်ကမ်းမြို့နယ်များရှိ
မြေကွက်များ ဝယ်လိုသည်
ပိုင်ရှင်ကိုယ်တိုင်
ဆက်သွယ်ပါ။
09260664480
09260664490

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ခရေပင်(၁)လမ်း၊ ချစ်တီးကုန်း ရပ်ကွက်၊ ခရေပင်ရိပ်မွန်အိမ်ရာ၊ လုံးချင်းတိုက်၊ မြေကွက်အမှတ်(၃၁)ကို မူလအမည်ပေါက် ပိုင်ဆိုင်သူ ဦးလှမြင့်၊ DV–၀၀၀၈၈၄ (ကွယ်လွန်)၏ဇနီး ဒေါ်စန်းစန်း[၁၂/မဂဒ(နိုင်)၀၁၉၁၃၄] က ၎င်းအမည်ဖြင့် မြေငှားစာချုပ်ထုတ်ယူခွင့်ပြုပါရန် ဌာနသို့ တင်ပြလျှောက်ထားလာပါသည်။ ထုတ်ပေးရန် မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာပါသည့် ရက်မှစ၍(၁၄)ရက်အတွင်း စာရွက်စာတမ်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြ ကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာ**
**ဖွံ့ဖြိုးရေးဦးစီးဌာန**

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အခွန်ဌာန
## ပထမအကြိမ် အိတ်ဖွင့်လေလံကြော်ငြာ

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အခွန်ဌာနမှ ၂၀၂၄–၂၀၂၅ ဘဏ္ဍာရေးနှစ်(၁)နှစ်အတွက် အောက်ပါအခွင့်အရေးအရပ်ရပ်ဆိုင်ရာ လုပ်ကိုင်ခွင့်လိုင်စင်များကို ပထမအကြိမ် အိတ်ဖွင့်လေလံရောင်းချသွားမည် ဖြစ်ပါသည်–

| စဉ် | အခွင့်အရေးအမျိုးအစား | လေလံတင် ရောင်းချမည့်ရက် | နေရာ/အချိန် |
|---|---|---|---|
| (က) | ရေချိုး/အိမ်သာအသုံးပြုခ ကောက်ခံခွင့်(၅၇)နေရာ | ၁၅–၂–၂၀၂၄ ၁၆–၂–၂၀၂၄ | (၆)ထပ်ဆောင် (၅)လွှာ |
| (ခ) | စက်ဘီး/ဆိုင်ကယ်အပ်နှံခ ကောက်ခံခွင့်(၅၃)နေရာ | ၁၉–၂–၂၀၂၄ | အစည်းအဝေးခန်းမ နံနက် ၁၀:၀၀ နာရီ |
| (ဂ) | ထီးတိုင်စိုက်ထူကောက်ခံခွင့် (၁)နေရာ | ၂၀–၂–၂၀၂၄ | ။ |
| (ဃ) | မန္တလေး(၆)မြို့နယ်လမ်းဘေး ဈေးကောက် ကောက်ခံခွင့်(၆)နေရာ | ၂၀–၂–၂၀၂၄ | ။ |
| (င) | မန္တလေးဆိပ်ကမ်းခွန်(ယာဉ် ရပ်နားနှင့်လမ်းဘေးဈေးကောက် ကောက်ခံခွင့်(၁)နေရာ | ၂၀–၂–၂၀၂၄ | ။ |
| (စ) | ယာဉ်ရပ်နား(ကန့်သတ်) ကောက်ခံခွင့်(၅)နေရာ | ၂၀–၂–၂၀၂၄ | ။ |

၂။ အထက်ဖော်ပြပါ လုပ်ကိုင်ခွင့်များအား လေလံဆွဲဝယ်သူများသည် လေလံလျှောက်လွှာများကို လေလံယှဉ်ပြိုင်မည့်အမျိုးအစားအလိုက် သတ်မှတ်ထားသည့် လျှောက်လွှာကြေးပေးသွင်း၍ ဝယ်ယူကာ လျှောက်လွှာ၌ သတ်မှတ်ထားသော လေလံစည်းကမ်းများနှင့်အညီ ပါရှိရမည့် စာရွက်စာတမ်းများ ပြည့်စုံစွာပူးတွဲလျက် တင်ပြပြီး လေလံကြမ်းခင်းဈေး၏ (၁၀%) စားပွဲတင်စပေါ်ငွေကို လေလံတင်ရောင်းချမည့်ရက်မတိုင်မီ (၅)ရက်ကြိုတင်၍ ရတနာပုံဘဏ်လီမိတက်သို့ တင်သွင်းထားရှိရမည်။ လျှောက်လွှာရောင်းချမှုနှင့် စပေါ်ငွေလက်ခံမှုနောက်ဆုံးရက်မှာ (၉–၂–၂၀၂၄)ရက်နေ့ (၁၃:၀၀)နာရီ ဖြစ်ပါသည်။ သိရှိလိုသည်များရှိပါက ဖုန်း ၀၉–၄၄၁၀၃၇၈၈၉၊ ၀၉–၄၅၄၁၆ ၄၄၉၉၊ ၀၂–၄၀၃၆၁၇၁(လိုင်းခွဲ–၁၅၃)နှင့် ၀၉–၄၀၂၅၃၁၁၉ သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**အခွန်ဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ မြကန်သာအိမ်ရာ၊ တိုက်အမှတ်(၂၅)၊ အခန်းအမှတ် (၂၀၁)(ဒုတိယထပ်)ကို ဌာနနှင့်အကျိုးတူဆောက်လုပ်သော အိုလံပစ်ကုမ္ပဏီထံမှ ဝယ်ယူထားသူ ဦးအောင်ဦး[၁၂/ရကန(နိုင်)၀၁၈၂၀၂]နှင့် ဒေါ်ခင်မမလတ်[၁၂/လမန(နိုင်)၀၅၅၃၆၄]ထံမှ တစ်ဆင့်စပ်ဆက်စာချုပ်များဖြင့် ပြန်လည်ဝယ်ယူထားသူ ဒေါ်အေးအေးသန်း [၆/လလန(နိုင်) ၀၀၄၇၈၈]က ၎င်းအမည်ဖြင့် အမည်ပြောင်းတိုက်ခန်း ပိုင်ဆိုင်ခွင့်စာအုပ် ပြုလုပ်ပေးပါရန် ဌာနသို့လျှောက်ထားလာပါသည်။ ထုတ်ပေးရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း စာရွက်စာတမ်းအထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာန**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ (၃)ရပ်ကွက်၊ ရာဇာဓိရာဇ်လမ်း၊ မြေကွက်အမှတ် (၂၀၂) ပေါ်တွင် ဆောက်လုပ်ထားသော အမှတ် (၁၃)ဟုခေါ်တွင်သော (၈)ထပ်တိုက်၏ (၄)လွှာ (တတိယထပ်)၊ အကျယ်အဝန်း (၂၅ပေx၆၀ပေ) ရှိ တိုက်ခန်းနှင့်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ရှိပိုင်ဆိုင်၍ တရားဝင်ရောင်းချပိုင်ခွင့်ရှိသူ ဦးမြင့်ဝင်း [၇/မလန(နိုင်) ၀၂၁၆၁၉]၊ [ဒေါ်လှဲ့လှဲ့မင်း(ကွယ်လွန်၏ခင်ပွန်း)]မှ လွှဲပြောင်းရောင်းချလိုကြောင်း ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိုပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဟေမာန်စိုး (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၈၅၈၁)**
**အမှတ်(၅၉၃/က)၊ ဝေဇယန္တာအနောက်(၁၂)လမ်း၊ (၆)ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း– ၀၉–၂၅၀၂၃၀၁၂၅**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ ရတနာဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀/မြို့မမြောက်ရပ်၊ မြေကွက်အမှတ် (ပ–၃၃၃၃၄)ကို အမည်ပေါက် ဦးသိန်းထိုက်(ဘ)ဦးညွန့်ဝေ မှတ်ပုံတင်အမှတ်[၁၂/သကတ (နိုင်)၀၁၄၅၂၃](တရားရှုံး) ကိုယ်စား ပုဗ္ဗသီရိမြို့နယ်တရားရုံး၏ ဘီလစ်စာရေးဖြစ်သူ ဦးကျော်ဆန်းဦး(ဘ)ဦးသံချောင်း မှတ်ပုံတင်အမှတ်[၉/တကန(နိုင်)၁၀၃၉၂၄]မှ မြေပေးစလစ်(မိတ္တူမှန်)ထုတ်ပေးပါရန် မှတ်ပုံတင်နှင့် အိမ်ထောင်စုစာရင်း၊ ပုဗ္ဗသီရိမြို့နယ် တရားရုံး၏ တရားမကြီးမှုအမှတ် ၄၈/၂၀၂၃၊ တရားမဇာရီမှုအမှတ် ၄၃/၂၀၂၃ တို့တင်ပြ၍ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထား ခိုင်လုံစွာတင်ပြ၍ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါသည့်ရက်မှစ၍(၃၀)ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်သူမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းနှင့်အညီ မြေပေးစလစ်(မိတ္တူမှန်)လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ (၁၁) ရပ်ကွက်၊ လမ်းသစ်အိမ်ရာ၊ Tower (A)၊ (၁၄) ထပ်၊ အခန်းအမှတ် (A–၁၄၁၆)၊ (ယခင်တိုက်အမှတ် (၃)၊ အခန်းအမှတ် (၇)၊ လမ်းသစ်အိမ်ရာ၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့) ရှိ တိုက်ခန်းတစ်ခန်းနှင့် ယင်းတိုက်ခန်းရှိ အကျိုးခံစားခွင့်များကို ဝယ်ယူရန် ရန်ကုန်တိုင်းဒေသကြီး၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနတွင် ဒေါ်ခင်သွယ် အမည်ဖြင့် မှတ်သားတည်ရှိ၍ ယခုရောင်းချပိုင်ခွင့်ရှိသူ ဦးသက်ထွန်း [၁၂/လမတ(နိုင်)၀၁၉၄၉၈]အား ကျွန်ုပ်တို့၏မိတ်ဆွေမှ စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ စရန်ငွေပေးချေထားခြင်းနှင့်ပတ်သက်၍ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထား စာချုပ်စာတမ်း(မူရင်း)များနှင့် ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။

ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါ တိုက်ခန်းကို တရားဝင်နည်းလမ်းတကျ အရောင်းအဝယ် စာချုပ်ဆက်လက်ချုပ်ဆို၍ ဝယ်ယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်စိုးစိုးမြင့်** | **ဒေါ်အိဖြိုးဇင်** |
| **LL.B (စဉ်–၁၀၀၆၃)** | **LL.B, DBL (စဉ်–၁၅၉၇၅)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |

**အမှတ် (၈၆)၊ ၇–လွှာ (စီ)၊ ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။**

| | |
|---|---|
| **ဖုန်း–၀၉–၄၂၁၀၃၅၉၆၃** | **ဖုန်း–၀၉–၇၉၀၁၂၃၄၈၀** |

## တိုက်ခန်း အရောင်းအဝယ် ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ (က)ရပ်ကွက်၊ စကားဝါလမ်း၊ အမှတ်(၁၃၄)ဟုခေါ်တွင်သော အဆောက်အဦ၏ (၁)ခန်းတွဲ (၅)ထပ်တိုက် Hall Type (RC) အနက်မှ အပေါ်ဆုံးထပ်ဖြစ်သည့် (၅)လွှာ၊ အကျယ်အဝန်း (၁၅ပေ x ၅၄ပေ)ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းနှင့် ဆက်နွယ်တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးဟု လိပ်စာတွင်သည့် တိုက်ခန်းကိုလက်ရှိဝယ်ယူပိုင်ဆိုင်အကျိုးခံစားလျက်ရှိပြီး အရှုပ်အရှင်းကင်းစွာဖြင့် ပြန်လည်ရောင်းချခွင့်ရှိသည်ဟု ဝန်ခံပြောဆိုသူ ဦးဖြိုးနေအောင် [၅/မရန(နိုင်)၁၉၀၀၇၇]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန် တိုက်ခန်းရောင်းဖိုးငွေအနက် စရန်ငွေ တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ရာ အဆိုပါ တိုက်ခန်းအရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ပိုင်ဆိုင်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုတစ်စုံတစ်ရာမရှိပါက ဥပဒေနှင့်အညီ တိုက်ခန်းအရောင်းအဝယ်အားပြီးဆုံးသည့်တိုင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်တင်တင်ရီနှင့် ဒေါ်သီဂီဝင်းတို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးအေးစိန်**
**LL.B, DBL, DML, DA.PSY**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၈၈၀)**
**အမှတ် (၃၀)၊ အောင်မာဃလမ်း၊ ဖျိုင်းရေအိုးစင်ကွက်သစ်ရပ်ကွက်၊**
**တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း- ၀၉-၉၅၉၇၂၇၆၅၇**

## အများသိစေရန်ပြန်လည်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ ပင်ရွှေညောင်လမ်း၊ အမှတ်-၉၁ နေ ဒေါ်မူမူမြင့်၏ လွှဲအပ်ညွှန်ကြားချက်အရ (၁-၁-၂၀၂၄) ရက်စွဲပါ ဦးနေဦး၏ ပြန်လည်တုံ့ပြန် သတိပေးကြေညာခြင်းအပေါ် အများသိစေရန် ပြန်လည်ကြေညာအပ်ပါသည်။

ကျွန်ုပ်အမှုသည်၏ (၂၅-၁၂-၂၀၂၃)ရက်စွဲပါ ဦးနေဦးနှင့် အများသိစေရန် ကြေညာခြင်းအပေါ် ဦးနေဦးဘက်မှ ၎င်းရှေ့နေများဖြင့်(၁-၁-၂၀၂၄)ရက်စွဲပါ ကြေးမုံသတင်းစာ စာမျက်နှာ-၂၆ တွင် ဖော်ပြပါရှိချက်များအားလုံး မှန်ကန်မှုမရှိပါကြောင်းနှင့် အဆိုပါကြေညာချက်ပါ အမှတ်စဉ်(က)မှ(ဃ)အထိ ပစ္စည်းများ၊ ငွေများ ကျွန်ုပ်အမှုသည်၏ လက်ဝယ်တွင် လုံးဝမရှိပါကြောင်း အများသိစေရန် ပြန်လည်ကြေညာအပ်ပါသည်။

ကျွန်ုပ်အမှုသည်အနေဖြင့် ဦးနေဦးအပေါ် သဃ်န်းကျွန်းခရိုင်တရားရုံးတော် (ဒု-၄)တွင် တရားမကြီးအမှတ်-၁၀၈၆/၂၀၂၃ ဖြင့် "တရားလိုနှင့်တရားပြိုင်တို့သည် အစ္စလာမ့်ဓလေ့ထုံးတမ်းဥပဒေအရ အကြင်လင်မယားဖြစ်မှ ကွာရှင်းပြတ်စဲပြီးစီးကြောင်း မြွက်ဟကြေညာပေးစေလိုမှုနှင့် လင်မယား(၂)ဦးပိုင်ပစ္စည်းများအားခွဲဝေပေးစေလိုမှု" စွဲဆိုထားသည့်အမှုပါအချက်အလက်များနှင့် (၂၅-၁၂-၂၀၂၃)ရက်စွဲပါ ဦးနေဦးနှင့် အများသိစေရန်ကြေညာခြင်းပါ အချက်အလက်များသည်သာအမှန်ဖြစ်ပါကြောင်း ထပ်မံကြေညာရှင်းလင်းကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဇာခြည်ဝင်း(LL.B,LL.M)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၂၉၁)**
**တိုက်(၇)၊ အခန်း-(၈)၊ မြေညီ၊ နေကြာသာယာကုန်းလမ်း၊ ပုဇွန်တောင်မြို့နယ်၊ (၂)ရပ်ကွက်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၅၁၃၀၉၇၃၊ ၀၉-၉၇၄၅၃၃၇၇၂**

## အများသိစေရန် ကြေညာခြင်း

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ဒိုင်းဝန်ကွင်းအောက်ကျင်းရပ်ကွက်၊ မွန်လမ်း၊ အမှတ်(၃၇)ဟုခေါ်တွင်သော အဆောက်အဦနှင့် ၎င်းအဆောက်အဦတည်ရှိရာ မော်လမြိုင်မြို့နယ်၊ အကွက်အမှတ်(၄-အောက်ကျင်းရပ်ကွက်)၊ ဦးပိုင်အမှတ်(၃၀)၊ မြေချိန်ဧရိယာ(၀.၁၃၃)ဧက(ထာဝရဂရန်)မြေကွက်အား အဖဦးဂျလီ၏ သမီးများဖြစ်သော ဒေါ်ရဆူဘီ(အေဂျီ ၂၄၃၂၇၂ နှင့် ဒေါ်ဘီဘီ(အေဂျီ ၂၄၃၂၇၃)(ကွယ်လွန်သူများ)တို့နှစ်ဦးသည် မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိရုံး၏ မှတ်ပုံတင်စာချုပ်အမှတ်/၄၈/၂၀၀၃ အရ အမွေဆက်ခံပိုင်ဆိုင်ထားကြသူများဖြစ်ကြပါသည်။

အဆိုပါမြေနှင့် အဆောက်အဦအပါအဝင် ဆိုင်ရာဆိုင်ခွင့်အရပ်ရပ်ကို ဒေါ်ရဆူဘီ၏သားဖြစ်သူ ဦးကျော်မြင့် (ခ)ဦးအီစွပ် (ကွယ်လွန်သူ)၏ ဇနီးဖြစ်သူ ဒေါ်စန်းစန်းမြင့်(ခ)ဒေါ်ရရှီဒါဘီ(ခ)ဒေါ်လုံးတုံး၏ အတိအလင်းသဘောတူညီချက်မရှိဘဲ မည်သူမဆို ရောင်း၊ ပေါင်၊ ငှား၊ ဖလှယ်၊ ပေးကမ်းလှူဒါန်းခြင်း၊ အာမခံအဖြစ် တင်သွင်းခြင်းစသည့် တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းမပြုလုပ်ရန်ကိုလည်းကောင်း၊ ဒေါ်စန်းစန်းမြင့်(ခ)ဒေါ်ရရှီဒါဘီ(ခ)ဒေါ်လုံးတုံးက မည်သူတစ်ဦးတစ်ယောက်ကိုမျှ အထွေ/အထူးကိုယ်စားလှယ်လွှဲအပ်ထားခြင်းလည်းမရှိပါကြောင်းကိုလည်းကောင်း၊ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့် မြို့နယ်၊ ဖို့မြေရပ်ကွက်၊ (၁၀၁)လမ်း၊ အမှတ်(၅) မြေညီထပ်နေ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်စန်းစန်းမြင့်(ခ) ဒေါ်ရရှီဒါဘီ(ခ)ဒေါ်လုံးတုံး၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးလှမောင် B.A(Phi), H.G.P, R.L**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၉၁၀/၈၀)**
**အမှတ်(၉၅)၊ (၃)လွှာ/ညာ(၁၀၁)လမ်း၊ ဖို့မြေရပ်ကွက်၊**
**မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ Phone:09-977359569**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂/မြောက်၊ မြေကွက်အမှတ် ၂၀၆/က၊ ဧရိယာ(၂၀'x၆၀')၊ မြေကွက်တည်နေရာအမှတ်(၂၀၆/က)၊ အနော်မာ(၁၈)လမ်းအရှေ့၊ ၂/မြောက်ရပ်ကွက်၊ သာကေတမြို့နယ်၊ ဒေါ်သန်းရွှေ[၁၂/သကတ (နိုင်)၁၀၉၀၃၅]အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား အမည်ပေါက် ဒေါ်သန်းရွှေအပေါ် (တရားပြိုင်)ထားကာ ဦးအောင်နိုင်ဦးမှ (တရားလို)ပြုလုပ်၍ သာကေတမြို့နယ်၊ တရားရုံး တရားမကြီးမှုအမှတ် (၂၄/၂၀၂၃)ဖြင့် ကတိပဋိညာဉ်အတိုင်း တရားဝင်မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ပြုလုပ်ချုပ်ဆိုပေးစေလိုမှုဖြင့် တရားစွဲဆိုခဲ့ခြင်းအပေါ် အနိုင်ဒီကရီချမှတ်သည့် (၃-၈-၂၀၂၃)ရက်စွဲပါစီရင်ချက်ဒီကရီ၊ တရားမဇာရီမှုအမှတ်-၃၆/၂၀၂၃ ဖြင့် ဘီလစ်ခန့်အပ်ကြောင်း၊ အမိန့်ချမှတ်သည့်(၃-၁၀-၂၀၂၃) ရက်စွဲပါ တရားရုံးနေ့စဉ်မှတ်တမ်းတာဝန်ခံမိတ္တူမှန်၊ သာကေတမြို့နယ် တရားရုံး၏ (၁၁-၁၀-၂၀၂၃)ရက်စွဲပါ စာအမှတ်-၈၁၃/ဇာရီ-၃၆/၂၀၂၃ ဖြင့် တရားရုံးကိုယ်စား တရားရုံးအရာရှိအဖြစ် ဘီလစ် ဒေါ်မိုးပပမျိုး[၁၂/ဥကတ (နိုင်)၁၄၈၈၅၇]က လက်မှတ်ရေးထိုးမည်ဖြစ်၍ လိုအပ်သော မြေပုံမြေရာဇဝင် ကူးယူခွင့်ပြုပါရန် ဌာနသို့အကြောင်းကြားသည့်စာ၊ ဘီလစ်ခန့်စာ၊ ဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြား တို့တင်ပြ၍ တရားရုံးကိုယ်စား ဘီလစ် ဒေါ်မိုးပပမျိုးမှ အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ (၁၁)ရပ်ကွက်၊ ၃၁-လမ်း (အထက်)၊ အမှတ် (၁၈၈/၁၉၀)ဟုခေါ်တွင်သော (၄ )ခန်းတွဲ ( ၃ )ထပ်တိုက်၏ ၃-ထပ် (ယာ)၊ အကျယ်အဝန်း (၁၂½x ၅၀ )ပေရှိ တိုက်ခန်း (၁)ခန်းနှင့် ယင်းတိုက်ခန်း၌ တွယ်ကပ်တပ်ဆင်ထားသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို နစီမားဘာနူး (ခ)ယဉ်ယဉ်အေး [၁၂/ပဘတ(နိုင်)၀၀၀၉၆၆]၊ မဖရ်ဇာနာ(ခ)ကေဇင်အေး [၁၂/ပဘတ(နိုင်)၀၀၃၂၁၆]နှင့် မိုဟာမက်အစ်မာအီလ်(ခ)အေးဝင်း [၁၂/ပဘတ(နိုင်)၀၂၂၉၂၅]တို့မှ အမွေဆက်ခံပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသည့်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးအောင်သူရ [၁၂/တတန(နိုင်)၂၅၆၅၄၄]က ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ တိုက်ခန်းအရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာစာပါရှိသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်အထောက်အထားများဖြင့် ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူများမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်မာမာသိန်း (LL.B) ဒေါ်နီနီဝင်း (LL.B) ဦးထွန်းသူအောင် (LL.B)**
**(စဉ်-၈၇၉၂) (စဉ်-၅၁၇၁၈) (စဉ်- ၅၅၇၆၄)**
**တရားလွှတ်တော်ရှေ့နေ အထက်တန်းရှေ့နေများ**
**အမှတ်- ၃၆၊ မြေညီထပ်၊ ၈၉-လမ်း၊ ကန်/နောက်ရပ်ကွက်၊**
**မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း- ၀၉-၅၀၈၈၆၀၅၊ ၀၉- ၅၀၆၄၉၅၉**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ မနော်ဟရီလမ်း၊ အမှတ် (၁၀၀/ခ) ဟုခေါ်တွင်သော (၂)ခန်းတွဲ (၃)ထပ်ခွဲ (၅)ထပ်တိုက်၏ တတိယထပ် (၄-လွှာ) (ခြေရင်းခန်း) (တိုက်ကို မျက်နှာမူလျှင်-ဘယ်ဘက်)၊ အကျယ်အဝန်း (၁၂½x ၅၀)ပေရှိ တိုက်ခန်း(၁)ခန်းနှင့် ယင်းတိုက်ခန်း၌ တွယ်ကပ်တပ်ဆင်ထားသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်ဇင်မာဦး [၁၂/ရပသ(နိုင်)၀၈၇၇၇၁၀] မှ တရားဝင်ဝယ်ယူပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသည့်အတွက် ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ တိုက်ခန်းအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာစာပါရှိသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူများမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်မာမာသိန်း (LL.B) ဒေါ်နီနီဝင်း (LL.B) ဦးထွန်းသူအောင် (LL.B)**
**(စဉ်-၈၇၉၂) (စဉ်-၅၁၇၁၈) (စဉ်- ၅၅၇၆၄)**
**တရားလွှတ်တော်ရှေ့နေ အထက်တန်းရှေ့နေများ**
**အမှတ်- ၃၆၊ မြေညီထပ်၊ ၈၉-လမ်း၊ ကန်/နောက်ရပ်ကွက်၊**
**မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း- ၀၉-၅၀၈၈၆၀၅၊ ၀၉- ၅၀၆၄၉၅၉**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့ နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃၆)၊ မြေကွက်အမှတ်(၃၄၈)၊ (အလျား၄၀ပေx အနံ၆၀ပေ)အကျယ်အဝန်းရှိ ဦးသိန်းဝင်း [၁၂/သကတ(နိုင်)၀၁၇၆၉၄] အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို ဒေါ်စန်းစန်းမြင့်[၁၂/ဥကတ(နိုင်)၂၀၆၉၃၇] မှ ဥပဒေနှင့်အညီ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုပြောဆိုလာရာ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ ၎င်းအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးမောင်မောင်ချစ်(စလင်း) LL.B** | **ဒေါ်မိုးယုနွယ်** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၇၄၇ )** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၉၂၄ )** |
| **Ph-09-954280932** | **LL.B, D.B.L, D.I.L, D.M.L,** |
| **အမှတ်(၈၁)၊ တကောင်း(၅)လမ်း၊** | **WIPO(Switzerland)** |
| **(၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။** | **Ph:09-420080932,09-983837110** |

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ အမှတ်(၂၆)ရပ်ကွက်၊ ပိတောက်လမ်း၊ မြေတိုင်းရပ်ကွက်(န/၅၃)၊ မြေကွက်အမှတ်(၄၆၂/က)ဟုခေါ်တွင်သော (ပေ၂၀ x ၆၀ ပေ)ရှိ ဒေါ်လှရီ အမည်ပေါက် ပါမစ်မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသော (၄)ခန်းတွဲ အဆောင်အပါအဝင် ဒေါ်အေးအေးအောင် အမည်ပေါက် မီး မီတာ၊ ဂျိုးဖြူ ရေနှင့်မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင် လက်ဝယ်ထားပိုင်ဆိုင်၍ အပြီးအပိုင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်အေးအေးအောင် [၁၂/ရပသ(နိုင်)၀၁၇၉၉၈] ထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးဝေမင်းသူ+မချောစု (၎င်းတို့၏ကိုယ်စား) မိခင်ဖြစ်သူ ဒေါ်သန်းဆွေ [၉/မခန(နိုင်)၀၉၆၈၅၃]က (၂၄-၁-၂၀၂၄)ရက်နေ့တွင် နှစ်ဦးသဘောတူ မြေကွက်အပြီးအပိုင် အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူ၍ လက်ရောက်ရယူပိုင်ဆိုင်ခဲ့ပါသည်။ ထို့ကြောင့် အဆိုပါ မြေကွက်နေအိမ်နှင့်ပတ်သက်၍ ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးဝေမင်းသူ+မချောစု (၎င်းတို့၏ကိုယ်စား) မိခင်ဖြစ်သူ ဒေါ်သန်းဆွေသာလျှင် တရားဝင်ပိုင်ဆိုင်၍ ၎င်းတို့၏ သဘောတူခွင့်ပြုချက်မရှိဘဲ မည်သူတစ်ဦးတစ်ယောက်မျှ ယင်းမြေကွက်နှင့်အဆောင်အား လွှဲပြောင်းရောင်းချခြင်း၊ ငှားရမ်းခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ အာမခံအဖြစ်ထားရှိခြင်း၊ အလွဲသုံးစားပြုခြင်း၊ မတရားကျူးကျော်ဝင်ရောက်ခြင်းများ လုံးဝ (လုံးဝ) မပြုလုပ်ပါရန်နှင့် အကယ်၍ တားမြစ်ထားသည်များကို ပြုလုပ်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ခင်သန်းဆွေ (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၈၈၅)**
**ရှေ့နေများ၊ နားနေခန်း၊ စုပေါင်းရုံးဝင်း အင်းစိန်မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း - ၀၉-၄၄၂၈၇၉၅၀၆၊ ၀၉-၇၉၆၃၄၀၄၁၃**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၄၈ $U_{10}$၊ မြေကွက်အမှတ်-၁၅၅၊ ဧရိယာ(၀.၁၁) ဧက၊ မြေအမျိုးအစား - နှစ် (၆၀) ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ အမှတ်(၁၅၅)၊ ပြည်ချမ်းသာ(၄) လမ်း၊ ၄၈ $U_{10}$-ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော မြေနှင့်အကျိုးခံစားခွင့်အရပ်ရပ်တို့၏ မြို့မြေစာရင်းအမည်ပေါက်ပိုင်ရှင် (၁)ဒေါ်ဇင်မီမီဆွေ [၇/တငန(နိုင်)၁၁၈၉၅၄]၊ (၂) ဒေါ်နှင်းနှင်းလွင် [၇/ကတခ(ဧည့်)၀၀၀၂၀၅] တို့က မိမိတို့တရားဝင်လက်ဝယ်ထားရှိ ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် နှစ်ဖက်သဘောတူညီထားသည့် ရောင်းဖိုးငွေအနက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက် ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဦးအေးမင်းဇော်** | **ဦးကျော်မင်းနိုင်** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၇၆၅)** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၇၆၃)** |

**အမှတ်(၄၆)၊ ပထမထပ် (ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်း/မြောက်-ရပ်ကွက်၊ သုခလမ်း၊ တိုက်အမှတ်(၄၀)မှ (ပထမထပ်) တိုက်ခန်းအရောင်းအဝယ်ပြုလုပ်ခြင်းအား ကန့်ကွက်နိုင်ပါသည်

အထက်လိပ်စာပါ တိုက်ခန်းကို တရားဝင်လက်ဝယ်ထားပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်သော ဒေါ်စန်းရီ [၁၂/စခန(နိုင်)၀၄၂၇၈၁]ထံမှ ဦးအောင်မိုး [၁၂/တတန(နိုင်)၀၄၅၃၃၉]က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုအထောက်အထားမူရင်းများ ပြည့်စုံခိုင်လုံစွာဖြင့် ဤကြော်ငြာစာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်မှုမရှိပါက တိုက်ခန်းအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးအောင်မိုး၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်မာလာ (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၅၂၀)**
**တိုက်(၅)၊ အခန်း(၀၀၈)၊ အေးရိပ်မွန်(၉)လမ်း၊ (၅) ရပ်ကွက်၊ လှိုင်မြို့နယ်။ ဖုန်း-၀၉-၅၁၈၁၈၂၀**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၆၊ မြေကွက်အမှတ်-၆၄၈၊ ဧရိယာ(အလျား ၂၅ပေ x အနံ ၅၀ပေ)ရှိ ဦးဝင်းမောင် (DE-၀၀၀၇၁၇) အမည်ပေါက်လျက်ရှိသည့် ပါမစ်မြေကွက်နှင့် ပတ်သက်၍ ပါမစ်မြေကွက်အပါအဝင် အမှတ်(၆၄၈)ရှိ အဲမွန်လမ်း၊ မြို့မ(၄)ရပ်ကွက်၊ ဒလမြို့နယ်ဟုခေါ်တွင်သည့် တစ်ထပ်တိုက်အဆောက်အဦနှင့် ပတ်သက်၍ တရားဝင်ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူကာ လက်ရှိထားပိုင်ဆိုင်ကြောင်းနှင့် ရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးနော်မန်း [၁၂/မဂတ(နိုင်)၀၉၄၃၅၄] ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဝတ်ရည်ထွန်း [၁၂/တမန(နိုင်) ၀၉၈၆၄၄] ကိုင်ဆောင်သူမှ ဝယ်ယူရန်အတွက် ရောင်းကြေးငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ မြေကွက်နှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ယနေ့မှစ၍ (၁၀)ရက်အတွင်း ခိုင်လုံသော အထောက်အထားမူရင်းနှင့်တကွ ကျွန်ုပ်ထံသို့ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွား မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စန်းစန်းမော် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၆၄၈၇/၁၉၉၇)**
**အမှတ်(၅၀)၊ ဘဏ်လမ်း၊ အခန်း(D2)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၁၉၃၈၈၄၊ ၀၉-၇၆၅၁၉၃၈၈၄**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ဇ/မြောက်ရပ်ကွက်၊ သရက်တောလမ်း၊ ခြံအမှတ် က/၅၊ ၄ ခန်းတွဲ ၈½ ထပ် အဆောက်အဦ၏ အခန်းအမှတ်- ၂- စီ၊ ဒုတိယထပ်၊ ၃ လွှာ ကွန်ဒိုတိုက်ခန်းနှင့် နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်လွှဲပြောင်းရောင်းချခွင့်ရှိသူများဖြစ်ကြောင်းနှင့် ရောင်းချလိုကြောင်း ဦးကျော်နေထွန်း[၁၂/ပဇတ (နိုင်)၀၃၁၄၅၇]၊ ဒေါ်အိအိမြသန်း [၁၂/ဒဂန(နိုင်)၀၃၂၃၂၁] ကိုင်ဆောင်သူတို့က အဆိုပြုကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးဖေယျာမြင့် [၁၂/ဒဂမ(နိုင်)၀၁၁၆၇၂] နှင့် ဒေါ်ချိုမီခိုင် [၁၁/သတန(နိုင်)၀၅၆၇၄၀] ကိုင်ဆောင်သူတို့က သဘောတူလက်ခံ၍ လက်ရောက် အပိုင်ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှု အထောက်အထား စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက တိုက်ခန်းအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးဖေယျာမြင့်နှင့် ဒေါ်ချိုမီခိုင်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးမြတ်ဝေချို[B.A (Law), LL.B] တရားလွှတ်တော်ရှေ့နေ (စဉ်- ၆၁၅၀)**
**အမှတ်- ၇၀၂(မြေညီ)၊ ကျော်သူ(၁၆)လမ်း၊ (၉)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း - ၀၉ -၂၅၄၃၄၅၇၄၆၊ ၀၉-၉၇၁၈၁၁၉၈၁**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၂၇)ရပ်ကွက်၊ မြေကွက်အမှတ်(၂၂၅)၏ မြေအကျယ်အဝန်း (၄၀x၆၀)ပေရှိ ဦးဟန်ကြီး[၇/ရကန(နိုင်)၀၀၁၈၈၉]အမည်ပေါက် မြေချပါမစ် မြေအမျိုးအစား မြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဦးသက်ဇော်ဦး[၈/အလန(နိုင်)၁၅၁၄၁၅] ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူမှ ဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ယခုကြော်ငြာပါသည့်ရက်မှစ၍(၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားများဖြင့် လူကိုယ်တိုင်လာရောက် ကန့်ကွက်အရေးဆိုနိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဦးဇော်မျိုးအောင်(စဉ်-၁၁၄၆၂)** | **ဒေါ်ခင်အေးသန်း(စဉ်-၉၁၁၉)** |
| **(LL.B,D.I.L)** | **(LL.B,D.B.L,D.I.L,WIPO switzerland** |

**(တရားလွှတ်တော်ရှေ့နေများ)**
**အမှတ်(၁၀/၁၂)၊ ပထမထပ်၊ ၃၅-လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၂၅၃၁၁၈၀၁၄၊ ၀၉-၄၂၀၂၆၆၀၆၁၊ ၀၉-၄၅၇၇၅၁၂၄၁**

## "ကန့်ကွက်နိုင်ပါသည်"

ရန်ကုန်တိုင်းဒေသကြီး၊ ဥက္ကံမြို့နယ်၊ ဥက္ကံရွာမကျေးရွာ၊ ကွင်းအမှတ်-၈၃၇(ဘီ)၊ ကွင်းအမည်-(သက်သာမြောက်)၊ ဦးပိုင်အမှတ်-(၉၃/၁၆)အရ မြေဧရိယာ-(၀. ၁၅)ဧကရှိ မြေကွက်အနက်မှ မြေအကျယ်အဝန်း-(အလျား=ရှေ့-၅၆'/နောက်-၄၂'×အနံ-၈၂')ရှိ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရောက်ပိုင်ဆိုင်သူ **ဒေါ်ဝါဝါခင်** ( ၁၂/မရက(နိုင်)၀၁၅၀၂၀ )ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရံငွေပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါမြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထားဖြင့် ကျွန်ုပ်ထံ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းနေ့ရက်နောက်ပိုင်းတွင် အရောင်းအဝယ်အပြီးစာချုပ်ကို ချုပ်ဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခိုင်ဇင်လတ်(ဥပဒေဘွဲ့)**
**အထက်တန်းရှေ့နေ(စဉ်-၃၇၉၅၀)**
အမှတ်-(၁၇၆)၊ ပထမထပ်၊ မိဘရိပ်မွန်အိမ်ရာ၊ ဗိုလ်တထောင်ဘုရားလမ်း၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း- ၀၁-၈၃၉၇၂၃၄၊ ၈၃၉၇၂၃၅၊၈၂၉၆၁၃၂။

# ကျေးဇူးတင်လွှာ

21–1–2024 (တနင်္ဂနွေနေ့) (နံနက် ၁၀း၁၀ နာရီအချိန်)တွင် ဘဝတစ်ပါးသို့ ကူးပြောင်းကွယ်လွန်သွားသော ဘုရား၊ သိမ်၊ ကျောင်းအလှူ့ရှင် ဒါယိကာမကြီး ဒေါ်ရှောက်စုကျန် (အသက် ၉၆ နှစ်)၏ ဈာပနသို့ လွမ်းသူ့ပန်းခွေများ၊ လွမ်းသူ့ပန်းခြင်းများ၊ ပန်းတိုင်များနှင့် ဂါရဝပြုလက်ဆောင်များ ပေးပို့ကြသည့် ဆွေမျိုးမိတ်သင်္ဂဟများ၊ စီးပွားရေးလုပ်ငန်းရှင်ကြီးများ၊ ဘဏ်များ၊ ကုမ္ပဏီများမှ အကြီးအကဲများ၊ မိတ်ဆွေများနှင့် လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိပုဂ္ဂိုလ်များအားလုံးကို ကျန်ရစ်သူ မိသားစုက အထူးကျေးဇူးဥပကာရတင်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

ကြည်ညိုလေးစားရပါသော ကျေးဇူးရှင် သဲဖြူတောရနှင့် မဟာမြိုင်တောရ ဆရာတော်ဘုရားကြီးနှင့်တကွ ဓမ္မဓရဝါဆိုကျောင်းတိုက်ဆရာတော်ဘုရားကြီး၊ မဟာသုန္ဒရာရာမကျောင်းတိုက် ဆရာတော်ဘုရားကြီးတို့အား ဦးထိပ်ပန်ဆင်လျက် မြဝတီသီလရှင်စာသင်တိုက်မှ ဆရာကြီး၊ ဆရာလေးများအားလည်းကောင်း။

သင်္ဂြိုဟ်ခြင်း၊ လွမ်းသူ့ပန်းခြင်းနှင့် လွမ်းသူ့ပန်းခွေ ပေးပို့ပါသော ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း(ငြိမ်း)နှင့် ဇနီး ဒေါ်နန်းရွှေမှုံ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး၊ လူကိုယ်တိုင်လာရောက်၍ အားပေးနှစ်သိမ့်စကားပြောကြားပေးပါသော မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ်(မန္တလေးမြို့) Mr. Chen Chen နှင့်ဇနီး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးမောင်ကို(ငြိမ်း)၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်(ငြိမ်း)နှင့် ဇနီး ဒေါ်မြတ်ငွေ၊ ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်(ငြိမ်း)နှင့်ဇနီး၊ ဒုတိယဗိုလ်ချုပ်ကြီးအောင်စိုး(ငြိမ်း)နှင့်ဇနီး၊ ဗိုလ်ချုပ်ကျော်ကျော်လွင်၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ(မြို့တော်ဝန်) ဦးကျော်ဆန်းနှင့် ကော်မတီဝင်များအားလည်းကောင်း။

မန္တလေးမြို့တော် ပြည်သူ့ကျန်းမာရေးနှင့် မြို့ပြဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေရှာဖွေရေးကော်မတီမှ အဖွဲ့ဝင်ပုဂ္ဂိုလ်များ၊ မန္တလေးမြို့ပေါ်ရှိ တရုတ်ဗုဒ္ဓဘာသာဘုံကျောင်းများမှ အကြီးအကဲများ၊ ဌာနဆိုင်ရာများမှ အကြီးအကဲများနှင့် မိတ်ဆွေများ၊ New Starlight Group of Companies မှ BOD အဖွဲ့ဝင်များနှင့် ဝန်ထမ်းများ၊ မင်္ဂလာမန္တလေးမိသားစုများ၊ မိခင်ကြီး ဒေါ်ရှောက်စုကျန်၏ ဈာပနအောင်မြင်ပြီးမြောက်အောင် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြပါသော မိတ်ဆွေများအားလုံးတို့အားလည်းကောင်း၊ မိခင်ကြီး ဒေါ်ရှောက်စုကျန်အား အထူးဂရုစိုက်၍ ကုသပေးပါသော ပါမောက္ခသမားတော်ကြီး ဒေါက်တာအေးအေးချစ်၊ ပါမောက္ခ ဒေါက်တာကျော်စိုးဝင်း၊ ပါမောက္ခဒေါက်တာအေးအေးအေး၊ ပါမောက္ခ ဒေါက်တာသန္တာထွန်းနှင့် ဆရာဝန် ဆရာမများ၊ သူနာပြုများတို့အားလည်းကောင်း ကျန်ရစ်သူမိသားစုများက အထူးကျေးဇူးဥပကာရတင်ရှိပါကြောင်း လေးစားစွာဖော်ပြအပ်ပါသည်။

**ကျန်ရစ်သူမိသားစုများ**
**ဦးကျော်ကျော်ဝင်း + ဒေါ်မေရင်**
**(ဥက္ကဋ္ဌ၊ New Starlight Group of Companies)**
**မန္တလေးမြို့။**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့်စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလ ငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

**❖ အုပ်ချုပ်မှုပိုင်းဆိုင်ရာ တာဝန်ရှိသူများက စီမံခန့်ခွဲခြင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ဆောင်သူများက ကုန်ကြမ်းများထုတ်လုပ်ခြင်း၊ ကုန်ထုတ်လုပ်သူများက ထုတ်ကုန်များ ဆောင်ရွက်ကြခြင်းဖြစ်ပြီး ထုတ်ကုန်များ ထုတ်လုပ်နိုင်မှသာ ရောင်းဝယ်ခြင်းဝန်ဆောင်မှုများ ဖြစ်ပေါ်လာမည်ဖြစ်သဖြင့် ကိုင်းကျွန်းမှီ၊ ကျွန်းကိုင်းမှီ အပြန်အလှန် မှီခိုနေရခြင်းကြောင့် အပြန်အလှန် အကျိုးရှိစေရေး ဆောင်ရွက်ပေးနိုင်ရေး တိုက်တွန်းပြောကြားလို...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂ ရက်နေ့တွင် ပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI) ညီနောင်အသင်းအဖွဲ့များနှင့်တွေ့ဆုံ၍ နိုင်ငံ့စီးပွားမြှင့်တင်နိုင်ရေး ကိစ္စရပ်များ ဆွေးနွေးပွဲမှ အမှာစကားကောက်နုတ်ချက်)

**ယနေ့ ဖတ်စရာ**

**ဘီးလင်းမြို့နယ်အတွင်း ဌာနဆိုင်ရာရုံးများတွင် ဖုံးခိုကျင်းများတူးကြရန် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ညွှန်ကြားထားကြောင်း သတင်းတု၊ သတင်းအမှားများကို လူမှုကွန်ရက်တွင် မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ**

စာမျက်နှာ » ၁၇

**၂၀၂၃ ခုနှစ်တွင် ဂျပန်နိုင်ငံသို့ ဝင်ရောက်သည့် နိုင်ငံခြားခရီးသွား ခြောက်ဆတိုးလာ**

စာမျက်နှာ » ၁၈

## မြန်မာ့ပဲတီစိမ်းကို လာမည့်ဖေဖော်ဝါရီ ဒုတိယပတ်တွင် ပြည်ပသို့တင်ပို့နိုင်ရန် မျှော်မှန်းထား

ရန်ကုန် ဇန်နဝါရီ ၂၇

မြန်မာ့ပဲတီစိမ်းကို လာမည့် ဖေဖော်ဝါရီ ဒုတိယပတ်တွင် ပြည်ပသို့ တင်ပို့နိုင်မည်ဟု မျှော်မှန်းထားကြောင်း ပဲမျိုးစုံရောင်းဝယ်ရေးအသိုင်းအဝိုင်းမှ သိရသည်။

**စာချုပ် ချုပ်ဆိုနိုင်သောကာလဖြစ်**

လာမည့် ဖေဖော်ဝါရီ ဒုတိယပတ်ကာလတွင် မြန်မာနိုင်ငံအရပ်ရပ်ရှိ ပဲတီစိမ်းစိုက်ပျိုးသည့်ဒေသစုံမှ ပဲတီစိမ်းများ ပေါ်ချိန်ဖြစ်သဖြင့် ပြည်ပသို့ ပဲတီစိမ်းတင်ပို့မှုများအတွက် နိုင်ငံတကာနှင့် စာချုပ် ချုပ်ဆိုနိုင်သော ကာလဖြစ်ကြောင်း သိရသည်။ “ပြည်ပတင်ပို့မှုကျတော့ ခုချိန် နည်းနည်းစောနေတယ်။ သူတို့အရောင်းပိုင်းက သီးနှံအထွက်ကို

စာမျက်နှာ ၁၄ ကော်လံ ၅ သို့ ✷




## အက်ဖ်အေဖလား စတုတ္ထအဆင့်ပွဲစဉ်၌ မန်စီးတီးက စပါးကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရ

စပါးအသင်းနဲ့ မန်စီးတီးအသင်းတို့ ဇန်နဝါရီ ၂၆ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ အက်ဖ်အေဖလားစတုတ္ထအဆင့်ပွဲစဉ်မှာ မန်စီးတီးအသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပါတယ်။

အဲဒီပွဲစဉ်မှာ မန်စီးတီးအသင်းအတွက် တစ်လုံးတည်းသောအနိုင်ဂိုးကို ဒုတိယပိုင်းပွဲကစားချိန် ၈၈ မိနစ်မှာ နက်သန်အကဲက သွင်းယူပေးခဲ့တာဖြစ်ပါတယ်။ မန်စီးတီးအသင်းအနေနဲ့ စပါးအသင်းရဲ့ အိမ်ကွင်းကို သွားရောက်ကစားခဲ့တဲ့ ပွဲစဉ်ခြောက်ပွဲမှာ ပထမဆုံးအကြိမ် နိုင်ပွဲရရှိခဲ့ခြင်းလည်းဖြစ်ပါတယ်။

မန်စီးတီးအသင်းဟာ ပြီးခဲ့တဲ့ဘောလုံးရာသီက တစ်ရာသီအတွင်း ပရီမီယာလိဂ်ဖလား၊ အက်ဖ်အေဖလားနဲ့ ချန်ပီယံလိဂ်ဖလားတို့ကို ရယူနိုင်ခဲ့တဲ့အသင်းဖြစ်ပြီး လက်ရှိအချိန်မှာလည်း ဘောလုံးရာသီ တစ်ရာသီအတွင်း ပရီမီယာလိဂ်ဖလား၊ အက်ဖ်အေဖလားနဲ့ ချန်ပီယံလိဂ်ဖလားတို့ကို ရယူနိုင်ရေး မျှော်လင့်လျက်ရှိနေတာဖြစ်ပါတယ်။

စာမျက်နှာ ၉ ကော်လံ ၁ သို့ ☆



စပါးအသင်းနှင့် မန်စီးတီး အသင်းတို့ အက်ဖ်အေ ဖလား စတုတ္ထအဆင့် ပွဲစဉ် ယှဉ်ပြိုင်စဉ်။

## MFF ဖူဆယ်လိဂ်-၂ ပြိုင်ပွဲ ပွဲစဉ်(၇)တွင် ထိပ်ဆုံးသုံးသင်း နိုင်ပွဲဆက်

ရန်ကုန် ဇန်နဝါရီ ၂၇

MFF ဖူဆယ်လိဂ်-၂ ပြိုင်ပွဲ ပွဲစဉ်(၇)ကို ဇန်နဝါရီ ၂၇ ရက်က ရန်ကုန်မြို့ သုဝဏ္ဏဘောလုံးကွင်းရှိ MFF ဖူဆယ်အားကစားရုံ၌ ဆက်လက်ကျင်းပရာ ဇယားထိပ်ဆုံး သုံးသင်းစလုံး နိုင်ပွဲရရှိခဲ့သည်။

ပွဲစဉ်(၇)တွင် TG United အသင်းက SGF အသင်းကို သုံးဂိုး-တစ်ဂိုး၊ Sun Far အသင်းက KKY အသင်းကို လေးဂိုး-နှစ်ဂိုး၊ YRG အသင်းက Seven အသင်းကို ခုနစ်ဂိုး-ဂိုးမရှိ၊ ရွှေပြည်သာအသင်းက M-Million အသင်းကို ခုနစ်ဂိုး-သုံးဂိုးဖြင့် အနိုင်ရပြီး Noka United အသင်းနှင့် Black Cross အသင်းတို့ နှစ်ဂိုးစီသရေ၊ Maryar အသင်းနှင့် Golden Yoma အသင်းတို့ တစ်ဂိုးစီသရေကျခဲ့သည်။

ပွဲစဉ်(၇)အပြီးတွင် TG United အသင်းက ရမှတ် ၁၈ မှတ်ဖြင့် ထိပ်ဆုံးတွင် ဦးဆောင်လျက်ရှိပြီး YRG အသင်းက ၁၇ မှတ်၊ Sun Far အသင်းက ၁၅ မှတ်၊ Black Cross အသင်းနှင့် ရွှေပြည်သာအသင်းက ၁၃ မှတ်စီ၊ SGF အသင်းက ၁၀ မှတ်၊ KKY အသင်းနှင့် Golden Yoma အသင်းက ကိုးမှတ်စီ၊ Maryar အသင်းက ခုနစ်မှတ်၊ M-Million အသင်းက ခြောက်မှတ်၊ Seven အသင်းက သုံးမှတ်၊ Noka United အသင်းက တစ်မှတ်ရရှိထားသည်။

ကိုညီလေး